The Mirror Daily
၁၉၅၇ ဧပြီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957

**မည်သည့်ဘေးမျှမရှိတော့**

ကောင်းမှု၊ မကောင်းမှုကို ပယ်ပြီးသော၊ ရာဂ ဒေါသ စသည်တို့ကို ပယ်ပြီးသော နိုးကြားသောပုဂ္ဂိုလ်(ရဟန္တာ)၏ စိတ်သည် ပညာနှင့် ပြည့်စုံသဖြင့် မည်သည့်ဘေးမျှ မရှိတော့ဘဲ ချမ်းသာ၏။

စိတ္တဝဂ်(ဓမ္မပဒ-၃၉)

၁၃၇၉ ခုနှစ် ဝါဆိုလကွယ်၊ တနင်္ဂနွေနေ့။ Sunday, 23 July 2017 (၈၉၉၄)



## ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ အမေရိကန်နိုင်ငံ နယူးယောက်မြို့မှ ပြန်လည်ထွက်ခွာ

သတင်း စာမျက်နှာ - ၃

## မြန်မာ့ဒီမိုကရေစီရပ်ရှင်ပွဲတော် စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေး အငြိမ့်ပြိုင်ပွဲများ၊ ပဒေသာကပွဲများ တွဲဖက်ကျင်းပသွားမည်

သတင်း စာမျက်နှာ - ၅

## ဘဏ္ဍာရေးနှစ်အပြောင်းအလဲနှင့် မြန်မာနိုင်ငံ

သတင်း စာမျက်နှာ - ၆

## မောင်တောမြို့နယ်အတွင်း မိုးစပါးဧက ၇၀၀၀၀ ကျော် စိုက်ပျိုးမည်

သတင်း စာမျက်နှာ - ၈

### တစ်နှစ်လျှင် သန်း ၅၀၀ ထုတ်လုပ်နိုင်မည့်

# ဆေးပြား၊ ဆေးတောင့် ထုတ်လုပ်မှုအဆောက်အအုံ ဖွင့်လှစ်

**ရန်ကုန် ဇူလိုင် ၂၂**

စက်မှုဝန်ကြီးဌာန မြန်မာ့ဆေးဝါးလုပ်ငန်း ဆေးဝါးစက်ရုံ(အင်းစိန်)၏ ဆေးပြား၊ ဆေးတောင့် ထုတ်လုပ်မှုအဆောက်အအုံဖွင့်ပွဲ အခမ်းအနားကို ယနေ့ နံနက် ၈ နာရီခွဲက ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ် ဆေးဝါးစက်ရုံ(အင်းစိန်)ဝင်းအတွင်းရှိ New BPI စီမံကိန်းနေရာတွင် ကျင်းပသည်။

အခမ်းအနားကို စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချို၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး၊ ရန်ကုန်တိုင်းဒေသကြီး လျှပ်စစ်၊ စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဒေါ်နီလာကျော်၊ မြန်မာနိုင်ငံဆိုင်ရာ ဘရာဇီးနိုင်ငံ သံအမတ်ကြီး H.E. Antonio J.M.de souza e silva နှင့် မြန်မာ့ဆေးဝါးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးကိုကိုအောင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

**စာမျက်နှာ ၃ ကော်လံ ၃ သို့ ✱**



**ဆေးပြား၊ ဆေးတောင့်ထုတ်လုပ်မှု လုပ်ငန်းခွင်ကို တွေ့ရစဉ်။**

# ရခိုင်ပြည်နယ် ဂွမြို့နှင့် ဝန်းကျင်ကျေးရွာများ ၂၄ နာရီ ဓာတ်အားဖြန့်ဖြူးပေးနိုင်ရန်


# အသုတ်-ဂွ ဓာတ်အားလိုင်းနှင့် ဂွဓာတ်အားခွဲရုံ ဖွင့်လှစ်

**နေပြည်တော် ဇူလိုင် ၂၂**

ရခိုင်ပြည်နယ် တောင်ဘက်အကျဆုံးဖြစ်သော ဂွမြို့နှင့်အနီးပတ်ဝန်းကျင်ကျေးရွာများ ဓာတ်အားရရှိရေးအတွက် ၆၆ ကေဗွီ အသုတ်-ဂွ ဓာတ်အားလိုင်း (၅၅ ဒသမ ၅၆)မိုင်နှင့် ၆၆/၁၁ ကေဗွီ၊ ၅ အမ်ဗွီအေ ဂွ ဓာတ်အားခွဲရုံဖွင့်ပွဲ အခမ်းအနားကို ယနေ့ နံနက် ၁၁ နာရီတွင် ရခိုင်ပြည်နယ် ဂွမြို့ ၆၆ ကေဗွီ ဂွခွဲရုံ၌ ကျင်းပသည်။

ဖွင့်ပွဲအခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်က ဂွမြို့နယ်သည် ဧရာဝတီတိုင်းဒေသကြီးနှင့် နီးကပ်လျက်ရှိသော်လည်း ရခိုင်ရိုးမကြီးခြားထားခြင်းကြောင့် နိုင်ငံတော်ဓာတ်အားစနစ်မှ ဓာတ်အားမရရှိဘဲ မီးစက်များဖြင့် တစ်နေ့လျှင် ခုနစ်နာရီခန့်သာ ဓာတ်အားဖြန့်ဖြူးပေးနိုင်ခဲ့ပါကြောင်း၊ ဂွဒေသအား နိုင်ငံတော်ဓာတ်အားစနစ်မှ ၂၄ နာရီ ဓာတ်အားဖြန့်ဖြူးပေးနိုင်ရန်အတွက် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ အသုတ်ဓာတ်အားခွဲရုံမှ အသုတ်-ဂွ ၆၆ ကေဗွီ အသုတ်-ဂွ ဓာတ်အားလိုင်း (၅၅ ဒသမ ၅၆)မိုင်တည်ဆောက်ခြင်း၊ ၂၃၀ ကေဗွီ အသုတ်ဓာတ်အားခွဲရုံ တိုးချဲ့ခြင်း၊ ၆၆/၁၁ ကေဗွီ၊ ၅ အမ်ဗွီအေ ဂွ ဓာတ်အားခွဲရုံ

**စာမျက်နှာ ၃ ကော်လံ ၁ သို့ ✱**



ပြည်တွင်းရေးရာ

# ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ အမေရိကန်နိုင်ငံ နယူးယောက်မြို့မှ ပြန်လည်ထွက်ခွာ

**ဆိုးလ် ဇူလိုင် ၂၂**

ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူနှင့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဇူလိုင် ၂၁ ရက် ဒေသစံတော်ချိန် ညနေ ၄ နာရီခွဲတွင် အမေရိကန်နိုင်ငံ နယူးယောက်မြို့ ဂျွန် အက်ဖ် ကနေဒီ(John F Kennedy) အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ကိုရီးယားလေကြောင်းလိုင်းဖြင့်ထွက်ခွာရာ ဇူလိုင် ၂၂ ရက် ဒေသစံတော်ချိန် ည ၇ နာရီ မိနစ် ၅၀ တွင် ကိုရီးယားသမ္မတနိုင်ငံ ဆိုးလ်မြို့သို့ ရောက်ရှိကြသည်။

ဒုတိယသမ္မတဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့အား ကိုရီးယားသမ္မတနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး သူရဦးသက်ဦးမောင်နှင့် တာဝန်ရှိသူများက အင်ချွန်းအပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် ဒုတိယသမ္မတနှင့် အဖွဲ့သည် စင်ကာပူလေကြောင်းလိုင်းဖြင့် စင်ကာပူမြို့သို့ထွက်ခွာပြီး ထိုမှတစ်ဆင့် ရန်ကုန်မြို့သို့ ဆက်လက်ထွက်ခွာမည်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**



**ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ အင်ချွန်းအပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိစဉ်။**

## ❋ ရခိုင်ပြည်နယ်မှ

တည်ဆောက်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့ပြီး ဓာတ်အားဖြန့်ဖြူးပေးနိုင်ခဲ့ပြီဖြစ်ပါကြောင်း။

ရခိုင်ပြည်နယ်ကို နိုင်ငံတော်စနစ်မှ ဓာတ်အားဖြန့်ဖြူးပေးနိုင်ရန် ၂၀၁၁ ခုနှစ်မှစ၍ စူးစမ်းလေ့လာတိုင်းတာခြင်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့ပြီး ၂၀၁၄ ခုနှစ် ဒီဇင်ဘာတွင် ရခိုင်ပြည်နယ် တောင်ကုတ်၊ ကျောက်ဖြူ၊ အမ်း၊ ပုဏ္ဏားကျွန်း၊ စစ်တွေ၊ သံတွဲ၊ ရမ်းဗြဲ၊ ကျောက်တော်နှင့် ပတ်ဝန်းကျင်ကျေးရွာများကို လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးနိုင်ခဲ့ပါကြောင်း၊ ၂၀၁၆ ခုနှစ်တွင် မအီ၊ မင်းပြားနှင့် ပတ်ဝန်းကျင်ကျေးရွာများကို ဓာတ်အားဖြန့်ဖြူးပေးနိုင်ရန်အတွက် ၆၆ ကေဗွီ၊ ၅ အမ်ဗွီအေ ဓာတ်အားခွဲရုံတစ်ရုံနှင့် ၂၀ အမ်ဗွီအေဓာတ်အားခွဲရုံ တစ်ရုံတို့ကို တည်ဆောက်ပြီး ထပ်မံဓာတ်အားဖြန့်ဖြူးပေးနိုင်ခဲ့ပါကြောင်း၊ ကျန်ရှိနေသည့် ဒေသများကို ဓာတ်အားဖြန့်ဖြူးပေးနိုင်ရန်အတွက် ဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံများကို ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ရခိုင်ပြည်နယ်အစိုးရအဖွဲ့ဝင် လျှပ်စစ်၊ စက်မှုနှင့်လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးအောင်ကျော်ဇံနှင့် ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် မန်းဂျော်နီတို့က ရခိုင်ပြည်နယ်အတွင်း လျှပ်စစ်ဓာတ်အားတိုးမြှင့်ဖြန့်ဖြူးရေးအတွက် ၆၆ ကေဗွီ အသုတ်-ဂွ ဓာတ်အားနှင့် ၆၆/၁၁ ကေဗွီ၊ ၅ အမ်ဗွီအေ ဂွဓာတ်အားခွဲရုံတည်ဆောက်ရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး ဒေသခံပြည်သူတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး၊ ရခိုင်ပြည်နယ်ဝန်ကြီးချုပ်၊ ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဧရာဝတီတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌတို့က ၆၆ ကေဗွီ အသုတ်-ဂွ ဓာတ်အားလိုင်းနှင့် ၆၆/၁၁ကေဗွီ၊ ၅ အမ်ဗွီအေ ဂွဓာတ်အားခွဲရုံတို့ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ရခိုင်ပြည်နယ်ဝန်ကြီးချုပ်က စက်ခလုတ်နှိပ်၍ ၆၆/၁၁ ကေဗွီ၊ ၅ အမ်ဗွီအေ ဂွဓာတ်အားခွဲရုံအား ဖွင့်လှစ်ပေးခဲ့သည်။

အဆိုပါ ၆၆ ကေဗွီ အသုတ်-ဂွ ဓာတ်အားလိုင်းနှင့် ၆၆ ကေဗွီ ဂွဓာတ်အားခွဲရုံစီမံကိန်းကို ၂၀၁၅ ခုနှစ် ဇန်နဝါရီတွင် တည်ဆောက်ရေးလုပ်ငန်းများစတင်ခဲ့ပြီး ငဝန်မြစ်ကျော်ဓာတ်အားလိုင်းတည်ဆောက်ခြင်း အပါအဝင် ရေဝပ်ဒေသ မိုင် ၂၀၊ ရခိုင်ရိုးမတောင်တန်းများ ၃၅ မိုင်ခန့်ကို ခက်ခဲစွာဖြတ်ကျော်တည်ဆောက်ပြီး ၂၀၁၇ ခုနှစ် ဇွန် ၃၀ ရက်မှစ၍ ဂွမြို့အနီးရှိ ကျေးရွာ ၁၉ ရွာမှ စုစုပေါင်းအိမ်ခြေ ၄၁၅၉ အိမ်အား နိုင်ငံတော်ဓာတ်အားစနစ်မှ ၂၄ နာရီဓာတ်အားဖြန့်ဖြူးပေးလျက်ရှိပြီး အဆိုပါ ဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံတည်ဆောက်ရေးလုပ်ငန်းများအတွက် နိုင်ငံတော်မှ ကျပ်သန်းပေါင်း ၁၀ ဒသမ ၈၈၃ သန်း သုံးစွဲဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



## ❋ ရွှေဖုံးမှ

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးခင်မောင်ချိုနှင့် ဒေါက်တာမြင့်ထွေးတို့က ဆေးပြား၊ ဆေးတောင့် ထုတ်လုပ်မည့် အဆောက်အအုံ၏ ကမ္ပည်းမော်ကွန်းမှတ်တမ်းဆိုင်းဘုတ်အား စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး အမွှေးနံ့သာရည်များ ပက်ဖျန်းကြသည်။

ထို့နောက် ဆေးပြား၊ ဆေးတောင့် ထုတ်လုပ်မှု အဆောက်အအုံ ရှင်းလင်းဆောင်၌ ဆေးဝါးစက်ရုံ(အင်းစိန်)ခေတ္တစက်ရုံမှူးက ဆေးပြား၊ ဆေးတောင့်ထုတ်လုပ်မှု အဆောက်အအုံများ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့မှု အခြေအနေနှင့် ဆေးအမယ်သစ်များ ထုတ်လုပ်မည့် အစီအမံတို့ကိုလည်းကောင်း၊ မြန်မာ့ဆေးဝါးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးက ဆေးဝါးများတိုးမြှင့်ထုတ်လုပ်နိုင်ရေးအတွက် စီမံကိန်းများ အဆင့်ဆင့် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့မှု အခြေအနေ၊ လက်ရှိဆေးဝါးများ ထုတ်လုပ်နေမှုအခြေအနေနှင့် အနာဂတ်အစီအစဉ်များကို ရှင်းလင်းတင်ပြကြသည်။

ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးခင်မောင်ချို၊ ဒေါက်တာမြင့်ထွေးနှင့် တာဝန်ရှိသူများသည် ဆေးဝါးစက်ရုံ(အင်းစိန်)မှ ထုတ်လုပ်ထားရှိသည့် ဆေးဝါးများ ခင်းကျင်းပြသထားသည့် အခြေအနေနှင့် ဆေးပြား၊ ဆေးတောင့်များ ထုတ်လုပ်လျက်ရှိသည့် အခြေအနေတို့ကို လှည့်လည်ကြည့်ရှုပြီး စီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည့် ပြည်တွင်းပြည်ပ ပညာရှင်များနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ခဲ့ကြသည်။

"BPI စက်ရုံကထုတ်တဲ့ဆေးဝါးတွေက ကျန်းမာရေးဝန်ကြီးဌာနကို တော်တော်လေး အထောက်အကူပြုပါတယ်။ စက်ရုံကိုလှည့်လည်ကြည့်တဲ့အခါ အရည်အသွေးပြည့်မီတဲ့ ဆေးဝါးတွေ ထုတ်တာတွေ့ရတယ်။ အရည်အသွေးပြည့်မီတဲ့ ဆေးဝါးတွေဖြစ်တဲ့အတွက် ကျန်းမာရေးဝန်ကြီးဌာနက ထွက်ရှိသမျှ ဆေးဝါးအကုန်လုံးနီးပါး ဝယ်မယ်။ နောက်ပြီး ဈေးနှုန်းကလည်း သက်သာတယ်။ နိုင်ငံခြားကနေဝယ်မယ်ဆိုရင် အချိန်ကြန့်ကြာမှုတွေရှိတယ်။ စက်မှုဝန်ကြီးဌာနနဲ့က အစစအရာရာ အဆင်ပြေပါတယ်"ဟု ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက ပြောသည်။

ပြည်သူလူထုအား ကျန်းမာရေးစောင့်ရှောက်မှုကို ပိုမိုမြှင့်တင်ပေးရန် ရည်ရွယ်၍ ခေတ်မီဆေးဝါးတိုးမြှင့်ထုတ်လုပ်မှုစီမံကိန်း (New BPI Project)ကို ၂၀၁၅ ခုနှစ်တွင် စတင်အကောင်အထည်ဖော်ခဲ့ရာ ၂၀၁၆ ခုနှစ် မေ ၂၀ ရက်တွင် မြွေဆိပ်ဖြေဆေးထုတ်လုပ်မှု အဆောက်အအုံနှင့် ခေတ်မီဆေးဝါးသိုလှောင်ရုံအဆောက်အအုံ၊ ၂၀၁၇ ခုနှစ် ဖေဖော်ဝါရီ ၁၈ ရက်တွင် Cephalosporin ပဋိဇီဝ ထိုးဆေးအဆောက်အအုံနှင့် Small Volume Parenteral Production Plant တို့ကို ဖွင့်လှစ်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။

ယနေ့ဖွင့်လှစ်သည့် ဆေးပြား၊ ဆေးတောင့်ထုတ်လုပ်မှု အဆောက်အအုံအသစ်မှ ဆေးဝါးအမယ်သစ်များ တီထွင်ထုတ်လုပ်လျက်ရှိပြီး Morphine Sulfate Tablet အား ကင်ဆာဝေဒနာရှင်များတွင် လက်တွေ့စမ်းသပ်ကုသမှုအား ရန်ကုန်ပြည်သူ့ဆေးရုံကြီးတွင် ဆောင်ရွက်ခဲ့ကြောင်းနှင့် FDA မှလည်း ဆေးဝါးမှတ်ပုံတင်လိုင်စင်ရရှိပြီးဖြစ်ကြောင်း သိရှိရသည်။

"ဒီနေ့ဖွင့်လှစ်တဲ့ ဆေးပြား၊ ဆေးတောင့် အဆောက်အအုံက တစ်နှစ်ကို ဆေးပြား စုစုပေါင်း သန်း ၅၀၀ ထုတ်လုပ်မှာ ဖြစ်ပါတယ်။ ဖွင့်လှစ်ရတဲ့ရည်ရွယ်ချက်ကတော့ မြန်မာနိုင်ငံ ကျန်းမာရေးစောင့်ရှောက်မှုကဏ္ဍမှာ လိုအပ်လျက်ရှိတဲ့ အဓိကဆေးဝါးတွေကို ပိုမိုတိုးမြှင့်ထုတ်လုပ်နိုင်ဖို့ဖြစ်ပါတယ်"ဟု ဆေးဝါးစက်ရုံ(အင်းစိန်)မှ စက်ရုံမှူး ဒေါက်တာအောင်ဇော်က ပြောသည်။

ဆေးဝါးစက်ရုံ(အင်းစိန်)အနေဖြင့် ၁၉၅၈ ခုနှစ်မှစ၍ ဆေးပြား၊ ဆေးတောင့် အမျိုးမျိုး၊ ဆေးဆီ၊ ဆေးရည်အမျိုးမျိုး၊ ထိုးဆေး၊ သွေးကြောသွင်းဆေးရည်အမျိုးမျိုးနှင့် နိုင်ငံတော်အတွက် အရေးတကြီးလိုအပ်လျက်ရှိသည့် မြွေဆိပ်ဖြေဆေးကဲ့သို့ အဆိပ်ဖြေကုသဆေးအပြင် အခြားကာကွယ်ဆေးများကို ထုတ်လုပ်လျက်ရှိပြီး လက်ရှိအချိန်တွင် ဆေးဝါးစက်ရုံ(အင်းစိန်)မှ ဆေးပြား၊ ဆေးမှုန့်၊ ဆေးရည်၊ လိမ်းဆေး၊ ထိုးဆေး၊ သွေးကြောသွင်းဆေးရည်နှင့် ကာကွယ်ကုသဆေးနှင့် အဆိပ်ဖြေဆေးများ စုစုပေါင်း ဆေးအမျိုးအစား ၁၈၀ ကျော်ကို ထုတ်လုပ်ပေးလျက်ရှိပြီး ဆေးဝါးထုတ်လုပ်မှု စီမံကိန်းများကိုလည်း နှစ်စဉ် တိုးမြှင့်လျာထားဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်း-သီသီမင်း**
**ဓာတ်ပုံ-နေလင်း**

# မြန်မာအမျိုးသမီး ဖူဆယ်အသင်း ထိုင်းလက်ရွေးစင်အသင်းနှင့် ယနေ့ထပ်မံခြေစမ်းမည်

**ရန်ကုန် ဇူလိုင် ၂၂** - ဆီးဂိမ်းပြိုင်ပွဲယှဉ်ပြိုင်ရန် လေ့ကျင့်ပြင်ဆင်မှုများပြုလုပ်နေသည့် မြန်မာအမျိုးသမီးဖူဆယ်အသင်းသည် စတုတ္ထခြေစမ်းပွဲအဖြစ် ထိုင်းလက်ရွေးစင် အမျိုးသမီးအသင်းနှင့် ဇူလိုင် ၂၃ ရက်တွင် ထပ်မံခြေစမ်းမည်ဖြစ်သည်။ မြန်မာအမျိုးသမီးအသင်းသည် ထိုင်းနိုင်ငံ၌ ခြေစမ်းပွဲများယှဉ်ပြိုင်ကစားလျက်ရှိပြီး ဇူလိုင် ၂၀ ရက်ပွဲစဉ်များအပြီးတွင် တစ်ပွဲနိုင်၊ တစ်ပွဲသရေ၊ တစ်ပွဲရှုံးနိမ့်ထားသည်။

မြန်မာအမျိုးသမီးဖူဆယ်အသင်းသည် ဇူလိုင် ၁၇ ရက်မှစ၍ ထိုင်းနိုင်ငံ၌ လေ့ကျင့်မှုများပြုလုပ်လျက်ရှိပြီး ခြေစမ်းပွဲငါးပွဲအထိ ယှဉ်ပြိုင်ကစားရန် စီစဉ်ထားကာ ဇူလိုင် ၂၀ ရက်အပြီးထိ သုံးပွဲကစားထားပြီးဖြစ်သည်။ မြန်မာအမျိုးသမီး ဖူဆယ်အသင်းသည် ခြေစမ်းပွဲသုံးပွဲကို သုံးရက်ဆက်ကစားခဲ့ခြင်းဖြစ်ပြီး ဇူလိုင် ၁၉ ရက်၊ ၂၀ ရက်တို့တွင် ကမ်ဆန်ဘန်ဒစ်တက္ကသိုလ်အသင်း၊ ဇူလိုင် ၂၀ ရက်တွင် ထိုင်းလက်ရွေးစင်အသင်းနှင့် ကစားခဲ့သည်။ မြန်မာအမျိုးသမီးအသင်းသည် ကမ်ဆန်ဘန်ဒစ်တက္ကသိုလ်အသင်းနှင့် ပထမပွဲတွင် တစ်ဂိုးစီသရေကျခဲ့ပြီး ဒုတိယပွဲတွင် ခုနစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ နောက်ဆုံးကစားခဲ့သည့် ထိုင်းလက်ရွေးစင်အသင်းနှင့်ပွဲတွင်မူ လေးဂိုး-နှစ်ဂိုးဖြင့် ရှုံးနိမ့်ထားသည်။ မြန်မာအမျိုးသမီးအသင်းသည် လက်ကျန်ခြေစမ်းပွဲများအဖြစ် ဇူလိုင် ၂၃ ရက်တွင် ထိုင်းလက်ရွေးစင်အသင်း၊ ဇူလိုင် ၂၅ ရက်တွင် အီရန်လက်ရွေးစင်အသင်းနှင့် ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ မြန်မာအမျိုးသမီးဖူဆယ်အသင်းကို နည်းပြချုပ်အဖြစ် ဦးဌေးမြင့်က ကိုင်တွယ်လျက်ရှိပြီး ယခုခရီးစဉ်တွင် ကစားသမား ၂၂ ဦး ခေါ်ဆောင်သွားသည်။

**(ရှိုင်းထက်ဇော်)**



# ဇူလိုင် ၄ ရက်က ပြုယမ်းစမ်းသပ်ပစ်လွှတ်အောင်မြင်ခဲ့သည့် ဒုံးကျည်သည် တာဝေးပစ်ဒုံးကျည်မဟုတ်ဟု မော်စကိုပြောကြား

**မော်စကို ဇူလိုင် ၂၂**

ယခုလအစောပိုင်းက မြောက်ကိုရီးယား၏ တာဝေးပစ်ဒုံးကျည်စမ်းသပ်ပစ်လွှတ်မှုနှင့် ပတ်သက်ပြီး အဆိုပါဒုံးကျည်သည် တာဝေးပစ်ဒုံးကျည်မဟုတ်ဘဲ တာလတ်ပစ်ဒုံးကျည်သာဖြစ်ကြောင်း ရုရှားနိုင်ငံက အခိုင်အမာ ပြောကြားသည့်စာများကို ကုလသမဂ္ဂ လုံခြုံရေးကောင်စီအဖွဲ့ဝင်နိုင်ငံများသို့ ရုရှားနိုင်ငံက ပေးပို့ခဲ့ကြောင်း အင်န်အိတ်ချ်ကေ သတင်းတစ်ရပ်အရသိရသည်။

မြောက်ကိုရီးယားနိုင်ငံက ဇူလိုင် ၄ ရက်တွင် အမေရိကန်နိုင်ငံသို့ ရောက်ရှိနိုင်သည့် တာဝေးပစ်ဒုံးကျည် (ICBM) ကို စမ်းသပ်ပစ်လွှတ်အောင်မြင်ခဲ့ပြီဖြစ်ကြောင်း တရားဝင် ကြေညာခဲ့သည်။

အဆိုပါ ကြေညာချက်ထွက်ပေါ်လာပြီးနောက် ကုလသမဂ္ဂလုံခြုံရေးကောင်စီက အရေးပေါ်အစည်းအဝေးတစ်ရပ်ကျင်းပခဲ့ကြောင်း သိရသည်။

သို့သော် အဆိုပါ ဒုံးလက်နက်များ ပစ်လွှတ်စမ်းသပ်မှုအပေါ် အမေရိကန်နိုင်ငံက ရှုတ်ချခြင်းအပြင် နျူကလီးယားဒုံးလက်နက်များ စမ်းသပ်ပစ်လွှတ်မှုကြောင့် ပြုယမ်းအပေါ် စီးပွားရေးပိတ်ဆို့မှုများ ထပ်မံချမှတ်ရန် ကမ္ဘာ့နိုင်ငံများကို တိုက်တွန်းထားသည့် အစီရင်ခံစာကို ရုရှားနိုင်ငံက ပယ်ချခဲ့သည်။

မော်စကိုလေ့လာတွေ့ရှိချက်များအရ ပြုယမ်းစမ်းသပ်ပစ်လွှတ်အောင်မြင်ခဲ့သော ဒုံးကျည်သည် တာဝေးပစ်ဒုံးကျည်မဟုတ်၊ တာလတ်ပစ်ဒုံးကျည်မျှသာဖြစ်သည်ဟု ရုရှားနိုင်ငံက ဆိုသည်။

ရုရှားနိုင်ငံအနေဖြင့် ကုလသမဂ္ဂလုံခြုံရေးကောင်စီအဖွဲ့ဝင်နိုင်ငံများ၏ ဆုံးဖြတ်ချက်ချမှတ်မှုများ လွဲမှားမှုမရှိစေရန် ရည်ရွယ်ပြီး မော်စကို၏ လေ့လာတွေ့ရှိချက်အရ ပြုယမ်းစမ်းသပ်ပစ်လွှတ်သောဒုံးကျည်သည် တာလတ်ပစ်ဒုံးကျည်သာဖြစ်ကြောင်း စာများပို့ခဲ့သည်ဟု ကုလသမဂ္ဂ သတင်းရပ်ကွက်များက ဆိုသည်။

မြောက်ကိုရီးယားနိုင်ငံအပေါ် စီးပွားရေးပိတ်ဆို့မှုများချမှတ်ရန် တရုတ်နိုင်ငံကို အမေရိကန်နိုင်ငံ၏ တိုက်တွန်းမှုနှင့်ပတ်သက်ပြီး တရုတ်နိုင်ငံက ပညာသားပါပါဖြင့် တုံ့ပြန်ခဲ့ကြောင်း ကုလသမဂ္ဂသတင်းရပ်ကွက်များက ဆိုသည်။ အမေရိကန်နိုင်ငံအနေဖြင့် ပြုယမ်းနှင့် ချစ်ကြည်ရင်းနှီးမှုရရှိရန် ကြိုးပမ်းနေချိန်တွင် ပြုယမ်းနှင့် ကုန်သွယ်မှုများ ပြုလုပ်လျက်ရှိသည့် တရုတ်ကုမ္ပဏီများကို ပိတ်ပင်တားမြစ်သည်မှာ တရားမျှတမှုမရှိကြောင်း တရုတ်တာဝန်ရှိသူများကဆိုသည်။ ယင်းကိစ္စရပ်နှင့်ပတ်သက်ပြီး အမေရိကန်နှင့် တရုတ်သံတမန်များက ဆက်လက်ဆွေးနွေးသွားဖွယ်ရှိကြောင်း သိရသည်။

ရုရှားနှင့်တရုတ်နိုင်ငံတို့၏ ပြုယမ်းအပေါ် စီးပွားရေးပိတ်ဆို့မှုများ ချမှတ်ရန် ငြင်းဆန်ခြင်းသည် ကုလသမဂ္ဂလုံခြုံရေးကောင်စီအဖွဲ့ဝင်နိုင်ငံများ၏ တညီတညွတ်တည်း လုပ်ဆောင်မည့် စီးပွားရေးပိတ်ဆို့မှုကို တားမြစ်ဟန့်တားရာရောက်ကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ။**

# အရှေ့အလယ်ပိုင်းဒေသ၏ အကြီးဆုံးစစ်အခြေစိုက်စခန်း အီဂျစ်သမ္မတ အယ်လ်စီစီ တက်ရောက်ဖွင့်လှစ်

**ကိုင်ရို ဇူလိုင် ၂၂**

အီဂျစ်နိုင်ငံ ပင်လယ်ကမ်းခြေမြို့ အလက်ဇန်းဒရီးယားတွင် အရှေ့အလယ်ပိုင်းဒေသ၏ အကြီးမားဆုံးစစ်ဘက် အခြေစိုက်စခန်းဖွင့်ပွဲကို ဇူလိုင် ၂၂ ရက်တွင် ကျင်းပရာ အီဂျစ်သမ္မတ အယ်လ်စီစီတက်ရောက်ဖွင့်လှစ်ပေးခဲ့ကြောင်း ဆင်ဟွာ သတင်းတွင် ဖော်ပြသည်။

ပင်လယ်ဆိပ်ကမ်းမြို့ အလက်ဇန်းဒရီးယား၏အနောက်ဘက် မမ်မမ်မြို့၌ တည်ရှိသော စစ်အခြေစိုက်စခန်းသစ်ဖွင့်ပွဲတွင် အီဂျစ်သမ္မတ အယ်လ်စီစီက အီဂျစ်လက်နက်ကိုင်တပ်ဖွဲ့များ၏အလံကို လွှင့်တင်ပေးခဲ့သည်။

အဆိုပါစစ်အခြေစိုက်စခန်းသည် အရှေ့အလယ်ပိုင်းဒေသနှင့် အာဖရိကဒေသတွင် အကြီးမားဆုံးဖြစ်ကြောင်း အီဂျစ်အစိုးရသတင်းဌာန မီနာက ဖော်ပြသည်။

စခန်း၏အမည်ကို အီဂျစ်သမ္မတဟောင်း မိုဟာမက်နာဂစ်၏အမည်ဖြင့် မှည့်ခေါ်ထားသည်။ သမ္မတဟောင်းနာဂစ်သည် အီဂျစ်နိုင်ငံ၌ ၁၉၅၂ ခုနှစ်တွင် ဖြစ်ပွားခဲ့သော တော်လှန်ရေးကို ဦးဆောင်ခဲ့သူဖြစ်ပြီး ယင်းတော်လှန်ရေးသည် အီဂျစ်နိုင်ငံ၏ဘုရင်စနစ်ဖြင့် အုပ်ချုပ်သည့်စနစ်ကို အဆုံးသတ်ပေးခဲ့သည်။

ယင်းစစ်အခြေစိုက်စခန်းသစ်ဖွင့်ပွဲအခမ်းအနားသို့ အီဂျစ်အစိုးရ အထက်တန်းတာဝန်ရှိသူများနှင့် အာရပ်နိုင်ငံအချို့မှ မင်းညီမင်းသားများနှင့် သံတမန်များတက်ရောက်ကြသည်။



အီဂျစ်သမ္မတအယ်လ်စီစီသည် ၂၀၁၄ ခုနှစ်တွင် သမ္မတရာထူး စတင် တာဝန်ယူချိန်မှစ၍ အီဂျစ်လက်နက်ကိုင်တပ်ဖွဲ့များ ပြန်လည်တည်ဆောက်ရေးကို လုပ်ကိုင်ခဲ့သည်။

**ဆင်ဟွာ။**

# မက္ကဆီကိုစီးတီးတွင် ကမ်းတက်တပ်ဖွဲ့ဝင်များနှင့် ရာဇဝတ်ဂိုဏ်းဝင်များ ပစ်ခတ်တိုက်ခိုက်၊ ရှစ်ဦးသေဆုံး

**မက္ကဆီကိုစီးတီး ဇူလိုင် ၂၂**

မက္ကဆီကိုနိုင်ငံမြို့တော် မက္ကဆီကိုစီးတီး၌ ဇူလိုင် ၂၀ ရက်တွင် မက္ကဆီကို ကမ်းတက်တပ်ဖွဲ့များနှင့် ရာဇဝတ်ဂိုဏ်းသားများ တိုက်ခိုက်မှုများ ဖြစ်ပွားခဲ့ရာ မူးယစ်ဆေးဝါးဂိုဏ်းဝင်များဟု သံသယရှိသူ ရှစ်ဦးထက်မနည်း သေဆုံးခဲ့ကြောင်း ရိုက်တာသတင်းတွင် ဖော်ပြသည်။

မက္ကဆီကိုစီးတီး အရှေ့တောင်ဘက်အပိုင်းရှိ တယ်လာဟက်စ်ဒေသတွင် လှည့်ကင်းတာဝန်ထမ်းဆောင်နေသည့် ကမ်းတက်တပ်ဖွဲ့ဝင်များနှင့် ဒုစရိုက်ဂိုဏ်းသားများအကြား ပစ်ခတ်တိုက်ခိုက်မှုများဖြစ်ပွားခဲ့ကြောင်း မက္ကဆီကိုရေတပ်မှ ထုတ်ပြန်သည့် ကြေညာချက်တွင် ဖော်ပြသည်။



သေဆုံးသွားသူများထဲတွင် ဖီလစ် ပီးဒီဂျေဆက်လူနာဟု အမည်ရှိသူ ပါဝင်ပြီး ၎င်းမှာ အကြမ်းဖက်ရာဇဝတ်ဂိုဏ်းတစ်ခု၏ ခေါင်းဆောင်ဖြစ်ကြောင်း မက္ကဆီကိုရေတပ်၏ ကြေညာချက်တွင် ဖော်ပြသည်။

ယခုဖြစ်ရပ်သည် မူးယစ်ဆေးဝါးဆိုင်ရာ အကြမ်းဖက်မှုများ ဆိုးရွားစွာ ပျံ့နှံ့ဖြစ်ပွားနေသည့် မက္ကဆီကိုနိုင်ငံ၌ အကြီးမားဆုံးသော တိုက်ခိုက်မှုလည်း ဖြစ်သည်။

**ရိုက်တာ။**

## အိန္ဒိယတပ်ဖွဲ့များ၏ပစ်ခတ်မှုကြောင့် တစ်ဦးသေဆုံးပြီး လေးဦးဒဏ်ရာရဟု ပါကစ္စတန်ပြောကြား

**အစ္စလာမ္မာဘတ် ဇူလိုင် ၂၂**

အိန္ဒိယတပ်ဖွဲ့များ၏ ပစ်ခတ်မှုကြောင့် ဝတ်ပြုဆုတောင်းရန် ပြင်ဆင်နေသည့် ပါကစ္စတန်အရပ်သား တစ်ဦးသေဆုံးပြီး အခြားလေးဦး ထိခိုက်ဒဏ်ရာရခဲ့ကြောင်း ဇူလိုင် ၂၁ ရက်တွင် ပါကစ္စတန်စစ်ဘက်က ပြောကြားသည်။

ပါကစ္စတန်တပ်ဖွဲ့များက တန်ပြန်ပစ်ခတ်ခဲ့ရာ အိန္ဒိယတပ်သားသုံးဦး သေဆုံးပြီး အများအပြားထိခိုက်ဒဏ်ရာရခဲ့ကြောင်း၊ အိန္ဒိယတပ်ဖွဲ့များ၏ စခန်းသုံးခုကို ဖျက်ဆီးနိုင်ခဲ့ကြောင်း ပါကစ္စတန်စစ်ဘက်၏ကြေညာချက်တွင် ဖော်ပြသည်။

လီပါဒေသရှိ ဂီကွတ်နှင့်မန်ဒယ်ကျေးရွာများမှ အပြစ်မဲ့ရွာသားများအား အိန္ဒိယတပ်ဖွဲ့များက ပစ်မှတ်ထားတိုက်ခိုက်ခဲ့ခြင်းဖြစ်ကြောင်း နောက်ဆုံးဖြစ်ပွားခဲ့သည့်ယင်းပစ်ခတ်မှုနှင့်ပတ်သက်၍ ပါကစ္စတန်စစ်ဘက်က အသေးစိတ်ထုတ်ပြန်ခဲ့သည်။ အိန္ဒိယတပ်ဖွဲ့များ၏ပစ်ခတ်မှုကြောင့် ပါကစ္စတန်အရပ်သားလူငယ်တစ်ဦးသေဆုံးပြီး လေးဦးထိခိုက်ဒဏ်ရာရခဲ့ကြောင်း ကြေညာချက်တွင် ဖော်ပြသည်။

အိန္ဒိယနှင့် ပါကစ္စတန်တို့ ပိုင်ဆိုင်မှုအငြင်းပွားနေသည့် ကက်ရှ်မီးယားဒေသကို ပိုင်းခြားထားသည့် ထိန်းချုပ်ရေးမျဉ်း(အယ်လ်အိုစီ) တစ်လျှောက်တွင် အိန္ဒိယနှင့်ပါကစ္စတန်နှစ်နိုင်ငံတို့က အပစ်အခတ်ရပ်စဲကြောင်း ၂၀၀၃ ခုနှစ်အတွင်းကပင် ကြေညာတားမြစ်ထားသော်လည်း မကြာခဏဆိုသလိုပင် ယင်းအပစ်အခတ်ရပ်စဲရေးသဘောတူညီမှုကို ချိုးဖောက်ကြောင်း နှစ်နိုင်ငံစလုံးက စွပ်စွဲပြောကြားမှုများရှိကြသည်။

**ဆင်ဟွာ။**

# မြန်မာ့ဒီမိုကရေစီရုပ်ရှင်ပွဲတော် စည်ကားသိုက်မြိုက်စွာကျင်းပနိုင်ရေး အငြိမ့်ပြိုင်ပွဲများ၊ ပဒေသာကပွဲများ တွဲဖက်ကျင်းပသွားမည်

**ရန်ကုန် ဇူလိုင် ၂၂**

မြန်မာ့ဒီမိုကရေစီရုပ်ရှင်ပွဲတော်ကို စက်တင်ဘာ ၁၅ ရက်မှ ၂၁ ရက်အထိ ကျင်းပသွားမည်ဖြစ်ပြီး ဖျော်ဖြေရေးအနေဖြင့် အငြိမ့်ပြိုင်ပွဲများတွဲဖက်၍ ထည့်သွင်းကျင်းပသွားမည်ဖြစ်ကြောင်း မြန်မာ့ဒီမိုကရေစီအငြိမ့်ပြိုင်ပွဲ ကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးမှ သိရသည်။

အဆိုပါ အစည်းအဝေးကို ရန်ကုန်မြို့ ပြည်လမ်းရှိ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား အစည်းအဝေးခန်းမ၌ ယနေ့ ညနေပိုင်းက ကျင်းပခဲ့ခြင်းဖြစ်ပြီး ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် တက်ရောက်သည်။

အစည်းအဝေးတွင် ဒါရိုက်တာသူရ (ခ) ဦးဇာဂနာက အငြိမ့်ပြိုင်ပွဲများကို မန္တလေးမြို့သာမက ပခုက္ကူ၊ ကျောက်ပန်းတောင်း၊ မိတ္ထီလာ၊ မြင်းခြံ၊ မုံရွာ၊ ရွှေဘိုစသဖြင့် အထက်မြန်မာပြည်နှင့် အောက်မြန်မာပြည်ကို ရန်ကုန်သာမက မော်လမြိုင်၊ ပုသိမ်၊ ပြည်စသဖြင့် ဖိတ်ကြားရန် စီစဉ်ထားကြောင်းနှင့် ရန်ကုန်နှင့် မန္တလေးမြို့တို့တွင် ဩဂုတ် ၂၈ ရက်၊ ၂၉ ရက်နှင့် ၃၀ ရက်တို့တွင် တစ်ပြိုင်တည်း ပဏာမလူရွေးချယ်သွားမည်ဖြစ်ပြီး အထက်မြန်မာပြည်အတွက် သုံးဖွဲ့နှင့် အောက်မြန်မာပြည်အတွက် သုံးဖွဲ့ စုစုပေါင်း ခြောက်ဖွဲ့ရွေးချယ်သွားမည်ဖြစ်ကြောင်း၊ နောက်ဆုံးအဆင့်တက်လာသည့် အဖွဲ့များမှ ပထမ၊ ဒုတိယ၊ တတိယနှင့် နှစ်သိမ့်ဆုသုံးဆုအပြင် အကောင်းဆုံးလူရွှင်တော်၊ အကောင်းဆုံးမင်းသမီး၊ အကောင်းဆုံးဆိုင်းအဖွဲ့နှင့် ပရိသတ်ရွေးချယ်သည့် အကောင်းဆုံးအဖွဲ့ဆုစသဖြင့် ၁၀ ဆုချီးမြှင့်ရန် လျာထားကြောင်းပြော ကြားသည်။

ထို့နောက် မြန်မာ့ဒီမိုကရေစီရုပ်ရှင်ပွဲတော်တွင် အငြိမ့်ပြိုင်ပွဲနှင့် ရုပ်ရှင်၊ သဘင်၊ ဂီတပဒေသာကပွဲ ဖြစ်မြောက်ရေး တာဝန်ခံဒါရိုက်တာ မောင်သီက အငြိမ့်ပြိုင်ပွဲနှင့် စပ်လျဉ်း၍ ဒီမိုကရေစီနှင့်ငြိမ်းချမ်းရေးကို ဖော်ဆောင်သော သီချင်းနှင့်ပြက်လုံးများ ဖြစ်ရမည်။ ဘာသာရေး၊ တိုင်းရင်းသားရေး၊ လူမျိုးရေး၊ ပုဂ္ဂိုလ်ရေးကို ထိခိုက်စေသော ပြက်လုံး၊ အပြောအဆို၊ အပြုအမူများ မပါစေရ။ တစ်ဖွဲ့တွင် မင်းသမီးတစ်ဦးနှင့် လူရွှင်တော်သုံးဦးမှ ငါးဦးအထိ ပါဝင်ရန်စသဖြင့် ပြိုင်ပွဲအတွက် သတ်မှတ်ထားသည့် စည်းကမ်းချက်များ၊ အမှတ်ပေးစည်းမျဉ်းများကို ဆွေးနွေးသည်။

ယင်းနောက် တက်ရောက်လာသူများက မြန်မာ့ဒီမိုကရေစီအငြိမ့်ပြိုင်ပွဲကျင်းပနိုင်ရေးနှင့် မြန်မာ့ဒီမိုကရေစီရုပ်ရှင်ပွဲတော် စည်ကားသိုက်ပြိုက်စွာ ကျင်းပနိုင်ရေးအတွက် ဆွေးနွေးတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက ပေါင်းစပ်ညှိနှိုင်းဆွေးနွေးကာ အစည်းအဝေးကို ရုပ်သိမ်းခဲ့သည်။



ကရေစီအငြိမ့်ပြိုင်ပွဲကျင်းပနိုင်ရေးနှင့် မြန်မာ့ဒီမိုကရေစီရုပ်ရှင်ပွဲတော် စည်ကားသိုက်ပြိုက်စွာ ကျင်းပနိုင်ရေး အတွက် ဆွေးနွေးတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက ပေါင်းစပ်ညှိနှိုင်းဆွေးနွေးကာ အစည်းအဝေးကို ရုပ်သိမ်းခဲ့သည်။

**(သတင်းစဉ်)**



# နိုင်ငံတော်အစီအစဉ်တစ်ရပ်ဖြစ်ပေါ်လာစေရန် တရားမဝင်ဆေးဝါးကာကွယ်တိုက်ဖျက်ရေး လူထုပညာပေးပွဲကျင်းပမည်

**ရန်ကုန် ဇူလိုင် ၂၂**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနမှ ပြည်သူများ ဆေးဝါးအတု၊ စံမညီဆေးဝါး၊ ရောနှောဆေးဝါးနှင့် တရားမဝင်ဆေးဝါးများ မှီဝဲသုံးစွဲခြင်းမရှိစေရေး ထိရောက်စွာကြပ်မတ်ကွပ်ကဲနိုင်ရန်အတွက် နိုင်ငံတော်အစီအစဉ်တစ်ရပ် ဖြစ်ပေါ်လာစေရန်ရည်ရွယ်ပြီး အဆိုပါ ဆေးဝါးများ၏အန္တရာယ် ကြိုတင်ကာကွယ်ရေးနှင့် တိုက်ဖျက်ရေးဆိုင်ရာ လူထုပညာပေးပြပွဲကို ရန်ကုန်မြို့ တပ်မတော်ခန်းမ၌ ဇူလိုင် ၂၉ ရက်မှ ၃၀ ရက်အတွင်း နံနက် ၉ နာရီခွဲမှ ညနေ ၄ နာရီအထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

"မြို့နေပြည်သူလူထုက ဒီပြပွဲကို လာရောက်လေ့လာမှတ်သားမယ်ဆိုရင် ကိုယ့်ရဲ့ဆွေမျိုး၊ အသိမိတ်ဆွေတွေ သွားရင်း လာရင်းကြုံတဲ့အခါ ကျေးလက်တောရွာအထိပါ ကျွန်မတို့ရဲ့ပြခန်းကနေပြီး ရရှိတဲ့အသိပညာတွေကို လက်ဆင့်ကမ်း ပညာပေးနိုင်ဖို့အတွက် ပိုပြီးတော့ရည်ရွယ်ပါတယ်။ ပြပွဲလာကြည့်တဲ့သူတွေက ကိုယ်သုံးတဲ့ဆေးက စစ်မှန်လား၊ ကောင်းသလား၊ မှတ်ပုံတင်ထားတဲ့ဆေး ဟုတ်လား၊ မဟုတ်လား သိချင်ရင်လည်း ပြပွဲကို ယူလာတဲ့အခါ စမ်းသပ်စစ်ဆေးပေးမယ်။ ဆေးဝါးတင်မကဘူး အစားအသောက်၊ အလှကုန်တွေပါ သိချင်ရင် စမ်းသပ်ပေးမယ်"ဟု အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေး ဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါ်သဇင်ရီလှိုင်က ပြောသည်။

အဆိုပါပြပွဲတွင် ဆေးဝါးထုတ်လုပ်သည့် စက်မှုဝန်ကြီးဌာန၊ ဆေးနှင့်ဆေးပစ္စည်းကုန်သည်ကြီးများအသင်း၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ အကောက်ခွန်စသည့် အဖွဲ့အစည်းများနှင့် ဆက်စပ်အဖွဲ့အစည်းများပူးပေါင်း၍ ပြခန်းပေါင်း ၁၃၀ ခန့်ဖြင့် ခင်းကျင်းပြသသွားမည့်အပြင် အရိုးပါး၊ အရိုးပွရောဂါ၊ မျက်စိရောဂါ၊ ဆီးချိုသွေးချိုရောဂါနှင့် သွေးအားနည်းရောဂါများကို အခမဲ့စစ်ဆေးပေးမည်ဖြစ်သည်။

ပြပွဲတွင် ချင်းပြည်နယ်၊ ကချင်ပြည်နယ် အစရှိသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်တို့မှ ဆေးဝါးများနှင့်ပတ်သက်၍ ၎င်းတို့၏ ကာကွယ်တားဆီးလုပ်ဆောင်မှုနည်းစနစ်များကို လာရောက်ပြသမည်ဖြစ်ပြီး ဟောပြောပွဲများကိုလည်း ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။ ထို့အပြင် ဖျော်ဖြေရေးအစီအစဉ်များလည်း ပါဝင်မည်ဖြစ်ပြီး နာမည်ကျော်အနုပညာရှင်များ၊ ဟာသသရုပ်ဆောင်များနှင့် ဆရာဝန်များဖြင့် ရိုက်ကူးထားသောပညာပေး ဇာတ်လမ်းကို ပြသသွားမည်ဖြစ်ပြီး အဆိုပါဇာတ်လမ်းတွင် ပြည်သူများ လက်တွေ့ကြုံတွေ့နေရသည့် ကိစ္စရပ်များကို ထည့်သွင်းရိုက်ကူးထားကြောင်း သိရသည်။ ယင်းအပြင် Myanmar Idol မှ အဆိုတော်များလည်း လာရောက်သီဆိုဖျော်ဖြေမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါပြပွဲနှင့်ပတ်သက်၍ သတင်းစာရှင်းလင်းပွဲကို ယနေ့ မွန်းလွဲ ၁၂ နာရီခွဲက ရန်ကုန်မြို့ရှိ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေး ဦးစီးဌာနရုံးခန်း၌ ကျင်းပခဲ့ရာ မီဒီယာများက အစားအသောက်၊ ဆေးဝါးများနှင့် ပတ်သက်သော ဖမ်းဆီးရရှိမှု၊ အသိပညာပေးမှု၊ ရှေ့ဆက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို မေးမြန်းကြရာ သက်ဆိုင်ရာတာဝန်ရှိသူများက ရှင်းလင်းဖြေကြားသည်။

**သတင်း - ဇာနည်မောင်၊**
**ဓာတ်ပုံ - ဇာဏီ**

# ကျားမတန်းတူညီမျှမှုနှင့် နိုင်ငံရေးတွင် အားလုံးပါဝင်နိုင်မှုဆိုင်ရာ ဆွေးနွေးပွဲကျင်းပ

**ရန်ကုန် ဇူလိုင် ၂၂**

၂၀၁၇ ခုနှစ် ကျားမတန်းတူညီမျှမှုနှင့် နိုင်ငံရေးတွင် အားလုံးပါဝင်နိုင်မှုဆိုင်ရာဆွေးနွေးပွဲကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ရောင်ခြည်သစ် အရပ်ဘက်လူမှုအဖွဲ့အစည်း၊ IFES အဖွဲ့တို့နှင့်ပူးပေါင်းကာ ဇူလိုင် ၂၁ ရက်က ရန်ကုန်မြို့ရှိ Chatrium ဟိုတယ်၌ ကျင်းပသည်။

ဆွေးနွေးပွဲတွင် ဥပဒေမူဘောင်၊ နိုင်ငံရေးပါတီဦးဆောင်မှုနှင့် မဲဆွယ်စည်းရုံးရေးအသုံးစရိတ်၊ စွမ်းဆောင်ရည်မြှင့်တင်ခြင်းနှင့် လေ့ကျင့်သင်ကြားပေးခြင်း၊ ရွေးကောက်ပွဲလုပ်ငန်းများဆောင်ရွက်ခြင်းနှင့် လုံခြုံရေး၊ အသိပညာပေးခြင်း၊ စည်းရုံးဆော်ဩခြင်းနှင့် အနာဂတ်အတွက် အပြောင်းအလဲကို ဆောင်ကြဉ်းဖော်ဆောင်ခြင်းစသည့်ကဏ္ဍများကို စုပေါင်းဆွေးနွေးခဲ့ကြသည်။

ဆွေးနွေးပွဲသို့ တက်ရောက်သူ ၁၄၀ ခန့်ရှိပြီး မြန်မာနိုင်ငံတွင် လာမည့် ၂၀၂၀ ခုနှစ် အထွေထွေရွေးကောက်ပွဲအတွက် ကျားမတန်းတူညီမျှမှုရှိစေရေးလုပ်ငန်းများကို လက်တွေ့အကောင်အထည်ဖော်ရာတွင် ကျားမတန်းတူညီမျှမှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့(Joint Gender Working Group)ကို ဖွဲ့စည်းဆောင်ရွက်သွားရန် ဆွေးနွေးပွဲတွင် ပါဝင်တက်ရောက်ဆွေးနွေးခဲ့သည့် လွှတ်တော်ကိုယ်စားလှယ်များ၊ သက်ဆိုင်ရာ ဝန်ကြီးဌာနများမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် အရပ်ဘက်လူမှုအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များက ဆွေးနွေးသဘောတူခဲ့ကြသည်။

"ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်သည် Joint Gender Working Group ၏ မြန်မာနိုင်ငံအတွင်း ကျားမတန်းတူညီမျှမှုရှိစေရေး အကောင်အထည်ဖော်ဆောင်ရွက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ပူးပေါင်းကူညီပေးသွားမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံ၏ ရွေးကောက်ပွဲနှင့် နိုင်ငံရေးလုပ်ငန်းစဉ်များတွင် ကျားမတန်းတူညီမျှစွာ ပါဝင်လာစေရေးအတွက် လက်တွေ့တွင်ခိုင်ခိုင်မာမာ အကောင်အထည်ဖော်ဆောင်မှုရှိရန် လိုအပ်ကြောင်း" ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အတွင်းရေးမှူး ဦးတင်ထွန်းက ပြောကြားသည်။

၂၀၁၇ ခုနှစ် ကျားမတန်းတူညီမျှမှုနှင့် နိုင်ငံရေးတွင် အားလုံးပါဝင်နိုင်မှုဆိုင်ရာဆွေးနွေးပွဲ၏ အကြံပြုတင်ပြချက်များကို အကောင်အထည်ဖော်ရာတွင် Joint Gender Working Group က ကြီးကြပ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

"အနာဂတ်ရွေးကောက်ပွဲများတွင် အားလုံးပါဝင်လာစေရေးအတွက် လုပ်ငန်းများကို စတင်ဆောင်ရွက်နေပြီဖြစ်ကြောင်း"ဦးတင်ထွန်းက ပြောကြားပါသည်။

၂၀၁၇ ခုနှစ် ကျားမတန်းတူညီမျှမှုနှင့် နိုင်ငံရေးတွင် အားလုံးပါဝင်နိုင်မှုဆိုင်ရာဆွေးနွေးပွဲသို့ တက်ရောက်သူအားလုံးကအရေးကြီးသော ကျားမတန်းတူညီမျှမှုရည်မှန်းချက်အတွက် ပါဝင်ဆွေးနွေးပေးခဲ့ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# အခြေခံကွန်ပျူတာသင်တန်းဖွင့်ပွဲအခမ်းအနားကျင်းပ

**ဖားဆောင်း ဇူလိုင် ၂၂**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဖားဆောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကြီးမှူး၍ အခြေခံကွန်ပျူတာသင်တန်းဖွင့်ပွဲ အခမ်းအနားကို ဇူလိုင် ၂၁ ရက်တွင် ကယားပြည်နယ် ဘောလခဲခရိုင် ဖားဆောင်းမြို့နယ် တောင်ပိုင်းရပ်ကွက် လူငယ်ရိပ်သာခန်းမ၌ ကျင်းပရာ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးစိုးလင်းက အဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဖားဆောင်းမြို့နယ်ရုံး Community Centre ခန်းမ၌ အခြေခံကွန်ပျူတာသင်တန်းကို ဆက်လက်ပို့ချခဲ့ရာ အခမ်းအနားတက်ရောက်လာကြသူများက ကြည့်ရှုအားပေးခဲ့ကြသည်။



အခမ်းအနားသို့ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ခရိုင်ဦးစီးမှူး၊ မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများ၊ ရပ်မိရပ်ဖများ တက်ရောက်ခဲ့ကြသည်။ သင်တန်းကာလမှာ ဇူလိုင် ၂၁ ရက်မှ ဩဂုတ် ၁၀ ရက်ထိဖြစ်ပြီး သင်တန်းသား သင်တန်းသူ စုစုပေါင်း ၂၀ တက်ရောက်သင်ကြားခဲ့ကြောင်း သိရသည်။

**နေလင်း(ညောင်လေးပင်)**

❑

# ဘဏ္ဍာရေးနှစ်အပြောင်းအလဲနှင့် မြန်မာနိုင်ငံ

ကျော်လင်း(ဆောက်လုပ်ရေး)

ပြက္ခဒိန်နှစ်ဆိုသည်မှာ ဇန်နဝါရီ ၁ ရက်တွင် စတင်၍ ဒီဇင်ဘာ ၃၁ ရက်တွင် ဆုံးသောနှစ်တစ်နှစ်ကို ဆိုလိုပါသည်။ တစ်ကမ္ဘာလုံး အသုံးပြုသည့် ပြက္ခဒိန်များအတိုင်း ပြဋ္ဌာန်းထားသည့် ရက်ပေါင်း ၃၆၅ ရက် (သို့မဟုတ်) ၃၆၆ ရက်ကို ပြက္ခဒိန်နှစ် (Calendar Year)ဟု ခေါ်သည်။

ဘဏ္ဍာရေးနှစ်ဆိုသည်မှာ နိုင်ငံတစ်နိုင်ငံ၏ အမြင့်ဆုံးလွှတ်တော်မှ အတည်ပြုပြဋ္ဌာန်းလိုက်သည့် ရသုံးမှန်းခြေငွေစာရင်း (ဘတ်ဂျက်)ကို အသုံးပြု၍ ခွင့်ပြုသည့် ၁၂ လတာကာလ ဖြစ်ပါသည်။ ၎င်းဘဏ္ဍာရေးနှစ် (Fiscal Year) သတ်မှတ်ချက်သည် ကမ္ဘာပေါ်ရှိ နိုင်ငံပေါင်း ၂၀၀ ကျော်တွင် ဒေသအလိုက် အမျိုးမျိုးကွဲပြားနေခဲ့ပါသည်။ ပြက္ခဒိန်နှစ်(Calendar Year) အတိုင်း ဇန်နဝါရီ ၁ ရက်မှစ၍ ဒီဇင်ဘာ ၃၁ ရက်အထိ ဘဏ္ဍာရေးနှစ်အဖြစ် သတ်မှတ်ထားသော နိုင်ငံပေါင်း ၁၅၆ နိုင်ငံရှိပြီး ဂျာမနီ၊ ပြင်သစ်၊ အီတလီ၊ ရုရှား အပါအဝင် ဥရောပနိုင်ငံအများစု၊ နေသဟာယမဟုတ်သော အာဖရိကနိုင်ငံအများစု၊ ဘရာဇီး၊ အာဂျင်တီးနား အပါအဝင် လက်တင်အမေရိကနိုင်ငံအများစု၊ အာရှမှ တရုတ်၊ ကမ္ဘောဒီးယား၊ ဗီယက်နမ်၊ မလေးရှား၊ အင်ဒိုနီးရှားအပါအဝင် နိုင်ငံအချို့တို့သည် ပြက္ခဒိန်နှစ်(Calendar Year) အတိုင်း ဘဏ္ဍာရေးနှစ် (Fiscal Year)ကို ရေးဆွဲပြဋ္ဌာန်းအသုံးပြုလျက်ရှိပါသည်။

| ဘဏ္ဍာရေးနှစ်ကို ပြက္ခဒိန်နှစ် (ဇန်နဝါရီ ၁ ရက်မှစ၍ ဒီဇင်ဘာ ၃၁ ပြီးဆုံးသော) အတိုင်း ကျင့်သုံးသော နိုင်ငံများ | ဧပြီ ၁ ရက်မှစ၍ မတ် ၃၁ ပြီးဆုံးသော ဘဏ္ဍာရေးနှစ် ကျင့်သုံးသော နိုင်ငံများ | ဇူလိုင် ၁ ရက်မှစ၍ ဇွန် ၃၁ ပြီးဆုံးသော ဘဏ္ဍာရေးနှစ် ကျင့်သုံးသော နိုင်ငံများ | အောက်တိုဘာ ၁ ရက်မှစ၍ စက်တင်ဘာ ၃၁ ပြီးဆုံးသော ဘဏ္ဍာရေးနှစ် ကျင့်သုံးသော နိုင်ငံများ |
|---|---|---|---|
| **စုစုပေါင်း - ၁၅၆ နိုင်ငံ**<br>**ဥပမာ**<br>▪ Argentina<br>▪ Austria<br>▪ Brazil<br>▪ Bulgaria<br>▪ Colombia<br>▪ France<br>▪ Germany<br>▪ Indonesia<br>▪ Iraq<br>▪ Israel | **စုစုပေါင်း ၃၃ နိုင်ငံ**<br>**ဥပမာ**<br>▪ Brunei<br>▪ Hong Kong<br>▪ India<br>▪ Jamaica<br>▪ Japan<br>▪ Jersey<br>▪ New Zealand<br>▪ Singapore<br>▪ South Africa<br>▪ Swaziland | **စုစုပေါင်း ၂၀ နိုင်ငံ**<br>**ဥပမာ**<br>▪ Australia<br>▪ Bahamas<br>▪ Bangladesh<br>▪ Bhutan<br>▪ Christmas Island<br>▪ Egypt<br>▪ Kenya<br>▪ Malawi<br>▪ Tanzania<br>▪ Uganda | **စုစုပေါင်း ၁၂ နိုင်ငံ**<br>**ဥပမာ**<br>▪ American Samoa<br>▪ Haiti<br>▪ Palau<br>▪ Thailand<br>▪ United States<br>▪ Guam<br>▪ Laos<br>▪ Virgin Islands<br>▪ North Mariana Islands<br>▪ Marshall Island |

အမေရိကန်ပြည်ထောင်စု အပါအဝင် ထိုင်းနိုင်ငံ၊ ဂူအမ်၊ ဟေတီ စသည့်နိုင်ငံများသည် အောက်တိုဘာ ၁ ရက်မှစတင်၍ စက်တင်ဘာ ၃၀ ရက် ပြီးဆုံးသော ဘဏ္ဍာနှစ်ကို အသုံးပြုသည်။ သို့သော်လည်း ကမ္ဘာပေါ်တွင် ထိုကာလအပိုင်းအခြားကို ဘဏ္ဍာရေးနှစ်အဖြစ် ဆောင်ရွက်သော နိုင်ငံ ၁၂ နိုင်ငံသာ ရှိသည်ကို တွေ့ရှိရပါသည်။

ကနေဒါနိုင်ငံအပါအဝင် နေသဟာယနိုင်ငံများ၊ အာဖရိကနိုင်ငံအချို့၊ ဂျပန်နိုင်ငံအပါအဝင် အာရှနိုင်ငံအချို့တို့သည် ဧပြီ ၁ရက်မှစတင်၍ မတ် ၃၁ ရက်တွင် ပြီးဆုံးသော ဘဏ္ဍာရေးနှစ်ကို လက်ရှိအသုံးပြုနေကြပါသည်။ မြန်မာနိုင်ငံသည်လည်း ဘတ်ဂျက်နှစ်ကို ဧပြီ ၁ ရက်မှ မတ် ၃၁ ရက်အထိ ယနေ့တိုင် အသုံးပြုဆဲဖြစ်ပြီး ကမ္ဘာပေါ်တွင် ဧပြီ ၁ ရက် စတင်သည့်နိုင်ငံ ၃၃ နိုင်ငံ ရှိပါသည်။ ဗြိတိန်နိုင်ငံသည် နှစ်စဉ် ဧပြီ ၆ ရက် တွင် ဘတ်ဂျက်လ စတင်ပြီး ဧပြီ ၅ ရက်တွင် ပြီးဆုံးပါသည်။

ဘင်္ဂလားဒေ့ရှ်၊ ဘူတန်၊ နီပေါ၊ ပါကစ္စတန် စသောနိုင်ငံများ၊ ဘဟားမား၊ ဩစတြေးလျ စသောနိုင်ငံများ၊ အီဂျစ်၊ အီသီယိုးပီးယား၊ ကင်ညာ၊ မာလာဝီ စသော နိုင်ငံများ၊ အိန္ဒိယသမုဒ္ဒရာအတွင်းမှ မုတ်သုံရာသီဥတုရှိသည့် ကျွန်းနိုင်ငံများ စသော နိုင်ငံပေါင်း ၂၀ သည် ဇူလိုင် ၁ ရက်မှစတင်၍ နောက်နှစ် ဇွန် ၃၀ ရက်တွင် ပြီးဆုံးသည့် ဘဏ္ဍာရေးနှစ်ကို ကျင့်သုံးကြပါသည်။

ဘဏ္ဍာရေးနှစ်ကို သတ်မှတ်ပြဋ္ဌာန်းခြင်းသည် သက်ဆိုင်ရာနိုင်ငံ၊ အစိုးရများ၏ လုပ်ငန်းစဉ်သာဖြစ်၍ မိမိတို့နိုင်ငံ၏ ရာသီဥတု၊ လက်ရှိ အခြေအနေတို့နှင့် လိုက်လျောညီထွေစွာ ပြဋ္ဌာန်းကြပါသည်။


မြန်မာနိုင်ငံတွင် ပြဋ္ဌာန်းထားသော ဘဏ္ဍာရေးနှစ်သည် လက်ရှိ မုတ်သုံရာသီဥတုနှင့် လိုက်လျောညီထွေမှုမရှိဟု အားလုံးမှ ဝိုင်းဝန်းထောက်ပြလျက်ရှိနေကြပါသည်။ မြန်မာနိုင်ငံနှင့်အလားတူ မုတ်သုံရာသီဥတုခံရသော ပါကစ္စတန်၊ ဘင်္ဂလားဒေ့ရှ်၊ ဘူတန်၊ နီပေါ အပါအဝင် အိန္ဒိယသမုဒ္ဒရာရှိ ကျွန်းနိုင်ငံများသည် ဇူလိုင် ၁ ရက်မှစတင်သော ဘဏ္ဍာရေးနှစ်ကို အသုံးပြုကြသည်။ ဇူလိုင်လ၊ ဩဂုတ်လနှင့် စက်တင်ဘာလတို့တွင် မိုးဖြိုင်ဖြိုင်ရွာသောလများဖြစ်၍ ထိုလများတွင် တင်ဒါခေါ်ယူခြင်း၊ ပစ္စည်းစုဆောင်းခြင်း၊ အကြိုအင်ဂျင်နီယာလုပ်ငန်းများဆောင်ရွက်ခြင်း၊ Planning ပြုလုပ်ခြင်း၊ Performance Grantee တင်သွင်းခြင်း၊ ယာယီရုံးများ၊စတိုများ ဆောက်လုပ်ခြင်းတို့ ဆောင်ရွက်ကြ၍ ရာသီဥတုကင်းစင်သော အောက်တိုဘာလမှစ၍ အရှိန်အဟုန်ဖြင့် ဆောင်ရွက်နိုင်ကြရာ ဘဏ္ဍာရေးနှစ်ကုန်ဆုံးရက်ဖြစ်သည့် ဇွန် ၃၀ ရက်တွင် လုပ်ငန်းများ ပြီးဆုံးနိုင်မည်ဖြစ်ရာ မုတ်သုံရာသီဥတုခံရသောနိုင်ငံများတွင် အသင့်တော်ဆုံးဖြစ်ကြောင်း တွေ့ရသည်။

ထို့အတူ ကမ္ဘာ့ဘဏ် (World Bank) ၏ ဘဏ္ဍာရေးနှစ်သည်လည်း ဇူလိုင်၁ ရက်မှ စတင်၍ ဇွန် ၃၀ တွင် ပြီးစီးရာ ကမ္ဘာ့ဘဏ်၏ ဘဏ္ဍာရေးနှစ်ကာလနှင့်လည်း တစ်ထပ်တည်း ဖြစ်နေသည်ကို တွေ့ရသည်။

အာရှဖွံ့ဖြိုးရေးဘဏ် (ADB)၏ ဘဏ္ဍာရေးနှစ်သည် ပြက္ခဒိန်နှစ်အတိုင်းဖြစ်သော်လည်း ADB မှ စီမံကိန်း(Project) ပြုလုပ်သည့် နိုင်ငံများ၏ ဘဏ္ဍာရေးနှစ်အတိုင်း ချေးငွေ၊ ထောက်ပံ့ငွေများ ပေးနိုင်ရန် စီမံထားသည်ကို တွေ့ရှိရသည်။

ဧပြီ ၁ ရက်မှစတင်သည့် ဘဏ္ဍာရေးနှစ်၊ ဇူလိုင် ၁ ရက်တွင် စတင်သည့် ဘဏ္ဍာရေးနှစ်နှင့် အောက်တိုဘာ ၁ ရက်တွင်စတင်သည့် ဘဏ္ဍာရေးနှစ်များကို အောက်ပါအတိုင်း မြို့ပြလုပ်ငန်းများ ဆောင်ရွက်နိုင်သည့် အချိန်ကာလကို ခွဲခြမ်းစိတ်ဖြာထားပါသည်။

မုတ်သုံရာသီဥတု ခံစားရသော နိုင်ငံများ




| စဉ် | အကြောင်းအရာ | ဧပြီလ(၁)ရက်နေ့စ၍ မတ် (၃၁)ရက် ပြီးဆုံးသော ဘဏ္ဍာရေးနှစ် | ဇူလိုင် (၁)ရက်နေ့ စ၍ ဇွန် (၃၀)ရက် ပြီးဆုံးသော ဘဏ္ဍာရေးနှစ် | အောက်တိုဘာ (၁)ရက်နေ့ စ၍ စက်တင်ဘာ (၃၀) ရက် ပြီးဆုံးသော ဘဏ္ဍာရေးနှစ် |
|---|---|---|---|---|
| ၁။ | ရန်ပုံငွေခွဲဝေခြင်း/ အသေးစိတ်ခန့်မှန်းခြေစာရင်းများရေးဆွဲခြင်း/ တင်ဒါခေါ်ယူခြင်း | April, May, June | July, August, September | October, November, December |
| ၂။ | ပစ္စည်းစုဆောင်းခြင်း၊ စက်/ယာဉ်/ယန္တရား/ လုပ်သား စုဆောင်းခြင်း | July, August, September | September , October | December, January |
| ၃။ | ပွင့်လင်းရာသီတွင် တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း | October to March | October to May | January to May |
| | Total Working Time | 6 months | 8 months | 5 months |

အထက်ပါဇယားကို ကြည့်ခြင်းဖြင့် ဇူလိုင် ၁ ရက်တွင် စတင်သည့် ဘဏ္ဍာရေးနှစ်သည် မြို့ပြလုပ်ငန်းများ ရှစ်လ လုပ်ကိုင်နိုင်သည့် အများဆုံး အကျိုးသက်ရောက်မှုရှိသောကာလအဖြစ် တွေ့ရှိရပါသည်။

လက်ရှိ ဧပြီ ၁ ရက်မှစတင်သော ဘဏ္ဍာရေးနှစ်ကို အကြောင်းအမျိုးမျိုးကြောင့် မပြောင်းလဲလိုလျှင် အခြားနိုင်ငံများမှာ ကျင့်သုံးနေသော ဘတ်ဂျက်ကို ၁၅ လထားသည့်စနစ်ကျင့်သုံး၍ ရနိုင်ပါသည်။ ဧပြီ ၁ ရက်မှ စသောလုပ်ငန်းများ မတ် ၃၁ ရက်တွင် ပြီးဆုံးလျှင် ဧပြီ၊ မေ၊ ဇွန် သုံးလ ထပ်မံတိုးမြှင့်လုပ်ဆောင်ခွင့်ပြုသည့်နည်းလမ်းဖြစ်၍ ကမ္ဘာပေါ်ရှိ နိုင်ငံအများအပြား အသုံးပြုလျက်ရှိပါသည်။

အကယ်၍ ဘဏ္ဍာရေးနှစ်ကာလအပိုင်းအခြားကို ပြောင်းလဲမည်ဆိုပါလျှင် ကမ္ဘာပေါ်ရှိ နိုင်ငံအများ အသုံးပြုနေသော ဘဏ္ဍာရေးနှစ်ကာလများနှင့် မုတ်သုံရာသီခံရသော နိုင်ငံများ၏ ဘဏ္ဍာရေးနှစ် ကာလများကို သိရှိနိုင်ရန်အတွက် အကြံပြုတင်ပြလိုက်ပါသည်။ ။

❑

# ယိုးဒယားသကြားလုံးထက်စားလို့ချိုသော

**အေး (ကေတုမြေ)**

တစ်ညနေ အိမ်အလုပ်လုပ်ရင်း FM ရေဒီယိုအစီအစဉ် တစ်ခုကို နားထောင်နေမိသည်။ သီချင်းတောင်းအစီအစဉ်မှ လာနေသည့်သီချင်းကို နားစိုက်ထောင်လိုက်တော့ ဟိုအရင်က အဆိုတော် ဘိုဘိုဟန်ဆိုထားတဲ့ သီချင်းဖြစ်တာ သတိရလိုက်သည်။ လက်ရှိပြန်ဆိုထားတဲ့အဆိုတော်လေး ရဲ့နာမည်တော့ ပြောတဲ့အချိန်မှာ မကြားလိုက်။ အရင်က သီချင်းမှာပါတဲ့ လူဦးရေ အရေအတွက်တော့ သေသေ ချာချာမမှတ်မိတော့ပေ။ အခုသီချင်းမှာကတော့ အချိန် ကာလနှင့်အညီ လူဦးရေသန်းပေါင်း ၆၀၀၀ ဖြစ်သွားသည်။ သီချင်းမှာ အချစ်က ယိုးဒယားသကြားလုံးထက်ပိုချိုသည် ဟု တင်စားရေးဖွဲ့သီဆိုထားကြသည်။

စာရေးသူက ကိုယ့်အသက်အရွယ်နှင့်ဆိုတော့ ယိုးဒယားသကြားလုံးကို ပိုစိတ်ဝင်စားသွားသည်။ လွန်ခဲ့သည့် နှစ်ပေါင်းလေးဆယ်ကျော် အဆိုတော် ဘိုဘိုဟန်တို့ ခေတ်တုန်းကလည်း စာရေးသူတို့ ယိုးဒယားသကြားလုံးကို ချိုသည်ဟု လက်ခံခဲ့ကြသည်။ အခုသီချင်းကြားလိုက်တော့ လည်း စာရေးသူတို့တွေ ယခုအချိန်အထိ ယိုးဒယားသကြား လုံးတွေကချိုသည်ဟု ထင်နေဆဲလားဟု အတွေးဝင်လာ သည်။

စာရေးသူတို့ကလေးဘဝက ဝတ္ထုတွေထဲမှာဖတ်ခဲ့ရပြီး ကိုယ်တွေ့မမြင်ဖူးသော်လည်း လူကြီးတွေပြောကြသည့် မော်လမြိုင်ရထားပေါ်က ထိုင်းမှောင်ခိုပစ္စည်းတွေ အကြောင်းကို သတိရသည်။ ပြည်တွင်းအတွက် လိုအပ်သည့် အဝတ်အထည်၊ လူသုံးကုန်၊ စားသုံးကုန်ပစ္စည်းတွေအတွက် အိမ်နီးချင်းနိုင်ငံများဖြစ်ကြသည့် တရုတ်နိုင်ငံနှင့် ထိုင်းနိုင်ငံ ထုတ်ပစ္စည်းများကို အားကိုးကြရသည်။ ပြည်တွင်းလုပ်ငန်း များမှာ အဲဒီခေတ် အဲဒီအချိန်ကလည်း ပြည်တွင်းစားသုံးမှု လိုအပ်ချက်ကို ပြည့်မီအောင် ဖြည့်ဆည်းပေးနိုင်ရန် အားနည်းမှုများရှိခဲ့သည်။ နိုင်ငံကို တံခါးဖွင့်စီးပွားရေးဘက် ကို ဦးလှည့်ပြီးနောက်ပိုင်း ပြည်ပသွင်းကုန်များ၏ ဝင်ရောက် မှု ပိုမိုများပြားလာပြီး စွမ်းဆောင်ရည်အားနည်းသည့် ပြည်တွင်းလုပ်ငန်းများမှာ ယှဉ်ပြိုင်မှု ပိုမိုပြင်းထန်ခြင်းကို တွေ့ကြုံရပါသည်။ ၎င်းထဲတွင် ထပ်ဆင့်ပြုပြင်ထားသော စားသောက်ကုန်စည်များ အများအပြားပါဝင်ပါသည်။ (ဥပမာအားဖြင့် မုန့်အမျိုးမျိုး၊ အချိုရည်၊ သစ်သီးယိုများ)

**မြန်မာနိုင်ငံကဲ့သို့ စိုက်ပျိုးရေးထုတ်ကုန်များ ထုတ်လုပ်နိုင်သော နိုင်ငံအနေဖြင့် ၎င်းကဲ့သို့ ထုတ်ကုန်များထုတ်လုပ်ရန် အခြေအနေကောင်း များ ရှိနေပါသည်။ ပြည်တွင်းလုပ်ငန်းများအနေဖြင့် ထိုကုန်စည်မျိုးများကို ပြည်တွင်းစားသုံးမှုအတွက် ပြည့်ဝစွာ ဖြည့်ဆည်းပေးနိုင်ပါက (အရေအတွက် သာမက ပြည်တွင်းစားသုံးသူများ ကြိုက်နှစ်သက်သည့် အရည်အသွေးကိုပါပေးနိုင်ခြင်း) နိုင်ငံခြားငွေစီးထွက် မှုကို အတော်အသင့် ထိန်းနိုင်ပါလိမ့်မည်။**

ထပ်ဆင့်ပြုပြင်ထားသော စားသောက်ကုန်များ ထုတ်လုပ်ရန်အတွက် အသုံးပြုရသည့် ကုန်ကြမ်းများမှာ စိုက်ပျိုးထုတ်ကုန်များသာဖြစ်ပြီး အဆင့်မြင့်နည်းပညာများ လည်း အသုံးပြုစရာမလိုအပ်ပေ။ မြန်မာနိုင်ငံကဲ့သို့ စိုက်ပျိုးရေးထုတ်ကုန်များ ထုတ်လုပ်နိုင်သော နိုင်ငံအနေ ဖြင့် ၎င်းကဲ့သို့ ထုတ်ကုန်များ ထုတ်လုပ်ရန် အခြေအနေ ကောင်းများရှိနေပါသည်။ ပြည်တွင်းလုပ်ငန်းများအနေဖြင့် ထိုကုန်စည်မျိုးများကို ပြည်တွင်းစားသုံးမှုအတွက် ပြည့်ဝစွာ ဖြည့်ဆည်းပေးနိုင်ပါက (အရေအတွက်သာမက ပြည်တွင်း စားသုံးသူများ ကြိုက်နှစ်သက်သည့် အရည်အသွေးကိုပါ ပေးနိုင်ခြင်း) နိုင်ငံခြားငွေစီးထွက်မှုကို အတော်အသင့် ထိန်းနိုင်ပါလိမ့်မည်။

ထို့ပြင် ပြည်တွင်းစားသုံးမှုအတွက် ဖြည့်ဆည်းရင်းဖြင့် လုပ်ငန်းများ၏ ထုတ်လုပ်နိုင်မှုမြင့်တင်နိုင်ပြီး ယှဉ်ပြိုင်နိုင် စွမ်းအားမြင့်မားလာပါက ပို့ကုန်တင်ပို့နိုင်သည့်အခြေအနေ ရောက်အောင် ဆောင်ရွက်နိုင်ပါသည်။ မြန်မာနိုင်ငံ တွင် SMEs (Small and Medium Enterprises) များနှင့်ပတ်သက်၍ စာရင်းအင်းအချက်အလက်များ အတိ အကျရရှိရန် လိုအပ်ချက်များရှိနေပါသေးသည်။ သို့သော် လည်း စာရေးသူအနေနှင့် ၂၀၁၃ ခုနှစ် စာရင်းအင်း အချက်အလက်တစ်ခုကို ရည်ညွှန်းချင်ပါသည်။ ၂၀၁၃ ခုနှစ်တွင် SMIs (Small and Medium-sized Industries) အနေဖြင့် ကောက်ယူထားသည့်စာရင်းများတွင် စားသောက် ကုန်နှင့် အဖျော်ယမကာလုပ်ငန်းစုမှာ SMIs စုစုပေါင်း၏ ၆၃ ဒသမ ၅ ရာခိုင်နှုန်းရှိပြီး အများဆုံးဖြစ်ခဲ့သည်။ ယခု လက်ရှိအချိန်တွင်လည်း ၎င်းလုပ်ငန်းစု၏ ပါဝင်မှုရာခိုင်နှုန်း သည် သိသာစွာလျော့နည်းသွားလိမ့်မည်ဟု မထင်ပါ။

ထို့ကြောင့် ၎င်းလုပ်ငန်းစု တိုးတက်မှုရရှိအောင် ဆောင်ရွက်နိုင်ခြင်းသည် နိုင်ငံ၏ SMEs များ ဖွံ့ဖြိုးတိုးတက် မှုကို ရလာခြင်းဟုလည်း ဆိုနိုင်ပေလိမ့်မည်။ မြန်မာနိုင်ငံ သည် ရာသီဥတုဖောက်ပြန်မှုများနှင့် ကြုံတွေ့ခံစားရသည် များရှိသော်လည်း မြန်မာ့ရေ၊ မြေ၊ ရာသီဥတုသည် စိုက်ပျိုး ရေးလုပ်ငန်းများအတွက် သင့်တော်ကောင်းမွန်သည့်အခြေ အနေရှိနေပါသည်။ နိုင်ငံမှာ ပိုင်ဆိုင်သည့် လူ့အရင်းအမြစ် အများစု၊ အရင်းအနှီးနှင့် နည်းပညာအဆင့်အတန်းတို့မှာ အရင်းအနှီးများစွာလိုအပ်ပြီး အဆင့်မြင့်နည်းပညာများကို အသုံးပြု၍ ထုတ်လုပ်ရမည့် ကုန်စည်များ ထုတ်လုပ်မည်ဆို လျှင် အချိန်အခါမသင့်သေးဟု ဆိုချင်ပါသည်။ ဘောဂဗေဒ ဘာသာရပ် အသုံးအနှုန်းအရဆိုလျှင် နှိုင်းယှဉ်အကျိုး ကျေးဇူးနည်းသည်ဟု ပြောနိုင်ပါသည်။

ထို့အပြင် စားသောက်ကုန်လုပ်ငန်းများသည် အခြား လုပ်ငန်းများနှင့် ချိတ်ဆက်မှုအားကောင်းသည်ကို တွေ့နိုင် ပါသည်။ ဥပမာအားဖြင့် သကြား၊ ပြောင်းဖူးဖြင့် ပြုလုပ် ထားသော ကော်မှုန့်စသည်တို့သည် အခြားစားသောက် ကုန်ထုတ်လုပ်သော လုပ်ငန်းများနှင့်သာမက လယ်ယာ ကဏ္ဍနှင့်ပါ ချိတ်ဆက်နေသည်ကို တွေ့နိုင်ပါသည်။ သို့ဖြစ်ပါ၍ စားသောက်ကုန်လုပ်ငန်းများ တိုးတက်မှုသည် ၎င်းနှင့် ချိတ်ဆက်နေသောကဏ္ဍများ၏ တိုးတက်မှုကိုပါ အထောက်အကူပြုနိုင်ပါသည်။ ကမ္ဘာ့လူဦးရေသည် အချိန် နှင့်အမျှ တိုးတက်နေသည်ဖြစ်၍ ကမ္ဘာ့စားသောက်ကုန် ဈေးကွက်တွင် နေရာယူပြီး တိုင်းပြည်အတွက် ဝင်ငွေရှာဖွေ ပေးနိုင်သည့် နည်းလမ်းတစ်ခုအဖြစ်လည်း ဖြစ်ပါသည်။

စာရေးသူတို့နိုင်ငံတွင် အကြောင်းအမျိုးမျိုးကြောင့် အထက်တန်းအဆင့်နှင့် တက္ကသိုလ်အဆင့်အထိ၊ တချို့ အလယ်တန်းအဆင့်ပညာကိုပင် မသင်ယူနိုင်တော့ဘဲ ဝမ်းရေးအတွက် အလုပ်လုပ်နေကြသည့် လူငယ်များစွာရှိပါ သည်။ ထို့အပြင် ဘွဲ့ရပြီးသော်လည်း အလုပ်မရနိုင်သေး သည့် လူငယ်များစွာရှိပါသည်။ ထိုထိုသော လူငယ်များစွာ မှာ ၎င်းတို့ဘဝများအတွက်၊ တိုင်းပြည်အတွက် အလုပ်လုပ် ပေးနိုင်သည့် စွမ်းရည်များစွာရှိပါသည်။

တချို့လူငယ်များမှာ အနေ့ယာဉ်နင်းခြင်း၊ အငှား ယာဉ် အငှားမောင်းခြင်း၊ ကွမ်းယာဆိုင်ဖွင့်ခြင်း၊ အရင်း အနှီး အနည်းငယ်ရှိသည့်အခါ ဈေးဆိုင်၊ လက်ဖက်ရည် ဆိုင်ဖွင့်ခြင်းများလုပ်ကြသည်။ စာရေးသူအနေဖြင့် ထိုသို့သော လုပ်ငန်းများထက် ထုတ်ကုန်ထုတ်လုပ်နိုင်သော လုပ်ငန်း ကဏ္ဍများတွင် သူတို့တွင်ရှိသော စွမ်းရည် (သို့မဟုတ်) ငွေကြေးတို့ဖြင့် သင့်တော်သော အလုပ်အကိုင်များ (သို့မဟုတ်) လုပ်ငန်းများတွင် လုပ်ကိုင်စေချင်ပါသည်။ သို့မှသာ ၎င်းလူငယ်များအတွက် ကောင်းမွန်သော အလုပ် အကိုင်အခွင့်အလမ်းများ ရရှိစေနိုင်သကဲ့သို့ တိုင်းပြည် အတွက်လည်း ကုန်စည်များပေါပေါများများ ထွက်ပေါ်လာ နိုင်ပါသည်။

ယခုလတ်တလော မြန်မာရွှေ့ပြောင်းအလုပ်သမား များ၏ အခြေအနေဖြစ်ရပ်များကိုလည်း စာရေးသူတို့ တွေ့မြင်ကြားသိနေပြီးဖြစ်သည်။ ရွှေ့ပြောင်းအလုပ်သမား များမှာ တကယ့်အလုပ်လုပ်နိုင်စွမ်းရှိသည့် လူငယ်၊ လူလတ်ပိုင်းအရွယ်များသာဖြစ်သည်။ ပြည်တွင်းတွင် ရေရှည် အာမခံချက်ရှိပြီး စားဝတ်နေရေးအတွက် ဖူလုံမှုရှိသည့် လုပ်ခ၊ လစာရနိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ မရှိ၍သာ ပြည်ပထွက် အလုပ်လုပ်ကြခြင်းဖြစ်သည်။

ထိုင်းနိုင်ငံ၏ စီးပွားရေးအဆောက်အအုံ လည်ပတ် နေမှု၊ ဒေသတွင်း အခြားနိုင်ငံများထက် စီးပွားရေးအားသာ နေမှုတို့အတွက် မြန်မာရွှေ့ပြောင်းအလုပ်သမားများက ဒေါက်တိုင်တစ်ခုအနေဖြင့် ရပ်တည်ပေးနေသည်ဟုဆို လျှင် မည်သူမျှငြင်းမည်မထင်ပါ။ ထို့ကြောင့် စာရေးသူ အနေဖြင့် ထိုလုပ်သားအင်အားစုကို နိုင်ငံအတွက် အသုံးချ ချင်ပါသည်။ မိမိနိုင်ငံသားများကိုလည်း မိသားစုနှင့်အဝေး မှာ၊ တခြားနိုင်ငံများ၏ မျိုးစုံပြောင်းလဲနေသော ဥပဒေ များအောက်မှာ စိတ်ဆင်းရဲခြင်းကြီးစွာနှင့် အလုပ်မလုပ်စေ ချင်ပါ။ မိမိနိုင်ငံအတွင်း လုပ်ငန်းခွင်များတွင်သာ ပျော်ရွှင် ချမ်းမြေ့စွာရှိစေချင်ပါသည်။

စားသောက်ကုန်လုပ်ငန်းများသည် အထက်တွင် ဖော်ပြထားသကဲ့သို့ အဆင့်မြင့်နည်းပညာများ အသုံးပြုရန် မလိုအပ်သဖြင့် ပညာအရည်အချင်းနှင့် ကျွမ်းကျင်မှု စွမ်းရည်နိမ့်သည့် လုပ်သားများကို အသုံးပြုနိုင်၍ ထိုသူ များအတွက် အလုပ်အကိုင်ရရှိစေနိုင်ပါသည်။ အခြားနိုင်ငံ အသီးသီးတွင်လည်း စားသောက်ကုန်ထုတ်လုပ်သော လုပ်ငန်းများအပါအဝင် SMEs များတွင် နိုင်ငံများ၏ လုပ်အားအင်အားစုအများစု ပါဝင်လုပ်ကိုင်နေသည်ကို တွေ့ရှိရပါသည်။

ယခုအခါ SMEs များ ဖွံ့ဖြိုးတိုးတက်လာစေရန် အတွက် UNIDO, JICA, GIZ တို့ကဲ့သို့ နိုင်ငံတကာ အဖွဲ့အစည်းများမှ အသိအမှတ်ပြုလက်ခံထားသည့် အဓိက ဧရိယာခြောက်ခုရှိပြီး ၎င်းတို့မှာ (၁) လုပ်ငန်းလုပ်ကိုင် ဖန်တီးနိုင်စွမ်းရှိသည့် ပတ်ဝန်းကျင်ပံ့ပိုးပေးခြင်း၊ (၂) စီမံခန့်ခွဲမှုစွမ်းရည်နှင့် လူ့အရင်းအမြစ်များ အပါအဝင် စွန့်ဦးတီထွင်နိုင်မှုများ ဖွံ့ဖြိုးတိုးတက်မှုရရှိရန် ဆောင်ရွက်ခြင်း၊ (၃) လုပ်ငန်းများအတွက် ဘဏ္ဍာရေး ကိစ္စရပ်များ ပံ့ပိုးပေးခြင်း၊ (၄) လုပ်ငန်းဖွံ့ဖြိုးတိုးတက်မှုရရှိ ရန် SMEs ဝန်ဆောင်မှုပေးသည့် လုပ်ငန်းများ တိုးပွား စေရန်ဆောင်ရွက်ခြင်း၊ (၅) နည်းပညာ လွှဲပြောင်းမှုနှင့် နည်းပညာများ လက်ခံသုံးစွဲနိုင်စေရန် ဆောင်ရွက်ခြင်းနှင့် (၆) ကုန်သွယ်မှုမြှင့်တင်ခြင်းအပါအဝင် ဈေးကွက်ရရှိစေ ရန် ဆောင်ရွက်ခြင်းတို့ ဖြစ်ပါသည်။

၎င်းအဓိက ဆောင်ရွက်ရမည့်အချက်များကို အကောင် အထည်ဖော်မည်ဆိုပါက လုပ်ငန်းရှင်များကိုယ်တိုင်နှင့် အတူ ပါဝင်အကောင်အထည်ဖော်ပေးရမည့် ဌာနအသီး သီးမှ ပူးပေါင်းဆောင်ရွက်ရပါမည်။ တစ်နည်းအားဖြင့်ဆို သော် SMEs များ ဖွံ့ဖြိုးတိုးတက်လာစေရန် ဆောင်ရွက်ကြ ရာတွင် ဦးစီးဌာနတစ်ခု (သို့မဟုတ်) ဝန်ကြီးဌာနတစ်ခုတည်း မှ လုပ်ဆောင်နိုင်မည်မဟုတ်ပါ။ သက်ဆိုင်သည့်ဌာနများ အားလုံး ပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်သည်။ မြန်မာ နိုင်ငံ၏ SMEs များတွေ့ကြုံရသော အခက်အခဲများနှင့် တိုးတက်မှုအတွက် အဟန့်အတားဖြစ်စေသော အချက်များ ကိုတော့ ပြည်တွင်း၊ ပြည်ပ ပညာရှင်များစွာ လေ့လာခဲ့ကြ ပြီးဖြစ်သကဲ့သို့ စက်မှုဝန်ကြီးဌာန စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနအောက်မှ အသေးစားနှင့် အလတ်စား လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဗဟိုဌာနမှ focal point အဖြစ်ဆောင်ရွက်၍ SMEs များ အောင်မြင်လာစေရန် ကြိုးပမ်းလုပ်ဆောင်လျက်ရှိပါသည်။

သို့ဖြစ်ပါ၍ နိုင်ငံအတွက်သာမက နိုင်ငံသားများ အတွက်လည်း အရေးပါလှသောကြောင့် ယိုးဒယားသကြား လုံးထက်စားလို့ချိုသော ပြည်တွင်းစားသောက်ကုန်၊ လူသုံး ကုန်ပစ္စည်းများ ထုတ်လုပ်နိုင်သော ပြည်တွင်း SMEs များ ထူထောင်နိုင်ပြီး ရေရှည်အောင်မြင်စွာ တည်တံ့နိုင် စေရန် ဆောင်ရွက်ကြဖို့ လိုအပ်သည်ဟု ထင်မြင်မိပါသည်။

***ရည်ညွှန်း- Guidebook for SME Development in Asia and the Pacific (2012), ESCAP***

# အင်းစိန် ဂျီတီအိုင်နှင့် ဒဂုံတက္ကသိုလ်သို့ ပြေးဆွဲမည့် YBS ၈၈ ယာဉ်လိုင်း ကားသစ်များဖြင့် ပြေးဆွဲမည်

**ရန်ကုန် ဇူလိုင် ၂၂**

ရန်ကုန်မြို့ရှိ တက္ကသိုလ်နှစ်ခုကို ချိတ်ဆက်ပြေးဆွဲမည့် YBS ၈၈ ယာဉ်လိုင်းတွင် တရုတ်နိုင်ငံမှ ဝယ်ယူထားသော ဘတ်စ်ကားအသစ်များဖြင့် ပြေးဆွဲမည်ဖြစ်ပြီး အင်းစိန် ဂျီတီအိုင်နှင့် ဒဂုံတက္ကသိုလ်သို့ ပြေးဆွဲသွားမည်ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေး ကြီးကြပ် ကွပ်ကဲမှုအာဏာပိုင်အဖွဲ့ အတွင်းရေးမှူး ဒေါက်တာ မောင်အောင်က ပြောသည်။

တရုတ်နိုင်ငံမှ ဝယ်ယူထားသော ဘတ်စ်ကားအစီး ၁၀၀၀ မှ ကားသစ်များကို ဇူလိုင် ၁၈ ရက်မှ စတင်ကာ ဒဂုံတက္ကသိုလ်-ဆူးလေခရီးစဉ်အဖြစ် YBS ၈၇ ယာဉ်လိုင်း ကို စတင်ပြေးဆွဲခဲ့ပြီး ရက်ပိုင်းအတွင်း YBS ၈၈ ယာဉ် လိုင်းကို အင်းစိန်ဂျီတီအိုင်နှင့် ဒဂုံတက္ကသိုလ် ခရီးစဉ်လမ်း ကြောင်း စတင်ပြေးဆွဲမည်ဟု သိရသည်။

“ဒီနေ့ YBS ၈၇ စတင်ပြေးဆွဲပါတယ်။ Yutong ကားသစ်တွေနဲ့ပါ။ အင်းစိန် ဂျီတီအိုင်နဲ့ ဒဂုံတက္ကသိုလ် လမ်းကြောင်းကို YBS ၈၈ အဖြစ် မကြာမီ ဆက်လက် ပြေးဆွဲမှာပါ။ ဒါက YBPC ကုမ္ပဏီ လက်အောက်အနေနဲ့ ကားသစ်တွေကို ပြေးဆွဲစေတာပါ။ ဒါ့အပြင် မော်ဘီ နည်းပညာတက္ကသိုလ်အထိကိုလည်း ကားသစ်တွေနဲ့ပဲ YBS ၃၇ ယာဉ်လိုင်းက ထောက်ကြန့်ကနေ လမ်းကြောင်း ဆက်ပြီး ကျောင်းသား ကျောင်းသူတွေ အဆင်ပြေစေဖို့ ပြေးဆွဲပေးနေပါတယ်”ဟု ဒေါက်တာ မောင်အောင်က ပြောသည်။

ရန်ကုန်တိုင်းဒေသကြီး အစိုးရ၏စီစဉ်မှုဖြင့် တရုတ် နိုင်ငံ Yutong နှင့် Ankai ကားကုမ္ပဏီ နှစ်ခုမှ ဘတ်စ်ကားအစီး ၅၀၀ စီဖြင့် စုစုပေါင်း ဘတ်စ်ကား အစီး ၁၀၀၀ ဝယ်ယူထားသည့် YBPC အများပိုင် ဘတ်စ်ကားကုမ္ပဏီနှင့် YUPT အများပိုင်ဘတ်စ်ကား ကုမ္ပဏီတို့၏ လက်အောက်ရှိ ယာဉ်လိုင်းများတွင် စတင် ဝင်ရောက်ပြေးဆွဲမည်ဖြစ်ပြီး လက်ရှိတွင် YBPC ယာဉ် လိုင်းတွင် သုံးလိုင်း၊ YUPT ယာဉ်လိုင်းမှ လိုင်း ၁၀ လိုင်း တို့တွင် ကားသစ်များ ဝင်ရောက်ပြေးဆွဲသွားမည်ဖြစ် ကြောင်း ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေး ကြီးကြပ်ကွပ်ကဲမှု အာဏာပိုင်အဖွဲ့ထံမှ သိရသည်။


ဇူလိုင် ၁၈ ရက်တွင် စတင်ပြေးဆွဲနေသော YBS ၈၇ ကားသစ်များကို တွေ့ရစဉ်။ ခင်မောင်ဝင်း(ကြေးမုံ)

အဆိုပါ ဘတ်စ်ကားသစ်များ ဝင်ရောက်ပြေးဆွဲမည့် YBPC (ယခင် BRT Lite ယာဉ်လိုင်း) ကုမ္ပဏီသည် အစိုးရ- ပုဂ္ဂလိက ပူးပေါင်းမှုဖြင့် ဖွဲ့စည်းထူထောင်ခဲ့သော အများပိုင်ကုမ္ပဏီတစ်ခုဖြစ်ပြီး YUPT ကုမ္ပဏီမှာ ယခင် မ. ထ. သ(မြို့တွင်း) ယာဉ်လိုင်းကို အများပိုင်ကုမ္ပဏီအဖြစ် ဖွဲ့စည်းထူထောင်ခဲ့သော ယာဉ်လိုင်းကုမ္ပဏီတစ်ခု ဖြစ်ကြောင်း သိရသည်။ **(ဆုနှင်းလှဲ့)**

# သက်ကြီးလူရွှင်တော်များ ကူညီထောက်ပံ့ရေးရန်ပုံငွေကပွဲ အမျိုးသားဇာတ်ရုံ၌ ကပြဖျော်ဖြေမည်

**ရန်ကုန် ဇူလိုင် ၂၂**

ဇူလိုင် ၂၃ ရက် ည ၇ နာရီတွင် ကပြဖျော်ဖြေမည့် လူရွှင်တော်အသင်း (ရန်ကုန်)က ကြီးမှူးကျင်းပသော ဒုတိယအကြိမ်မြောက် သက်ကြီးလူရွှင်တော်များအား ကူညီထောက်ပံ့ရေးရန်ပုံငွေကပွဲ နောက်ဆုံးအဆင့် အကြိုဇာတ်တိုက် အစမ်းလေ့ကျင့်နေမှုများကို ဇူလိုင် ၂၂ ရက် မွန်းလွဲပိုင်းက ရန်ကုန်မြို့ရှိ အမျိုးသားဇာတ်ရုံ၌ ပါဝင်ဖျော်ဖြေကြမည့် လူရွှင်တော်များစုပေါင်း၍ လေ့ကျင့်မှုများ ပြုလုပ်ခဲ့ကြသည်။



အဆိုပါ ကပွဲသည် တစ်ခေတ်တစ်ခါက အောင်မြင်ကျော်ကြားခဲ့သော ဟာသလူရွှင်တော်ကြီးများနှင့် ကျန်းမာရေးမကောင်းသော သက်ကြီးဟာသ လူရွှင်တော်ကြီးများကို တစ်ဖက်တစ်လမ်းမှ ကူညီထောက်ပံ့ပေးနိုင်ရေး ရည်ရွယ်ချက်ဖြင့် လူရွှင်တော်အသင်း (ရန်ကုန်)က ကြီးမှူး၍ စီစဉ်ကျင်းပသော ကပွဲဖြစ်သည်။ ကပွဲတွင် လက်ရှိအချိန်၌ အောင်မြင်ကျော်ကြားလျက်ရှိသော ဟာသလူရွှင်တော်များနှင့် တက်သစ်စလူငယ်ဟာသ လူရွှင်တော်များ စုပေါင်းကာ ပါဝင်ကူညီဖျော်ဖြေတင်ဆက်ကြမည်ဖြစ်ကြောင်း သိရသည်။

"ရန်ကုန်က လူရွှင်တော်တွေအပြင် အမြို့မြို့အနယ်နယ်က လူရွှင်တော်တွေလည်း ပါဝင်မယ်။ စည်းလုံးပြီး အတော်ပျော်ဖို့ ကောင်းပါတယ်။ နောက်နှစ်တွေမှာလည်း ဒီလိုပွဲမျိုးတွေ ဆက်လက်လုပ်ဆောင်သွားဖို့ အစ်ကိုတို့မှာ အစီအစဉ်တွေ ရှိပါတယ်။ လာရောက်ကြည့်ရှုတဲ့ ပရိသတ်တွေ အနေနဲ့လည်း ကြည့်ရကျိုးနပ်ပြီး ကျေနပ်လိမ့်မယ်လို့ ယုံကြည်ပါတယ်" ဟု ဟာသလူရွှင်တော် ဦးကင်းကောင်က ပြောသည်။

ဖျော်ဖြေပွဲတွင် ဖျော်ဖြေတင်ဆက်ရေး အစီအစဉ်များစွာ ပါဝင်ပြီး ပရိသတ်များအတွက် ဟာသအနေဖြင့် တင်ဆက်မှုများအပြင် အသိပညာများ၊ တွေးစရာများကိုပါ ထည့်သွင်းဖျော်ဖြေ တင်ဆက်သွားမည်ဖြစ်ကြောင်း သိရသည်။

ယင်းပွဲကို ဒါရိုက်တာ မောင်သီက စီစဉ်ပြီး နာမည်ကျော် ဟာသလူရွှင်တော်များအဖြစ် ဇာဂနာ၊ အရိုင်း၊ ဗေလုဝ၊ မေတ္တာ၊ ဒိန်းဒေါင်၊ ဧရာ၊ ကျော်ထူး၊ ကင်းကောင်၊ ညောင်ညောင်၊ ငှက်ပျောကြော်၊ ငြိမ်းချမ်း၊ ထက်ထက်၊ ဗေဒါ၊ ဝက်မ၊ မိုးတိမ်၊ သီးလေးသီးအဖွဲ့၊ 5 Star အဖွဲ့၊ Emperor အဖွဲ့၊ မေတ္တာရွှေစင်အဖွဲ့၊ New-5 အဖွဲ့၊ ဟားညီနောင်အဖွဲ့၊ အဖေနဲ့သားများအဖွဲ့၊ လူငယ်စတားအဖွဲ့၊ ခေတ်သစ်ကြေးမုံအဖွဲ့၊ မင်းသမီး-ဒါလီလင်း၊ တင်ဇာမိုးဝင်း၊ နေခြည်ငြိမ်းချမ်း၊ ဆိုင်း-မြန်မာပြည်သား ဗိုလ်ဗိုလ်ဆင့်နှင့် နိုင်ငံကျော် လူရွှင်တော်များစွာ ပါဝင်ဖျော်ဖြေမည်ဖြစ်သည်။ ကပွဲဝင်ကြေးများကို ကျပ် ၅၀၀၀၊ ကျပ် ၁၀၀၀၀၊ ကျပ် ၁၅၀၀၀ သတ်မှတ်ထားကြောင်း သိရသည်။ **သတင်း-အေးမင်းသူ**

**ဓာတ်ပုံ-ခင်မောင်ဝင်း(ကြေးမုံ)**

# မြန်မာ့ဒီမိုကရေစီအငြိမ့်ပြိုင်ပွဲ ကျင်းပမည်

**နေပြည်တော် ဇူလိုင် ၂၂**

ပြန်ကြားရေးဝန်ကြီးဌာနမှ ကြီးမှူးကျင်းပသော မြန်မာ့ဒီမိုကရေစီ အငြိမ့်ပြိုင်ပွဲကို ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။

ပါဝင်ယှဉ်ပြိုင်လိုသော အငြိမ့်အဖွဲ့များအနေဖြင့် ပြိုင်ပွဲဝင်လျှောက်လွှာများကို ရန်ကုန်မြို့တွင် ဟံသာဝတီအဝိုင်းထိပ် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားဝင်းဘေးရှိ 4TV Main Showroom၊ မန္တလေးမြို့တွင် အခန်းနံပါတ် (D-206) ရွှေဖြူပလာဇာ ဒုတိယထပ် (၃၃)လမ်းနှင့် ဇောတိကလမ်းထောင့်၊ (၇၇)လမ်းနှင့် (၇၈)လမ်းကြား ချမ်းအေးသာစံမြို့နယ်တို့တွင် ထုတ်ယူနိုင်ပြီး ဩဂုတ် ၁ ရက်နောက်ဆုံးထား၍ စာရင်းပေးသွင်းနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# နိုင်ငံသားစိစစ်ရေးကတ်ပြား ထုတ်ပေးခြင်းလုပ်ငန်း ဆောင်ရွက်

**တမူး ဇူလိုင် ၂၂** - စစ်ကိုင်းတိုင်းဒေသကြီး တမူးမြို့ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးမောင်မောင်တာနှင့် အဖွဲ့သည် ဇူလိုင်လ ဒုတိယပတ်ရက်များတွင် တမူးမြို့ စော်ဘွားရပ်ကွက်ရှိ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းမှ နိုင်ငံသားအရည်အချင်းပြည့်မီသော အသက်(၁၀)နှစ်ပြည့်ပြီးသည့် ကျောင်းသား ကျောင်းသူများကို နိုင်ငံသားစိစစ်ရေးကတ်ပြားများ ထုတ်ပေးခဲ့သည်။ **အေးသန်း(စိန်တုံးကြီး)**






# အင်းတာပေါင်ဖော်ခြင်းနှင့် ချင်းတွင်းတာပေါင်မြှင့်တင်မှု ဆောင်ရွက်

**မုံရွာ ဇူလိုင် ၂၂**

မုံရွာမြို့ ညောင်ကိုင်းအင်းအတွင်း ရေအပြည့် ပြန်သွင်းယူကာ သန့်ရှင်းသာယာလှပစေရန်အတွက် ဇွန်လမှ စတင်ကာ စက်ယန္တရားများဖြင့် မြေကျင်းကြီး လေးသောင်းခန့်ကို တူးဖော်လျက်ရှိရာ ဇူလိုင် ၂၂ ရက်တွင် မြေကျင်းကြီး ၂၅၀၀၀ ခန့် တူးဖော်ပြီးဖြစ်ကြောင်း မုံရွာမြို့နယ်ဆည်မြောင်းဦးစီးမှူး ဦးဝင်းထိန်ထံမှ သိရသည်။

စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့မှ ညောင်ကိုင်းအင်း ပြန်လည်သန့်ရှင်းသာယာရေး ကော်မတီကို ဖွဲ့စည်းကာ တိုင်းဒေသကြီး ဆည်မြောင်းနှင့် ရေအသုံးချရေးဦးစီးဌာနက ကြီးကြပ်၍ ညောင်ကိုင်းအင်းရေပြည့်သိုလှောင်နိုင်ရန် အင်းပတ်လည်တာပေါင်ဖော်ခြင်းနှင့်အတူ မုံရွာနှင့် ချောင်းဦးမြို့နယ် ချင်းတွင်းမြစ် ရေဘေးကာကွယ်ရေး တာပေါင်မြှင့်လုပ်ငန်းကိုပါ တစ်ပါတည်းပြီးစီးစေရန် ဆောင်ရွက်နေခြင်းဖြစ်ကြောင်း သိရသည်။


"အပိုင်းသုံးပိုင်းခွဲထားတဲ့ ညောင်ကိုင်းအင်းရဲ့ မြောက်ဘက်ဆုံးအပိုင်းကိုဝင်လာမယ့် ရေတားပြီး အင်းကြမ်းပြင်က မြေကြီးကျင်းပေါင်း လေးသောင်းလောက်ကိုတူးကော်ပြီး မြေကြီးတွေကို အင်းပတ်လည်တာပေါင်ဖို့တာနဲ့အတူ ချင်းတွင်းမြစ်တာရိုးမြှင့်ရာမှာလည်း မြေတွေကို အသုံးပြုနေတော့ တစ်ခါတည်းအလုပ်နှစ်ခုလုပ်ပြီးသားဖြစ်စေတာပေါ့။ ချင်းတွင်းတာပေါင် အလျားပေတိုင် သုညကနေ ၁၃၅၀၀ ထိ သုံးပေမြှင့်တဲ့ တာပေါင်ကိုထပ်မြှင့်နေတာ ဖြစ်ပါတယ်"ဟု မုံရွာမြို့နယ် ဆည်မြောင်းနှင့် ရေအသုံးချမှုဦးစီးမှူး ဦးဝင်းထိန်က ပြောပြသည်။

အမြင့်ရှစ်ပေရှိမည့် ညောင်ကိုင်းအင်းတာပေါင် အလျားသည် ၁၃၆၇၅ ပေ ရှည်လျားပြီး ၃၃၂ ဧကပေကျယ်သည့် ရေပြင်ကျယ်ဧရိယာရှိကာ အင်း၏ရေသိုလှောင်မှု ပမာဏသည် ၁၉၉၃ ဧကပေရှိပြီး တူးဖော်နေသော အင်းအတွင်း ပျမ်းမျှရေအနက်သည် ခြောက်ပေနှင့်အင်းရေပြည့်ရန်အတွက် လေးပေပတ်လည်ရေသွင်းရေထုတ်တံခါးနှစ်ပေါက်ရှိမည်ဖြစ်သည်။ **မျိုးဝင်းထွန်း(မုံရွာ)**

# မောင်တောမြို့နယ်အတွင်း မိုးစပါး ဧက ၇၀၀၀၀ ကျော်စိုက်ပျိုးမည်

**မောင်တော ဇူလိုင် ၂၂**

မောင်တောမြို့နယ်အတွင်း ယခုမိုးရာသီ၌ မိုးစပါးဧက ၇၀၀၀၀ ကျော်စိုက်ပျိုးသွားရန် လျာထားဆောင်ရွက်လျက်ရှိကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။



"ကျွန်တော်တို့ မြို့နယ်အတွင်း ၂၀၁၇-၂၀၁၈ မိုးရာသီမှာတော့ မိုးစပါး ၇၄၇၄၄ ဧက စိုက်ပျိုးသွားဖို့ လျာထားဆောင်ရွက်လျက်ရှိပါတယ်။ ဒီလိုစိုက်ပျိုးနိုင်အောင်လည်း မျိုးစပါးတွေ၊ ဓာတ်မြေဩဇာတွေ၊ လက်တွန်းထွန်စက်တွေ ထောက်ပံ့ပေးတာတွေ ဆောင်ရွက်လျက်ရှိပါတယ်"ဟု မောင်တောမြို့နယ် စိုက်ပျိုးရေးဦးစီးမှူး ဦးသိန်းဝေက ပြောသည်။

ပြီးခဲ့သော မိုးရာသီက မောင်တောမြို့နယ်အတွင်း မိုးစပါးစိုက်ပျိုးဧက ၇၃၇၀၄ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ တစ်ဧကအထွက်နှုန်း တင်း ၈၀ မှ တင်း ၁၀၀ ထွက်ကြောင်း ၎င်းက ပြောကြားသည်။ ယခုအခါ မောင်တောဒေသနေ တောင်သူများအနေဖြင့် စပါးပျိုးထောင်ခြင်း၊ လယ်ယာမြေများ ထွန်ယက်ခြင်းတို့ကို အချိန်နှင့်တစ်ပြေးညီ လုပ်ကိုင်လျက်ရှိသည်။ သို့သော်လည်း ထွန်ယက်ခြင်းမရှိသော လယ်မြေများကိုလည်း တွေ့ရသည်။

မောင်တောဒေသတွင် လူဦးရေ တိုးတက်လာသည့်အလျောက် စားသုံးမှု ဖူလုံစေရန် အထွက်နှုန်းကောင်း မျိုးကောင်းမျိုးသန့် စပါးမျိုးများကို နှစ်စဉ် တင်သွင်းစိုက်ပျိုးလျက်ရှိကြောင်း ဦးသိန်းဝေက ပြောသည်။

**သတင်း-မြင့်မောင်စိုး၊ အောင်ကျော်ဦး**

**ဓာတ်ပုံ-သတ္တ**

# သုခရောင်ခြည် စာကြည့်တိုက်ဖွင့်ပွဲ ကျင်းပ

**ဇမ္ဗူသီရိ ဇူလိုင် ၂၂**

သုခရောင်ခြည် စာကြည့်တိုက်ဖွင့်ပွဲ အခမ်းအနားကို နေပြည်တော် ဇမ္ဗူသီရိမြို့နယ် သုခသိဒ္ဓိရပ်ကွက်၌ ယနေ့နံနက်ပိုင်းက ကျင်းပသည်။

စာကြည့်တိုက်အား နေပြည်တော် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်သင်းသင်းဇင်၊ သုခရောင်ခြည် စာကြည့်တိုက် ကော်မတီနာယက ဦးကြည်ဝင်းနှင့် အမှတ်(၁၀) အခြေခံပညာအထက်တန်းကျောင်း ကျောင်းအုပ်ကြီး ဦးကျော်ဆွေတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး စီစဉ်ဆောင်ရွက်ထားရှိမှုများကို လှည့်လည်ကြည့်ရှုကြရာ တာဝန်ရှိသူများက စာကြည့်တိုက်အတွက် ဆက်လက်ဆောင်ရွက်သွားမည့်လုပ်ငန်းစဉ်များနှင့် အစီအစဉ်များကို ရှင်းလင်းပြောကြားသည်။



အဆိုပါ သုခရောင်ခြည်စာကြည့်တိုက်မှာ လွှတ်တော် ရန်ပုံငွေကျပ်သိန်း ၅၀ ဖြင့် တည်ဆောက်ထားသော ပေ ၂၀ ပတ်လည် တစ်ထပ်အဆောက်အအုံဖြစ်ပြီး စာကြည့်တိုက်ဖွင့်ရက်အဖြစ် တစ်ပတ်လျှင် လေးရက် ညနေ ၅ နာရီမှ ည ၈ နာရီခွဲအထိ သတ်မှတ်ထားပြီး ရပ်ကွက်နေပြည်သူများအနေဖြင့် စာအုပ်စာပေများကို အခမဲ့အလွယ်တကူ ဖတ်ရှုလေ့လာနိုင်တော့မည်ဖြစ်ကြောင်း သိရှိရသည်။ **(သန့်မောင်)**

# မောင်တောမြို့နယ် ပြည်သူ့ဆေးရုံတွင် စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်

**မောင်တော ဇူလိုင် ၂၂**

ပြည်သူ့ဝန်ဆောင်မှု အကျိုးပြုလုပ်ငန်းတစ်ရပ်အနေဖြင့် ယနေ့ နံနက်ပိုင်းက ပူးပေါင်းအဖွဲ့များဖြစ်သော မြို့နယ်ရဲတပ်ဖွဲ့၊ မြို့နယ်မီးသတ်တပ်ဖွဲ့၊ မြို့နယ်မြေစာရင်းဌာနမှ တာဝန်ရှိသူများနှင့် ဝန်ထမ်းများသည် ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းအနေဖြင့် မောင်တောပြည်သူ့ဆေးရုံဝင်းအတွင်း ခြုံနွယ်ပိတ်ပေါင်းများရှင်းလင်းခြင်း၊ ရေမြောင်းများဖောက်လုပ်တူးဖော်ခြင်းတို့ကို ဆောင်ရွက်ခဲ့ကြသည်။

**အောင်ကျော်စိန်(ခရိုင်ပြန်/ဆက်)**

### ❂ ကျောဖုံးမှ

အခြားအသင်းများ၏ ရလဒ်များကို စောင့်ကြည့်ရမည်ဖြစ်သည်။ မြန်မာအသင်းသည် စင်ကာပူအသင်းကို နှစ်ဂိုး-ဂိုးမရှိ၊ ဘရူနိုင်းအသင်းကို သုံးဂိုး-ဂိုးမရှိဖြင့် အနိုင်ရထားပြီး ဩစတြေးလျအသင်းမှာမူ ဘရူနိုင်းအသင်းကို နှစ်ဂိုး-ဂိုးမရှိ၊ စင်ကာပူအသင်းကို ခုနစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရထားသည်။ မြန်မာ ယူ-၂၂ အသင်းနှင့် ဩစတြေးလျအသင်းသည် နှစ်ပွဲစလုံးဂိုးပြတ်အနိုင်ရထားပြီး ပေးဂိုးလည်းမရှိသေးသောကြောင့် ပေးဂိုးမရှိမှတ်တမ်းကို ယခုပွဲတွင် ဆက်လက်ထိန်းသိမ်းနိုင်မလားဆိုတာ စောင့်ကြည့်ရမည်ဖြစ်သည်။ ဩစတြေးလျအသင်းနှင့် အဆုံးအဖြတ်ပွဲမှာ မြန်မာအသင်းအတွက် ခြေစစ်ပွဲအောင်မြင်ရေး အဆုံးအဖြတ်ပွဲဖြစ်သောကြောင့် မြန်မာပရိသတ်များ၏ တစ်ခဲနက်အားပေးမှုရရှိရန် လိုအပ်နေပြီး ကွင်းလုံးပြည့်လာရောက်အားပေးပါက မြန်မာကစားသမားများ စိတ်ဓာတ်အမြင့်ဆုံး ရောက်သွားဖွယ်ရှိနေသည်။ အာရှ ယူ-၂၃ ခြေစစ်ပွဲကို အုပ်စု ၁၀ ခုခွဲ၍ ကျင်းပလျက်ရှိပြီး အုပ်စု (က) တွင် သီရိလင်္ကာအသင်းမှာ ပြိုင်ပွဲဝင်ရန် စာရင်းပေးသွင်းပြီးမှ နုတ်ထွက်သွားသောကြောင့် သုံးသင်းသာ ရှိတော့ပြီး အကောင်းဆုံးအုပ်စု ဒုတိယနေရာအတွက် တွက်ချက်ရာတွင် အောက်ဆုံးအသင်းနှင့် တွေ့ဆုံသည့်ရလဒ်ကို ပယ်ဖျက်မည်ဖြစ်ကြောင်း သိရသည်။ ထို့ကြောင့် မြန်မာအသင်းအနေဖြင့် ဩစတြေးလျအသင်းထံမှ အမှတ်ရယူနိုင်မှသာ ခြေစစ်ပွဲအောင်မြင်မည်ဖြစ်ပြီး ရှုံးနိမ့်ခဲ့လျှင်လည်း ဂိုးမပြတ်ရန်လိုအပ်ကြောင်း သိရသည်။ မြန်မာအသင်းသည် ပြီးခဲ့သည့် ၂၀၁၆ ခြေစစ်ပွဲတွင်လည်း နောက်ဆုံးပွဲ၌ ဩစတြေးလျကို ဂိုးပြတ်ရှုံးနိမ့်ခဲ့သောကြောင့် အကောင်းဆုံးအုပ်စုဒုတိယနေရာ တွက်ချက်ရာတွင် ဂိုးကွာခြားချက်နည်းပြီး ခြေစစ်ပွဲမအောင်ခဲ့ခြင်းဖြစ်သည်။

မြန်မာအသင်းသည် အာရှ ယူ-၂၃ ခြေစစ်ပွဲတွင် သုံးကြိမ်ဆက်တိုက် ယှဉ်ပြိုင်ခြင်းဖြစ်ပြီး ၂၀၁၄ ပြိုင်ပွဲတွင် ခြေစစ်ပွဲအောင်ခဲ့သော်လည်း ၂၀၁၆ ပြိုင်ပွဲတွင် ခြေစစ်ပွဲအဆင့်မှ ထွက်ခဲ့ရကြောင်း သိရသည်။

**သတင်း-ရှိုင်းထက်ဇော်၊ ဓာတ်ပုံ-စိုးညွန့်**

## စစ်တောင်းမြစ်ရေစိုးရိမ်ရေမှတ်ကျော်လွန်၍ မဒေါက်မြို့ ရေဘေးကာကွယ်ရေး ကြိုတင်ဆောင်ရွက်

**မဒေါက် ဇူလိုင် ၂၂**

မဒေါက်မြို့ စစ်တောင်းမြစ်ရေသည် ယနေ့ မွန်းတည့် ၁၂ နာရီအချိန် တိုင်းထွာချက်အရ ၁၁၀၉ စင်တီမီတာသို့ရောက်ရှိနေပြီး ယင်းမြို့၏ စစ်တောင်းမြစ်ရေစိုးရိမ်ရေအမှတ် ၁၀၇၀ စင်တီမီတာ အထက် ၃၉ စင်တီမီတာ ကျော်လွန်ရောက်ရှိနေရာ ရေဘေးကြိုတင်ကာကွယ်နိုင်ရေးအတွက် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာမြင့်သိန်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး၊ ကျေးလက်ဦးစီးမှူး၊ ဆည်မြောင်းဌာနမှတာဝန်ရှိသူများ၊ မြို့အုပ်ချုပ်ရေးမှူးနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးများ ကွင်းဆင်းကြည့်ရှုခဲ့ကြောင်း သိရသည်။

အဆိုပါမြစ်ရေသည် ဇူလိုင် ၂၁ ရက် နံနက် ၆ နာရီခွဲတွင် ၁၀၁၈ စင်တီမီတာရှိရာက မိုးများဆက်တိုက်ရွာသွန်းနေမှုကြောင့် ညနေ ၃ နာရီခွဲတွင် မဒေါက်မြို့၏ စိုးရိမ်ရေအမှတ်ရောက်ရှိခဲ့ပြီး ယနေ့ ကျော်လွန်ရောက်ရှိကာ မြစ်ကမ်းနဖူးရေကျော်ပြီး မဒေါက်မြို့မ (၂) ရပ်ကွက် မွန်စုပိုင်းနှင့် အနိမ့်ပိုင်းနေရာများ၊ မြို့မ (၂)ရပ်ကွက် အနိမ့်ပိုင်းနေရာများ မြစ်ရေဝင်ရောက်လျက်ရှိသည်။

တာဝန်ရှိသူများက စစ်တောင်းမြစ်ရေဝင်ရောက်မှုအခြေအနေ၊ မြစ်ရေတိုးမှုအခြေအနေ၊ စစ်တောင်းတာအခြေအနေနှင့် ပန်းတာအခြေအနေတို့ကို ကြည့်ရှုကြပြီးစိုးရိမ်ရမည့် အခြေအနေမရှိသေးသော်လည်း စစ်တောင်းမြစ်ရေဆက်လက်မြင့်တက်လာပါက ဖြစ်ပေါ်လာနိုင်မည့် ရေဘေးအန္တရာယ်အတွက် လိုအပ်သည်များ ကြိုတင်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



### ❍ မုံရွာမြို့မှ

ဟုမ္မလင်းမြို့ကနေ သောကြာနေ့ နံနက် ၆ နာရီပြန်ထွက်ရင် စနေနေ့ဆိုရင် မုံရွာပြန်ရောက်မယ်။ နောက်ခရီးစဉ်တစ်ခုက ချမ်းသာသင်္ဘောကြီးနဲ့ ဗုဒ္ဓဟူးနေ့တိုင်း မုံရွာ-ကလေးဝခရီးစဉ်ကို အထက်အောက် ပြေးဆွဲပေးနေပါတယ်။ အခုလက်ရှိမန္တလေးသင်္ဘောကျင်းမှာ ချမ်းငြိမ်းသင်္ဘောကြီး ကျင်းတက်ဖို့ပြင်ဆင်နေတယ်။ ပြီးရင်တော့ ခန္တီးခရီးစဉ်အထိ တိုးချဲ့ပြေးဆွဲပေးဖို့ စီးစဉ်ထားပါတယ်။ ခရီးစဉ်အားလုံးကို အခုနှစ် နိုဝင်ဘာလလယ်အထိ ပြေးဆွဲသွားမှာပါ”ဟု စစ်ကိုင်းတိုင်းဒေသကြီးအခြေစိုက် ပြည်တွင်းရေကြောင်းပို့ဆောင်ရေးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ချင်းတွင်းမြစ်ကြောင်းတွင် ပြေးဆွဲလျက်ရှိသော ပြဒါးရှင်သင်္ဘောသည် ခရီးသည် ၂၄၀ နှင့် ကုန်စည် တန် ၂၀၀ တင်ဆောင်နိုင်ပြီး ဇူလိုင်လ ပထမပတ်မှ စတင်ပြေးဆွဲပေးလျက်ရှိရာ ခရီးသည်စီးနင်းခ နှုန်းထားများအဖြစ် မုံရွာမြို့-မင်းကင်းအထိ ရိုးရိုးတန်း ကျပ် ၃၀၀၀၊ ဦးခန်း ကျပ် ၆၀၀၀၊ ပထမတန်း (အိပ်ခန်း) ကျပ် ၈၀၀၀ နှုန်းဖြင့် လည်းကောင်း၊ မုံရွာ-ကလေးဝအထိ ရိုးရိုးတန်း ကျပ် ၄၀၀၀၊ ဦးခန်း ကျပ် ၇၀၀၀၊ ပထမတန်း(အိပ်ခန်း) ကျပ် ၁၂၀၀၀ နှုန်းဖြင့် လည်းကောင်း၊ မုံရွာ-မော်လိုက်အထိ ရိုးရိုးတန်း ကျပ် ၆၀၀၀၊ ဦးခန်း ကျပ် ၁၀၀၀၀၊ ပထမတန်း(အိပ်ခန်း) ကျပ် ၁၅၀၀၀ နှုန်းဖြင့် လည်းကောင်း၊ မုံရွာ- ဖောင်းပြင်အထိ ရိုးရိုးတန်း ကျပ် ၇၀၀၀၊ ဦးခန်း ကျပ် ၁၃၀၀၀၊ ပထမတန်း(အိပ်ခန်း) ကျပ် ၁၈၀၀၀ နှုန်းဖြင့် လည်းကောင်း၊ မုံရွာ-သောင်သွပ်အထိ ရိုးရိုးတန်း ကျပ် ၇၅၀၀၀၊ ဦးခန်း ကျပ် ၁၅၀၀၀၊ ပထမတန်း (အိပ်ခန်း) ကျပ် ၂၀၀၀၀ နှုန်းဖြင့် လည်းကောင်း၊ မုံရွာ-ဟုမ္မလင်းမြို့အထိ ရိုးရိုးတန်း ကျပ် ၇၅၀၀၊ ဦးခန်း ကျပ် ၁၅၀၀၀၊ ပထမတန်း(အိပ်ခန်း) ကျပ် ၂၀၀၀၀ နှုန်းဖြင့် လည်းကောင်း၊ ကုန်စည်များကိုလည်း တစ်တန်လျှင် ငွေကျပ် ၂၅၀၀၀ နှုန်းဖြင့် တင်ဆောင်ပြေးဆွဲပေးလျက်ရှိကြောင်း သိရသည်။

**ဝင်းဦး(ဇေယျာတိုင်း)**

## မန္တလေးတိုင်းဒေသကြီးအတွင်း ကွက်ကျားမိုးသည်းထန်စွာရွာသွန်းခြင်းကြောင့် စိုက်ဧကတစ်သောင်းကျော် ပျက်စီး

**မန္တလေး ဇူလိုင် ၂၂**

မန္တလေးတိုင်းဒေသကြီး အတွင်းရှိ ကွက်ကျားမိုးသည်းထန်စွာရွာသွန်းခြင်းကြောင့် ကျောက်ဆည်ခရိုင်နှင့် မြင်းခြံခရိုင်များရှိ မြို့နယ်များတွင် သီးနှံမျိုးစုံစိုက်ဧက ၂၄၃၄၅ ဧက ထိခိုက်ခဲ့ပြီး ၁၀၆၅၅ ဒသမ ၄၄ ဧက ပျက်စီးခဲ့ကြောင်း မန္တလေးတိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စိုက်ပညာ (စီမံကိန်း)ဌာနစိတ်မှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ကြည်က ပြောသည်။

“ခရိုင်နှစ်ခုက မြို့နယ်ငါးမြို့နယ်မှာ ဧကပေါင်း နှစ်သောင်းကျော် ထိခိုက်ခဲ့ပေမယ့် အပင်မသေရင် ပျက်စီးမှုမရှိဘူးလို့ သက်မှတ်တယ်။ အခုစာရင်းက ဇူြ ၁ ကနေ ဇွန် ၂၆ ရက်အထိ စာရင်းတွေဖြစ်ပါတယ်။ ဆက်ပြီး ပျက်စီးတာတွေတော့ရှိတယ်။ အဲဒါတွေကတော့ သက်ဆိုင်ရာ မြေစာရင်းဦးစီးဌာနရဲ့ ကိန်းဂဏန်း အတည်ပြုချက်မရသေးဘူး”ဟု ၎င်းက ပြောသည်။

ပျက်စီးခဲ့သည့် မြို့နယ်များအနေဖြင့် ကျောက်ဆည်ခရိုင်အတွင်းရှိ ကျောက်ဆည်၊ စဉ့်ကိုင်၊ တံတားဦးနှင့် မြင်းခြံခရိုင်ရှိ မြင်းခြံ၊ တောင်သာမြို့နယ်များဖြစ်ကြပြီး နှမ်းစပါး၊ နှမ်းနှမ်း၊ မိုးနှမ်း၊ မိုးမြေပဲနှင့် ပဲတီစိမ်း သီးနှံစိုက်ဧကများ ပျက်စီးခဲ့ခြင်းဖြစ်သည်။



အဆိုပါပျက်စီးခဲ့သည့် စိုက်ဧကများတွင် တောင်သူများက မိုးစပါး၊ ကြက်သွန်၊ မြေပဲ၊ မိုးနှောင်း ချည်မျှင်ရှည်ဝါနှင့် ကုလားပဲတို့ကို ပြန်လည်စိုက်ပျိုးရန် တင်ပြထားပြီး လက်ရှိတွင် မိုးစပါးစိုက်ပျိုးရန် ဧကပေါင်း ၁၀၀၈၁ ဧက ရှိသည့်အနက် တိုင်းဒေသကြီး အရန်စပါးမျိုးစေ့မှ စပါးတင်းပေါင်း ၄၉၁၉ တင်းကို စဉ့်ကိုင်မြို့နယ်သို့ ပံ့ပိုးပေးခဲ့ပြီး ကျန်သီးနှံများအတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် ညှိနှိုင်းဆောင်ရွက်လျက်ရှိသည်။

အဆိုပါ ကွက်ကျားမိုးကြောင့် ပျက်စီးခဲ့သည့် စိုက်ဧကများအနက် နှမ်းစပါး ၇၈ ဒသမ ၄၅ ဧက၊ နှမ်းနှမ်း ၉၇၇၁ ဒသမ ၆၅ ဧက၊ မိုးနှမ်း ၁၀၄ ဒသမ ၉၆ ဧက၊ မိုးမြေပဲ ၅၈ ဒသမ ၃၈ ဧကနှင့် ပဲတီစိမ်း ၆၄၂ ဧကတို့ ဖြစ်ကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

### ❖ မြစ်ရေကြီးမှုမှ

တက်လာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

**ဝေန်မြစ်**

ယနေ့ မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဝေန်မြစ်ရေသည် ငါးသိုင်းချောင်းမြို့၌ နှစ်ပေခွဲခန့်နှင့် သာပေါင်းမြို့၌ တစ်ပေခန့် ယင်းမြို့များ၏ စိုးရိမ်ရေမှတ်အသီးသီးအထက်သို့ ကျော်လွန်နေပြီး နောက်နှစ်ရက်အတွင်း ငါးသိုင်းချောင်းမြို့နှင့် သာပေါင်းမြို့တို့၌ သုံးလက်မခန့်စီ ဆက်လက်တက်လာနိုင်ကာ ယင်းမြို့ များ၏ စိုးရိမ်ရေမှတ်အသီးသီးအထက် ဆက်လက်တည်ရှိနိုင်သည်။

**တိုးမြစ်**

ယနေ့ မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်အရ တိုးမြစ်ရေသည် မအူပင်မြို့၌ တစ်လက်မခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်နေပြီး နောက်နှစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။

**(ကြေးမုံ)**

## ကျောက်တံခါးမြို့နယ်တွင် ရေကြီးမှုဖြစ်ပွားရာ တံတားတစ်စင်း ရေထဲမျောပါ

**ကျောက်တံခါး ဇူလိုင် ၂၂**

ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ်တွင် ဇူလိုင် ၂၂ ရက်က ရေကြီးမှုများဖြစ်ပေါ်ကာ ရပ်ကွက်ကျေးရွာအချို့နှင့် အနိမ့်ပိုင်းလယ်မြေများ ရေလွှမ်းမိုးခြင်းခံခဲ့ရပြီး ဖဒိုဒေသ ကုန်းလည်ရိုးကိုယ်ထူကိုယ်ထ သစ်သားတံတား တစ်စင်း ရေထဲမျောပါသွားခဲ့ကြောင်း သိရသည်။

“စစ်တောင်းမြစ်ရေက ကမ်းပြည့်ပြီး ထောက်နေတော့ အောက်ကိုရေကမဆင်းဘူး ဖြစ်နေတယ်။ ဒီနေ့ စစ်တောင်းမြစ်ရဲ့ စိုးရိမ်ရေမှတ်ဟာ မဒေါက်မြို့မှာ ၁၀၇၀ စင်တီမီတာအထိ ရောက်ရှိနေပါတယ်”ဟု မြို့နယ်ဆည်မြောင်းဦးစီးမှူးက ပြောသည်။

“ယခုလောလောဆယ်ကတော့ ဖဒိုဘက်က တံတားတစ်စင်း ရေထဲမျောပါသွားတယ်လို့ ကြားတယ်။ ကျောက်တံခါး မြို့ပေါ်က ရပ်ကွက်တချို့မှာလည်း ရေတွေဝင်နေပြီ။ ရင်းတိုက်ကုန်းရွာကလယ်တွေလည်း ရေနစ်မြုပ်နေပြီ။ ပဲနွယ်ကုန်း-ကျောက်ကြီးသွား ကားလမ်းမပေါ်မှာလည်း ရေတွေဖြတ်ကျော်စီးဆင်းနေပြီး ကျေးရွာအချို့ပါ ရေလွှမ်းနေတယ်ကြားမိပါတယ်။ ကျွဲ၊ နွား တိရစ္ဆာန်တွေကိုတော့ နီးစပ်ရာ ရေလွတ်တဲ့နေရာတွေမှာ အဆင်ပြေသလို ထားနေရတယ်”ဟု ဒေသခံတစ်ဦးက ပြောသည်။

**ဖြိုးကိုလင်း(ညောင်ဝိုင်း)**

### ❒ ဝေန်မြစ်ရေမှ

ဝေန်ရေကာတာကြံ့ခိုင်မှုအခြေအနေမှာ လက်ရှိရေမှတ်တွင် ကြံ့ခိုင်မှုကောင်းမွန်နေဆဲဖြစ်ပြီး ရေကာတာတစ်လျှောက် ရေကင်းများအဆက်မပြတ်ချထားဆောင်ရွက်လျက်ရှိကြောင်း၊ ဒေသခံပြည်သူများမှာလည်း ပုံမှန်ဆက်သွယ် သွားလာရောင်းဝယ်လျက်ရှိကြောင်း သတင်းရရှိသည်။

**စိုးမင်းဦး(ပြန်/ဆက်)**

## ကျေးရွာလျှပ်စစ်ဓာတ်အားရရှိရေး ဆောင်ရွက်မည်

**တမူး ဇူလိုင် ၂၂**

စစ်ကိုင်းတိုင်းဒေသကြီး တမူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးမျိုးမင်းစိုးနှင့်အဖွဲ့သည် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွင်း ခွင့်ပြုချထားပေးမည့် NEP စီမံကိန်း (အမျိုးသားလျှပ်စစ်ဓာတ်အားရရှိရေး စီမံကိန်း) အကောင်အထည်ဖော် ဆောင်ရွက်မည့် သနန်ကျေးရွာ၊ ရေနန်းကျေးရွာ၊ မလူကျေးရွာ၊ ဝိတုတ်(ဟောင်း)ကျေးရွာ၊ တီးတိန်ယံကျေးရွာ၊ ရန်လင်းဖိုင် ကျေးရွာများသို့ ဇူလိုင် ၁၇ ရက်မှ စတင်ကွင်းဆင်းကာ ကျေးလက်မီးလင်းရေးကို အထောက်အကူပြုမည့် NEP စီမံကိန်းနှင့်ပတ်သက်သော အကြောင်းအရာများ ရှင်းလင်းခြင်းနှင့် ကျေးရွာမီးလင်းရေးကော်မတီဖွဲ့စည်းနိုင်ရေး၊ လိုအပ်သော စာရင်းဇယားများ ဆောင်ရွက်နိုင်ရေး ဆောင်ရွက်ခဲ့ကြသည်။

**(ဖိုးချမ်း-မုံရွာ)**

# ပဲခူးတိုင်းဒေသကြီး အသေးစားအရင်းအနှီးချေးငွေပေးအပ်ပွဲတွင် ကျပ်သန်း ကိုးသောင်းကျော် ထုတ်ချေး



**နေပြည်တော် ဇူလိုင် ၂၂**
ပဲခူးမြို့ တိုင်းဒေသကြီးသမဝါယမအသင်းစုချုပ်ရုံး၌ ဇူလိုင် ၂၁ ရက် နံနက် ၈ နာရီခွဲတွင် ကျင်းပသည့် အသေးစားအရင်းအနှီးချေးငွေနှင့် လယ်ယာသုံးစက်ကိရိယာပေးအပ်ပွဲသို့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ တက်ရောက်ခဲ့သည်။

ယင်းအခမ်းအနားတွင် စုစုပေါင်း ထုတ်ချေးငွေ ၉၁၄၂၁ ဒသမ ၆ သန်းကို သမဝါယမအသင်းဝင်တောင်သူများ လက်ဝယ်အရောက် ထုတ်ချေးခဲ့ကြောင်း သိရသည်။

အဆိုပါ အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက တောင်သူများ စိုက်ပျိုးထုတ်လုပ်သည်မှ ကြိတ်ခွဲဖြန့်ဖြူးရောင်းချသည်အထိ၊ ထိုမှတစ်ဆင့် စားသုံးသူ လက်ဝယ်ရောက်ရှိနိုင်သည်အထိ တန်ဖိုးကွင်းဆက် တစ်လျှောက်လုံး ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများတွင် ငွေကြေးဆိုင်ရာ ပံ့ပိုးမှုအပိုင်းကို ပီပီပြင်ပြင်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ပေးနိုင်ရေးကိုလည်း အရှိန်အဟုန်မြင့် ဆောင်ရွက်ကြရန် လိုအပ်ကြောင်း မှာကြားခဲ့သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး၊ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တိုင်းဒေသကြီးဝန်ကြီးတို့က အသေးစားအရင်းအနှီးချေးငွေများကိုလည်းကောင်း၊ ဗဟိုသမဝါယမအသင်း ဥက္ကဋ္ဌ ဦးခင်မောင်အေးက လယ်ယာသုံးစက်ကိရိယာများကိုလည်းကောင်း ပေးအပ်ကြရာ သက်ဆိုင်ရာ ခရိုင်၊ မြို့နယ်များအလိုက် သမဝါယမအသင်းများမှ တာဝန်ရှိသူများက လက်ခံရယူကြသည်။

ပဲခူးတိုင်းဒေသကြီး၏ အသေးစားအရင်းအနှီးချေးငွေနှင့် လယ်ယာသုံးစက်ကိရိယာ ပေးအပ်ပွဲအခမ်းအနားတွင် ပဲခူးတိုင်းဒေသကြီးအတွင်း မြို့နယ် ၂၈ မြို့နယ်ရှိ သမဝါယမအသင်း ၆၀၄၇ သင်းမှ အသင်းသား ၄၂၈၄၈ ဦးသို့ အသေးစားအရင်းအနှီးချေးငွေကျပ် ၈၈၇၀၁ ဒသမ ၇၆ သန်း၊ လယ်ယာမြေ ၃၇၆၆ ဧက အဆင့်မြင့်တင်ပြုပြင်ခြင်းအတွက် ပံ့ပိုးချေးငွေကျပ် ၁၂၄၆ ဒသမ ၈၀ သန်း၊ လယ်ယာသုံးစက်ကိရိယာ ၉၇ စီးအတွက် ချေးငွေကျပ် ၁၄၇၃ ဒသမ ၀၄ သန်း စုစုပေါင်း ထုတ်ချေးငွေကျပ် ၉၁၄၂၁ ဒသမ ၆၀ သန်းအား အသင်းသားတောင်သူများ လက်ဝယ်အရောက် ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**

# ဇွန်လအတွင်း မန္တလေးတိုင်းဒေသကြီးသို့ ကမ္ဘာလှည့်ခရီးသွားဝင်ရောက်မှု နှစ်သိန်းကျော်ရှိ



**မန္တလေး ဇူလိုင် ၂၂**
မန္တလေးတိုင်းဒေသကြီးသို့ ဇွန်လအတွင်း ကမ္ဘာလှည့်ခရီးသွားဧည့်သည်ဝင်ရောက်မှုမှာ ၂၃၆၀၆၂ ဦး ရှိကြောင်း မန္တလေးတိုင်းဒေသကြီး ဟိုတယ်နှင့် ခရီးသွားလာရေးညွှန်ကြားမှုဦးစီးဌာန စာရင်းများအရ သိရသည်။

နိုင်ငံတကာ ခရီးသွားများ အနေဖြင့် မန္တလေးမြို့၏ ထင်ရှားသော ရှေးဟောင်းယဉ်ကျေးမှုနယ်မြေများဖြစ်သည့် တောင်သမန်အင်း၊ ဦးပိန်တံတား၊ ဘုရားကြီး၊ မြနန်းစံကျော်ရွှေနန်းတော်၊ ရွှေကျောင်းကြီးစသည်တို့အပြင် မင်းကွန်း၊ အင်းဝနှင့် ပုဂံဒေသများသို့အများဆုံးသွားရောက်လည်ပတ်ကြပြီး ပြင်ဦးလွင်မြို့သို့လည်း အပန်းဖြေ လည်ပတ်လျက်ရှိကြသည်။

"ကျွန်တော်တို့က ပုသိမ်ကြီးမြို့နယ်မှာရှိတဲ့ ဘိုင်ဘင်ဂူကို ကမ္ဘာလှည့်ခရီးသွားတွေအတွက် ခရီးစဉ်အသစ် ဖော်ဆောင်သွားဖို့ အစီအစဉ်ရှိပါတယ်။ ဒါပေမယ့် ဂူကတော်တော်လေးမတ်စောက်တာရယ်၊ လမ်းကလည်း သိပ်မကောင်းသေးတော့ နိုင်ငံခြားသားတွေအတွက် အခက်အခဲမရှိအောင် အချိန်ယူလုပ်ဆောင် သွားရမှာပါ"ဟု အဆိုပါဌာနမှ ညွှန်ကြားရေးမှူး ဦးခင်မောင်ရွှေက လတ်တလော ဆောင်ရွက်နေသည့် အစီအစဉ်နှင့် ပတ်သက်ပြီး ပြောသည်။

ကမ္ဘာလှည့်ခရီးသွားများဝင်ရောက်မှုမှာ တရုတ်နိုင်ငံမှ အများဆုံးဖြစ်ပြီး ထိုင်း၊ အမေရိကန်၊ ဂျပန်နှင့် ပြင်သစ်စသည့်နိုင်ငံတို့မှ ဝင်ရောက်ခြင်းဖြစ်ကာ ယခုနှစ် လအလိုက်မှတ်တမ်းများအရ ဇန်နဝါရီလတွင် ၅၃၀၅၁ ဦး၊ ဖေဖော်ဝါရီ ၅၅၄၈၂ ဦး၊မတ် ၄၅၅၉၂ ဦး၊ ဧပြီ ၂၇၄၉၆ ဦး၊ မေ ၂၇၀၇၆ ဦး၊ ဇွန် ၂၇၃၆၅ ဦးရှိခဲ့ပြီး ပြီးခဲ့သည့် ၂၀၁၆ ခုနှစ်တွင် နိုင်ငံတကာခရီးသွား ဝင်ရောက်မှုမှာ ၃၈၅၀၃၁ ဦး ရှိကြောင်း ယင်းဌာနမှ သိရသည်။

**(နဒီလှိုင်း)**

# ကျောက်ပန်းတောင်းတွင် ကျောက်ကပ်ဆေးစက်တည်ဆောက်နိုင်ရေးအတွက် အလှူငွေပေးအပ်

**ကျောက်ပန်းတောင်း ဇူလိုင် ၂၂**
မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ်၌ ကျောက်ကပ်ဝေဒနာရှင်များ လွယ်ကူလျင်မြန်စွာနှင့် ငွေကုန်ကြေးကျသက်သာစွာ ကုသမှုခံယူနိုင်ရန်အတွက် ကျောက်ကပ်ဆေးစက်ဝယ်ယူတပ်ဆင်နိုင်ရေး အလှူငွေပေးအပ်လှူဒါန်းပွဲနှင့် ဖြစ်မြောက်ရေးကော်မတီများ သက်ဝင်လှုပ်ရှားရေး ညှိနှိုင်းဆွေးနွေးပွဲကို ဇူလိုင် ၂၁ ရက် မွန်းလွဲပိုင်းတွင် မြို့မကွက်သစ်ရပ်ကွက် မေယုဓမ္မာရုံ၌ ကျင်းပခဲ့ကြောင်း သိရသည်။

အလှူငွေပေးအပ်ပွဲတွင် ဦးဘိုကျော်-ဒေါ်သန်းယုဆွေ (မေယုရွှေပန်းထိမ်) မိသားစုက မတည်အလှူငွေကျပ်သိန်း ၅၀ နှင့် အလှူရှင် ၇၉ ဦးတို့မှ လှူဒါန်းငွေကျပ် စုစုပေါင်း ၁၇၄ သိန်း ၂ သောင်းလှူဒါန်းခဲ့ကြကြောင်း သိရသည်။ ထို့ပြင် မြန်မာနိုင်ငံကျောက်ကပ်ဖောင်ဒေးရှင်းကလည်း ကျောက်ကပ်ဆေးစက် လေးလုံး ပေးအပ်လှူဒါန်းသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ကျောက်ကပ်ဆေးစက်ဖြစ်မြောက်ရေးကော်မတီ ညှိနှိုင်းအစည်းအဝေးနှင့် အလှူငွေပေးအပ်ပွဲသို့ ဓမ္မသုခ စာသင်တိုက် ပဓာနနာယကဆရာတော် ဘဒ္ဒန္တကသေဝ၊ စိတ္တပါလဂူကျောင်းစာသင်တိုက်ကြီး၏ ပဓာနနာယကဆရာတော် ဘဒ္ဒန္တလာဘ အမှူးပြုသော နာယကဆရာတော်ကြီး ကိုးပါးကြွရောက်တော်မူကြပြီး မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝင်းကိုကို၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး အောင်ဝင်းနိုင်နှင့် ဆရာဝန်ကြီးများ၊ မြို့မိမြို့ဖများ၊ လူမှုရေးအသင်းအဖွဲ့များမှ စုစုပေါင်းအင်အား ၆၀ တက်ရောက်ခဲ့ကြောင်း သိရသည်။

**ကိုနေ(ကျောက်ပန်းတောင်း)**



# လူသုံးကုန်(ဆပ်ပြာ)ထုတ်လုပ်မှုနည်းပညာ သင်တန်းဆင်း

**မကွေး ဇူလိုင် ၂၂**
မကွေးတိုင်းဒေသကြီး အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနနှင့် အပူပိုင်းကျေးလက်ဒေသ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းတို့ ပူးပေါင်းဖွင့်လှစ်သော လူသုံးကုန် (ဆပ်ပြာ) ထုတ်လုပ်မှုနည်းပညာ သင်တန်းဆင်းပွဲကို ဇူလိုင် ၁၈ ရက် နံနက် ၁၀ နာရီတွင် မကွေးတိုင်းဒေသကြီး အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနရုံး သင်တန်းခန်းမ၌ကျင်းပရာ တိုင်းဒေသကြီး စိုက်ပျိုးမွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးစိုးမြင့်က သင်တန်းဆင်းအမှာစကား ပြောကြားခဲ့သည်။

သင်တန်းဆင်းပွဲတွင် သင်တန်းသားများအား သင်တန်းထွက်ကုန်ချောပစ္စည်းများ ပေးအပ်ခြင်း၊ သင်တန်းသုံး ကုန်ကြမ်းပစ္စည်းများ ထောက်ပံ့ပေးအပ်ခြင်းနှင့် သင်တန်းဆင်းလက်မှတ်များ ပေးအပ်ချီးမြှင့်ခြင်းတို့ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**သန်းနိုင်ဦး(ငဖဲ)**

# ယာဉ်နှင့် ယာဉ်မောင်းလိုင်စင်များ သက်တမ်းတိုးဆောင်ရွက်မည်

**နေပြည်တော် ဇူလိုင် ၂၂**
ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနက ၂၀၁၇ ခုနှစ် ဩဂုတ်လအတွင်း အောက်ဖော်ပြပါ မြို့နယ်များသို့ နယ်လှည့်၍ မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်နှင့် ယာဉ်မောင်းလိုင်စင်များ သက်တမ်းတိုးခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးမည်ဖြစ်ပါ၍ ကြိုတင်သိရှိဆောင်ရွက်နိုင်ပါရန် အသိပေးနှိုးဆော်ထားကြောင်း သိရသည်။

| စဉ် | တိုင်းဒေသကြီး/ပြည်နယ် | မြို့နယ် |
|---|---|---|
| ၁။ | နေပြည်တော် | တပ်ကုန်း |
| ၂။ | ကချင်ပြည်နယ် | ဝိုင်းမော်၊ ဖားကန့် |
| ၃။ | စစ်ကိုင်းတိုင်းဒေသကြီး | ဆားလင်းကြီး၊ တန့်ဆည် |
| ၄။ | မကွေးတိုင်းဒေသကြီး | နတ်မောက်၊ ရေစကြို၊ စေတုတ္တရာ၊ အောင်လံ |
| ၅။ | မန္တလေးတိုင်းဒေသကြီး | ညောင်ဦး၊ မြစ်သား |
| ၆။ | မွန်ပြည်နယ် | မုဒုံ |
| ၇။ | ရခိုင်ပြည်နယ် | ကျောက်တော်၊ မြောက်ဦး၊ မင်းပြား |
| ၈။ | ရန်ကုန်တိုင်းဒေသကြီး | တိုက်ကြီး၊ ကျောက်တန်း |
| ၉။ | ရှမ်းပြည်နယ် | ညောင်ရွှေ၊ မိုင်းကိုင်၊ နောင်ချို၊ တာလေ |
| ၁၀။ | ဧရာဝတီတိုင်းဒေသကြီး | ငပုတော၊ မြန်အောင်၊ ကြံခင်း၊ ကျိုက်လတ် |

**(ကြေးမုံ)**

# မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းဆောင်ရွက်နေမှု စစ်ဆေး

**ချောင်းဆုံ ဇူလိုင် ၂၂**
ချောင်းဆုံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အကောင်အထည်ဖော်ဆောင်ရွက်နေသော မုရစ်ကလေးကျေးရွာအုပ်စု၊ ကော့ကဒဲ့ကျေးရွာ မြစိမ်းရောင်ကျေးရွာစီမံကိန်းနှင့် ဒေါင်းရပ်အနောက်ကျေးရွာမြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများကို ဇူလိုင် ၁၈ ရက်က မြို့နယ်ကျေးလက်ဦးစီးဌာနဝန်ထမ်းများက သွားရောက်၍ ကျေးရွာကော်မတီဝင်များနှင့်တွေ့ဆုံကာ ငွေစာရင်းပုံစံများ ထိန်းသိမ်းထားရှိမှု အခြေအနေနှင့် အရင်းမပျောက်လည်ပတ်ရန်ပုံငွေဖြင့် ကျေးရွာသူ ကျေးရွာသားများ၏ စိုက်ပျိုးရေး၊ မွေးမြူရေး၊ အသက်မွေးဝမ်းကျောင်းနှင့် ကုန်ထုတ်လုပ်ငန်းများဆောင်ရွက်နေမှု အခြေအနေများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**(ကြေးမုံ)**

# ပုသိမ်မြို့ ကမ်းနားလမ်းရပ်ကွက်များ မြစ်ရေ စတင်ဝင်ရောက်

**ပုသိမ် ဇူလိုင် ၂၂**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့၌ ဇူလိုင်လလယ်မှစ၍ မိုးအဆက်မပြတ် ရွာသွန်းခြင်း၊ ငဝန်မြစ်ရေ တိုးလာမှုတို့ကြောင့် ပုသိမ်မြို့ကမ်းနားလမ်းရပ်ကွက် အနိမ့်နေရာများ၌ မြစ်ရေများ စတင်ဝင်ရောက်နေပြီဖြစ်ကြောင်း သိရသည်။



ပုသိမ်မြို့သည် သုံးနှစ်တစ်ကြိမ် ရေကြီးလေ့ရှိသော်လည်း ၂၀၁၅၊၂၀၁၆ ခုနှစ်တို့တွင် ရေကြီးမှုများဖြစ်ပွားခြင်းကြောင့် ယခုနှစ်ရေကြီးမှုဖြစ်လာမည်ဆိုပါက သုံးနှစ်ဆက်တိုက် ရေကြီးမှုဖြစ်ပေါ်မည်ဖြစ်ကြောင်း၊ ပုံမှန်အားဖြင့်မူ ပုသိမ်မြို့ ရေကြီးမှုဖြစ်ပေါ်ပါက ဩဂုတ်လဆန်း(သို့) ဩဂုတ်လလယ်လောက်မှသာ ရေကြီးလေ့ရှိကြောင်း၊ ယခုအခါ ဇူလိုင်လမကုန်သေးသော်လည်း ရေတက်နိုင်ကြောင်း သိရသည်။

**မောင်မောင်မြင့် ( ပြန်/ဆက်)**




# မြောင်းမြမြို့ မြသာယာဈေးအတွင်း အလေးချိန်ခွင် မှန်ကန်မှုရှိ၊ မရှိ စစ်ဆေး

**မြောင်းမြ ဇူလိုင် ၂၂**

မြောင်းမြမြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် မြသာယာဈေးအတွင်း ရောင်းချလျက်ရှိသည့် သားငါးဈေးသည်များ၏ အလေး၊ ချိန်ခွင်များ မှန်ကန်မှုရှိ၊ မရှိ ရှောင်တခင် စစ်ဆေးဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

"အလေးချိန်ခွင် မှန်မှန်ကန်ကန် ဖြစ်ရေးရယ်၊ သန့်ရှင်းလတ်ဆတ်တဲ့ သားငါးတွေ ရောင်းချဖို့အတွက်ရယ် နှစ်ပတ်တစ်ကြိမ် စစ်ဆေးဆောင်ရွက်မှုတွေ ပုံမှန်ပြုလုပ်ပေးနေတာ ဖြစ်ပါတယ်။ ပြစ်မှုကျူးလွန်တဲ့သူတွေရှိရင် စည်ပင်သာယာရေးဥပဒေနဲ့ အရေးယူဒဏ်ရိုက်တာတို့လုပ်ဆောင်ပါတယ်" ဟု မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဒု-ဦးစီး (ဈေး) ဒေါ်လဲ့လဲ့သွယ်က ပြောသည်။

သို့သော် နေ့စဉ်ဝယ်ယူနေကြရသော သားဈေး၊ ငါးဈေးတန်းတွင် တန်ရာတန်ကြေး ပေးဝယ်နေရသော်လည်း မကြာခဏ အလေးချိန်ပြည့်မရရှိကြဘဲ စိတ်မချမ်းမြေ့မှုနှင့်သာ ကြုံတွေ့ခဲ့ရကြောင်း၊ ယခုကဲ့သို့ အလေးချိန်ခွင်များ မကြာခဏ စစ်ဆေးဆောင်ရွက်ပြီး ထိရောက်သော အရေးယူမှုများကိုပါ ဆောင်ရွက်သင့်ကြောင်း ဈေးဝယ်သူ အမျိုးသမီးတစ်ဦးက အကြံပြုပြောကြားခဲ့သည်။

**အောင်မင်း (မြောင်းမြ)**

# ပုသိမ်ခရိုင် ဌာနဆိုင်ရာတာဝန်ရှိသူများ ငဝန်ရေကာတာသို့ ရောက်ရှိစစ်ဆေး

**ပုသိမ် ဇူလိုင် ၂၂**

ငဝန်မြစ်ရေသည် ဇူလိုင် ၂၁ ရက် မွန်းတည့် ချိန်တိုင်းထွာချက်အရ ၂၉ ဒသမ ၇၀ ပေဖြင့် (စိုးရိမ်ရေအမှတ်အထက်)သို့ နှစ်ပေခွဲခန့် ရောက်ရှိနေပြီး မြစ်ရေဆက်လက်မြင့်တက်လျက်ရှိရာ တာဝန်ရှိသူများက မြစ်ကမ်းတစ်လျှောက် ရေကာတာကြံ့ခိုင်မှုအခြေအနေများ၊ တာတမံကြံ့ခိုင်မှုအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှု၊ လုပ်ငန်းသုံးပစ္စည်းများ ကြိုတင်စုဆောင်းထားရှိမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြသည်။

ဆက်လက်ပြီး ပုသိမ်ခရိုင် အုပ်ချုပ်ရေးမှူး ဦးအောင်ချိုနှင့် တာဝန်ရှိသူများက ငဝန်ရေကာတာ၊ ဗောဓိရေကင်းစခန်းနှင့် ငဝန်ရေကာတာတစ်လျှောက် ဌာနရေကင်းများ၊ အရပ်ဘက်ရေကင်းတဲများ၊ မြစ်ရေမြင့်တက်မှုကြောင့် ငဝန်မြစ်ကမ်းဘေးမြေနိမ့်ပိုင်းရှိ သရက်ချောင်းအလယ်စု မူလတန်းလွန်ကျောင်း ယာယီပိတ်ပေးထားရမှုအခြေအနေနှင့် ကျောင်းဆောင်သစ် ဆောက်လုပ်နေမှုအခြေအနေတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြသည်။

ငဝန်မြစ်ရေ မြင့်တက်လာမှုကြောင့် ဇူလိုင် ၂၀ ရက်တွင် ငဝန်မြစ်ကမ်းဘေးမြေနိမ့်ပိုင်းရှိ သရက်ချောင်းအလယ်စုကျေးရွာ မူလတန်းလွန်ကျောင်းနှင့် ဇူလိုင် ၂၁ ရက်တွင် ဇီးကုန်းအခြေခံပညာကျောင်း နှစ်ကျောင်း ယာယီပိတ်ထားရကြောင်း မြို့နယ်ပညာရေးမှူးရုံးမှ သိရသည်။

ငဝန်ရေကာတာ ကြံ့ခိုင်မှုနှင့်ပတ်သက်၍ လက်ရှိရေအမှတ်တွင် ရေကာတာယိုစိမ့်မှုများမဖြစ်ပေါ်သေးဘဲရေကာတာကြံ့ခိုင်မှုကောင်းမွန်နေဆဲဖြစ်သော်လည်း ရေကင်းများ ၂၄ နာရီချထားလျက် အဆက်မပြတ်စောင့်ကြည့်လျက်ရှိကြောင်း။

ရေကာတာကြံ့ခိုင်မှုအတွက် အရေးပေါ်အခြေအနေ ဖြစ်ပေါ်လာပါကလည်း သက်ဆိုင်ရာဌာနဆိုင်ရာများ၊ သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးကော်မတီ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဒေသခံပြည်သူများနှင့်အတူ လက်တွဲဆောင်ရွက်သွားမည်ဖြစ်ကြောင်း မြို့နယ် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးအရာရှိ ဦးဝင်းမော်က ပြောသည်။

လက်ရှိအခြေအနေတွင် ငါးသိုင်းချောင်းမြို့ ငဝန်မြစ်ရေစိုးရိမ်ရေအမှတ်အထက် နှစ်ပေခွဲခန့်ရောက်ရှိနေသော်လည်း ငဝန်မြစ်ကမ်းဘေးမြေနိမ့်ပိုင်းတစ်လျှောက်ရှိ ရပ်ကွက်နှင့် ကျေးရွာအုပ်စု ၁၀ အုပ်စုမှ ကျေးရွာ ၄၄ ရွာရှိ ဒေသခံပြည်သူများ မြို့ပေါ်နှင့်ကျေးရွာအတွင်း ပုံမှန်ဆက်သွယ်သွားလာရောင်းဝယ်လျက်ရှိကာ လက်ရှိရေအမှတ်တွင် ရေဘေးကယ်ဆယ်ရေးစခန်းများလည်း ဖွင့်လှစ်ပေးရခြင်းမရှိသေးကြောင်း သိရသည်။

**စိုးမင်းဦး(ပြန်/ဆက်)**

❖

# ဝယ်လိုအားမြင့်တက်နေသည့် မြန်မာ့ငါးရှဉ့် ကုန်တက်များနိုင်မည့် အလားအလာရှိ

**ဖျာပုံ ဇူလိုင် ၂၂**

ဖျာပုံမြို့၌ ငါးရှဉ့်အဝယ်ဒိုင်ဝယ်လိုအား မြင့်တက်နေသည့် မြန်မာ့ငါးရှဉ့်မှာ ဇူလိုင် ၂၂ ရက်မှ လကုန်အထိ ကုန်တက်များနိုင်ရာ ဈေးနှုန်းပါ ကျဆင်းနိုင်ခြေရှိကြောင်း အောင်ကမ္ဘာငါးရှဉ့်အဝယ်ဒိုင်မှ ဦးအောင်ကျော်မိုးက ခန့်မှန်းပြောသည်။ ငါးရှဉ့်အတက်များလျှင် တစ်ပိဿာ ငွေကျပ် လေးထောင်သာ ရတတ်သော်လည်း ကုန်တက်နည်းသည့်အချိန်တွင် တစ်ပိဿာ တစ်သောင်းကျပ်အထိ ပေးဝယ်ရကြောင်း သိရသည်။ လက်ရှိပေါက်ဈေးမှာ ဝယ်ဈေး တစ်ပိဿာ ငါးထောင်ကျပ်ရှိကြောင်း၊ ငါးရှဉ့်ကို ပြည်တွင်းစားသုံးမှု နည်းပါးသော်လည်း ထိုင်းနှင့် တရုတ်နိုင်ငံတို့မှ ဝယ်လိုအားမြင့်မားပြီး တရုတ်နိုင်ငံက ဝယ်လိုအား ပိုမိုမြင့်မားကြောင်း သိရသည်။

ကုန်တက်များချိန်တွင် ဖျာပုံငါးရှဉ့်အဝယ်ဒိုင်များမှ ငါးရှဉ့်ပိဿာချိန်နှစ်သောင်းခန့်ရရှိတတ်ပြီး ပလတ်စတစ်ပုံးများတွင်ထည့်သွင်း၍ ကုန်တင်ကားများဖြင့် လှိုင်သာယာနှင့် အင်းစိန် အဝယ်ဒိုင်များသို့ တင်ပို့ရောင်းချကြသည်။

ပြည်ပတင်ပို့သည့်ငါးရှဉ့်များကို ငါးလုပ်ငန်းဦးစီးဌာနနှင့် ငါးရှဉ့်လုပ်ငန်းရှင်များအသင်းက သုံးစင်တီမီတာရှိ ဆန်ခါဖြင့်စိစစ်ပြီး ဆန်ခါပေါ်တင်သည့် ငါးရှဉ့်များသာ တင်ပို့ခွင့်ပြုကြောင်း သိရသည်။ မြန်မာနိုင်ငံတွင် ငါးရှဉ့်များကို ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့်ရခိုင်ပြည်နယ်တို့အပြင် စစ်ကိုင်းတိုင်းဒေသကြီးရှိ ရွှေဘိုနှင့် ရေဦးမြို့နယ်တို့မှ အများဆုံးဖမ်းဆီးရရှိကြောင်း သိရသည်။

**အောင်ဝင်း(ဖျာပုံ)**



# ကြေးမုံ သတင်းတိုများ

## ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့် မူခင်းပညာပေးဟောပြော

**ဗန်းမောက် ဇူလိုင် ၂၂**

စစ်ကိုင်းတိုင်းဒေသကြီး ဗန်းမောက်မြို့နယ် ရဲတပ်ဖွဲ့၏ လုပ်ငန်းစဉ်များချပြခြင်းနှင့် ယာဉ်စည်းကမ်း၊လမ်းစည်းကမ်းပညာပေးခြင်း၊ မူခင်းအသိပညာပေးဟောပြောခြင်းကို ဇူလိုင် ၂၁ ရက်က ဗန်းမောက်မြို့နယ်မှူးရုံး အစည်းအဝေးခန်းမ၌ ပြုလုပ်ခဲ့သည်။ ဗန်းမောက်မြို့နယ်အတွင်း ဇန်နဝါရီ ၁ ရက်မှ ဇူလိုင် ၂၁ ရက်အထိ အမှုကြီးလေးမှု၊ အခြားအမှု ၅၀၊ ပြည်သူပိုင် ၆(၁) ကိုးမှု၊ ကြိုကာ ၄၂ မှုနှင့် မူးယစ် ၃၇ မှုတို့ကို မြို့နယ်ရဲစခန်းမှ အမှုဖွင့်တရားစွဲဆိုနိုင်ခဲ့ကြောင်း ဒု-ရဲမှူး အောင်ကျော်စိုးက ပြောသည်။

**ကျော်စွာ(ဗန်းမောက်)**

## အောင်လံမြို့၌ မြစိမ်းရောင်စီမံကိန်းဝင် ကျေးရွာပေါင်း ၂၇ ရွာအထိ ရှိလာတော့မည်

**အောင်လံ ဇူလိုင် ၂၂**

မကွေးတိုင်းဒေသကြီး အောင်လံမြို့နယ်၌ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် မြစိမ်းရောင်စီမံကိန်း ကျေးရွာတစ်ရွာကို ငွေကျပ်သိန်း ၃၀၀ အရင်းမပျောက် ချေးငွေများ ထုတ်ချေးလျက်ရှိသည်။ ထိုသို့ထုတ်ချေးရာတွင် ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် ကျေးရွာတစ်ရွာသာ ထုတ်ချေးနိုင်ခဲ့ရာမှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ၁၀ ရွာ၊ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် ခုနစ်ရွာအထိ ထုတ်ချေးနိုင်ခဲ့ပြီး ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွက် ကျေးရွာကိုးရွာ ထုတ်ချေးနိုင်ရေး ဆောင်ရွက်လျက်ရှိသည့်အတွက် အောင်လံမြို့နယ်အတွင်း မြစိမ်းရောင်စီမံကိန်းဝင်ကျေးရွာ ၂၇ ရွာအထိ ရှိလာတော့မည်ဖြစ်ကြောင်း သိရသည်။ **သိန်းလွင် (အောင်လံ)**

## မြင်းခြံမြို့နယ် မြစိမ်းရောင်စီမံကိန်းဝင် ကျေးရွာများသို့ ကွင်းဆင်းစစ်ဆေး

**မြင်းခြံ ဇူလိုင် ၂၂**

မြင်းခြံမြို့နယ်၌ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်အတွင်း အကောင်အထည်ဖော်ဆောင်ရွက်သည့် မြစိမ်းရောင်စီမံကိန်းဝင် ကျေးရွာများရှိ စီမံကိန်းရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိသော လုပ်ငန်းများကို တာဝန်ရှိသူများက ဇူလိုင် ၂၁ ရက်က ကွင်းဆင်းစစ်ဆေးကြသည်။ မကျည်းစု၊ သိမ်ကုန်းနှင့် မြေစကောင်းကျေးရွာတို့ရှိ ရန်ပုံငွေကြီးကြပ်မှုကော်မတီများနှင့် တွေ့ဆုံ၍ စာရင်းစာအုပ်များ၊ တစ်ဦးချင်း ချေးငွေဖြင့် လက်တွေ့ဆောင်ရွက်လျက်ရှိသော စိုက်ပျိုးရေး၊ မွေးမြူရေး၊ ဝင်ငွေတိုးပွားရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**အောင်ကျော်မင်း(ကြီး/ရေး)**

## ရွှေကျင်မြို့၌ စိုးရိမ်ရေမှတ်ကျော်လွန်၍ နေအိမ်များပြောင်းရွှေ့

**ရွှေကျင် ဇူလိုင် ၂၂**

ပဲခူးတိုင်းဒေသကြီး ရွှေကျင်မြို့၏ စစ်တောင်းမြစ်ရေစိုးရိမ်ရေမှတ် စင်တီမီတာ ၁၀၇၀နှင့် ရွှေကျင်မြစ်ရေ၏စိုးရိမ်ရေအမှတ် စင်တီမီတာ ၇၀၀ ဖြစ်ရာ ယနေ့ နံနက် ၆ နာရီ တိုင်းထွာချက်များအရ စိုးရိမ်ရေမှတ်တို့ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါ မြစ်ရေများ စိုးရိမ်ရေမှတ်ကျော်လွန်မှုကြောင့် ရွှေကျင်မြို့ပေါ်ရပ်ကွက်များဖြစ်သည့် ပွဲကုန်း၊ ပျဉ်းမပင်နှင့် ညောင်ဝိုင်းရပ်ကွက်တို့မှ စုစုပေါင်း အိမ်ခြေ ၄၀ ခန့်အား မြို့နယ်သဘာဝဘေးကြိုတင်ကာကွယ်ရေးကော်မတီက ကွင်းဆင်းကြည့်ရှုပြီး ကယ်ဆယ်ရေးစခန်းများသို့ ပြောင်းရွှေ့ပေးထားကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

## တရားမဝင်ရွှေတူးဖော်ရာတွင် အသုံးပြုသော ဘက်ဟိုး ၃၈ စီးနှင့် ဆက်စပ်ပစ္စည်းများသိမ်းဆည်းရမိ

**မိုးညှင်း ဇူလိုင် ၂၂**

ကချင်ပြည်နယ် မိုးညှင်းမြို့နယ် အင်းတော်ကြီးဒေသ မမုန်ကိုင်ကျေးရွာအုပ်စုတွင် ဇူလိုင် ၂၀ ရက်က ဘက်ဟိုး ၃၈ စီးနှင့် တရားမဝင်ရွှေတူးဖော်ရာတွင် အသုံးပြုသော ဆက်စပ်ပစ္စည်းများ သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

အင်းတော်ကြီးဒေသတွင် တရားမဝင် ရွှေတူးဖော်လျက်ရှိကြောင်း သတင်းအရ စစ်ဘက်၊ နယ်ဘက်မှ တာဝန်ရှိသူများပါဝင်သော ပူးပေါင်းအဖွဲ့သည် မိုင်းနောင်ကျေးရွာ အနီးတစ်ဝိုက်တွင် ဇူလိုင် ၂၁ ရက် နံနက် ၇ နာရီမှ ည ၇ နာရီခွဲထိ ဝင်ရောက်ရှင်းလင်းရှာဖွေခဲ့ရာ စုစုပေါင်း ဘက်ဟိုး ၂၁ စီးကို သိမ်းဆည်းရမိခဲ့သည်။ ထို့ပြင် မမုန်ကိုင်ကျေးရွာ အနီးတစ်ဝိုက်တွင် ဝင်ရောက်ရှင်းလင်းရာ စုစုပေါင်းဘက်ဟိုး ၁၃ စီးတို့ကို ထပ်မံသိမ်းဆည်းရမိခဲ့သည်။

အလားတူ ဇူလိုင် ၂၀ ရက်က မိုင်းနောင်ကျေးရွာ အနီးတစ်ဝိုက်တွင် ဝင်ရောက်ရှင်းလင်းရာ စုစုပေါင်း ဘက်ဟိုးလေးစီး သိမ်းဆည်းရမိခဲ့သည်။ မိုင်းနောင် ကျေးရွာ အနောက်ဘက် တောစပ်အနီးတစ်ဝိုက်တွင် ဆက်လက်ရှာဖွေရာ မှုန်စုပ်စက် ၂၅ ကောင်နှစ်လုံး၊ ၃၀ကောင်တစ်လုံး ပို့စက် ၂၅ ကောင်ခြောက်လုံး၊ ၁၈ ကောင်သုံးလုံး၊ လေးလုံးထိုးနှစ်လုံးတို့ကို တွေ့ရပြီး ယင်းနေရာတွင်း ထိန်းသိမ်းထားကြောင်း တစ်ချိန်တည်းမှာပင်ခလရ(၂၅၆)မှဗိုလ်ကြီးရဲဝင်းနိုင် ဦးဆောင်သောအဖွဲ့ကလည်း မှုန်စုတ်စက်လေးလုံးထိုး သုံးလုံး၊ နှစ်လုံးထိုး တစ်လုံး၊ ပို့စက်နှစ်လုံးထိုး သုံးလုံး ၁၂/၁၃ မီးစက်တစ်လုံး၊ ဒီဇယ်ဂါလန် ၄၀ တို့ကို တွေ့ရှိပြီး ယင်းနေရာတွင် ထိန်းသိမ်းထားရှိခဲ့ကြောင်း သိရသည်။



အဆိုပါ သိမ်းဆည်းရမိသော ဘက်ဟိုး ၃၈ စီးနှင့် တရားမဝင်ရွှေတူးဖော်ရာတွင် အသုံးပြုသော ဆက်စပ်ပစ္စည်းတို့ကို ယာယီထိန်းသိမ်းထားကာ သက်ဆိုင်ရာတာဝန်ရှိသူများက ဆက်လက်စစ်ဆေးလျက်ရှိကြောင်း သိရသည်။

**(ဝ၅၈)**



## မိုးမောက်မြို့တွင် မိုင်းပေါက်ကွဲမှုဖြစ်ပွားရာ တစ်ဦးသေဆုံး၊ လေးဦးဒဏ်ရာရ

**ဗန်းမော် ဇူလိုင် ၂၂**

ကချင်ပြည်နယ် ဗန်းမော်ခရိုင် မိုးမောက်မြို့ အလင်းကောင်ရပ်ကွက်ရှိ မြို့မဈေးမျက်စောင်းထိုး ဂရိတ်(GREAT) လက်ဖက်ရည်ဆိုင်ရှေ့တွင် ယနေ့နံနက် ၉ နာရီခန့်က ပေါက်ကွဲမှုဖြစ်ပွားခဲ့သည်။ ဖြစ်စဉ်မှာ အဆိုပါဆိုင်ရှေ့တွင် ရပ်ထားသော ပါဂျဲရိုး(အစိမ်းပတ်)ယာဉ်အား မောင်းနှင်လာသူ ယာဉ်ပိုင်ရှင်(လဝါယန်ပြည်သူ့စစ်ဌာနေအဖွဲ့)မှ ဗိုလ်မှူးနော်ဆန်း ကြေးနန်းရပ်ကွက်နေထိုင်သူသည် ဈေးအတွင်းမှ ဈေးဝယ်ပြီးအပြန် ၎င်း၏ယာဉ်ပေါ်သို့တက်ရန် ကားတံခါးအားဆွဲဖွင့်စဉ် ကားအနီးတွင် ရပ်တန့်ထားသော ဆိုင်ကယ်တစ်စီးမှ ရုတ်တရက် ပေါက်ကွဲခဲ့ခြင်းဖြစ်သည်။ ပေါက်ကွဲမှုကြောင့် လူငါးဦးထိခိုက်ဒဏ်ရာရရှိရာ ဗိုလ်မှူးနော်ဆန်း(၄၃)နှစ် မှာ မိုးမောက်ပြည်သူ့ဆေးရုံတွင် နံနက် ၉ နာရီ ၃၀ မိနစ် တွင် သေဆုံးသွားသည်။

အဆိုပါ ပေါက်ကွဲမှုအနီးတစ်ဝိုက်ရှိ ကျန်လေးဦးအနက် မောင်စိုးမင်းလတ်(၂၈)နှစ်ရရှိသည့် ဒဏ်ရာမှာ စိုးရိမ်ရသောအခြေအနေဖြစ်ပါသဖြင့် ဗန်းမော်ပြည်သူ့ဆေးရုံသို့ ဆက်လက်ပို့ဆောင် ဆေးကုသမှုခံယူနေကြောင်းနှင့် မောင်ဇော်ဌေးအောင်(၂၅)နှစ်၊ မအားကိုင်(၂၁)နှစ်၊ မောင်နိုင်မင်း(၁၆)နှစ်တို့မှာ ပေါက်ပြဲဒဏ်ရာများရရှိသဖြင့် မိုးမောက်ပြည်သူ့ဆေးရုံတွင် ဆေးကုသမှုခံယူလျက်ရှိကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## အဒူဆူဝမ်း အသတ်ခံရမှုဖြစ်စဉ်မှ မသင်္ကာသူကိုးဦး ထပ်မံဖမ်းဆီးရမိ

**နေပြည်တော် ဇူလိုင် ၂၂**

ဘူးသီးတောင်မြို့နယ် ငရန့်ချောင်းကျေးရွာအုပ်စု မောင်နှမကျေးရွာ၌ အဒူဆူဝမ်း အသတ်ခံရမှုဖြစ်စဉ်မှ မသင်္ကာသူကိုးဦးအား ယမန်နေ့နံနက် ၅ နာရီတွင် လုံခြုံရေးတပ်ဖွဲ့ဝင်များက ထပ်မံဖမ်းဆီးရမိကြောင်း သိရသည်။

လုံခြုံရေးတပ်ဖွဲ့ဝင်များသည် ဘူးသီးတောင်မြို့နယ် မောင်နှမကျေးရွာနေ အဒူဆူဝမ်း အသတ်ခံရမှုဖြစ်စဉ်မှ တရားခံများဖမ်းဆီးရမိရေးအတွက် လှည့်ကင်းဆောင်ရွက်ခဲ့ရာ ယမန်နေ့နံနက် ၅ နာရီက မောင်နှမကျေးရွာနေ မသင်္ကာသူ မာမောက်ဆွေယော့နူရ်ပါ ကိုးဦးအား ထပ်မံဖမ်းဆီးရမိပြီး နယ်မြေစခန်း၌ စစ်ဆေးလျက်ရှိကြောင်း သိရသည်။

**(သတင်းစဉ်)**

## မှုခင်းအသိပညာ တိုးပွားလာစေရေးအတွက် မှုခင်းပညာပေးပြခန်းယာဉ်များဖြင့် လှည့်လည်ဟောပြောပြသ

**နေပြည်တော် ဇူလိုင် ၂၂**

မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်၏ စီစဉ်ညွှန်ကြားချက်အရ တိုင်းဒေသကြီး/ပြည်နယ်များရှိ ရဲတပ်ဖွဲ့မှူးရုံးများမှ တပ်ဖွဲ့ဝင်များသည် ပြည်သူများအား မှုခင်းကြိုတင်ကာကွယ်တားဆီးရေး လုပ်ငန်းများတွင် ဗဟုသုတတိုးပွားစေရေးအတွက် မှုခင်းပညာပေးပြခန်းယာဉ်ဖြင့် အသိပညာပေး လှည့်လည်ဟောပြောပြသလျက်ရှိရာ ဇူလိုင် ၂၁ ရက်က မကွေးတိုင်းဒေသကြီး အောင်လံမြို့ မကျည်းကုန်းရပ်ကွက်၊ စမ်းချောင်းရပ်ကွက်နှင့် ရွာထောင်ရပ်ကွက်ရှိ အခြေခံပညာအထက်တန်းကျောင်းများ၌ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ စုစုပေါင်း ၇၆၅ ဦးတို့အား မှုခင်းကြိုတင်ကာကွယ်တားဆီးရေး၊ လူကုန်ကူးမှုပပျောက်ရေး၊ မူးယစ်ဆေးဝါးအန္တရာယ်တားဆီးကာကွယ်ရေးနှင့် ယာဉ်စည်းကမ်း လမ်းစည်းကမ်း ဟောပြောပြသခဲ့ပြီး တပ်ဖွဲ့ဝင်များက လိုက်နာရေးတို့ကို ပညာပေး မှုခင်းအသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သတင်းရရှိသည်။

**(ရဲပြန်ကြား)**



## ကျောက်ဆည်မြို့တွင် ဆိုင်ကယ်အရောင်းဆိုင် မီးလောင်မှုဖြစ်ပွား၊ ဆိုင်ကယ်အစီးရေ ၁၄၀ ဆုံးရှုံး

**ကျောက်ဆည် ဇူလိုင် ၂၂**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့ အေးမြကြည်လင်အုပ်စု တံစိုးဂိတ်ရပ်ကွက်တွင် ယနေ့နံနက် ၁ နာရီခန့်က မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ လှကျော်(ခ)အရှည်ကြီး၏(၃၀×၄၀)ပေ အကျယ်ရှိ သွပ်မိုးထရံကာ ကွန်ကရစ်ခင်းမှ လျှပ်စစ်ဝါယာကြိုးအပူလွန်ကဲပြီး နေအိမ်ထရံသို့ မီးကူးစက်လောင်ကျွမ်းခဲ့သည်။ မီးလောင်မှုကြောင့် (၃၀×၄၀)ပေ သွပ်မိုးထရံကာ ကွန်ကရစ်ခင်း ဆိုင်ကယ် အရောင်းဆိုင်နှင့် ဆိုင်ကယ်အစီးရေ ၁၄၀၊ (၁၃×၂၀)ပေ သွပ်မိုးထရံကာ ကွန်ကရစ်ခင်း လူနေအိမ်နှစ်လုံး၊ ဘိလိယက်ခုံတစ်လုံး၊ သစ်တစ်တန်၊ (၃၀×၃၃)ပေရှိ ဈေးဆိုင်ခန်းတစ်ခန်း မီးလောင်ဆုံးရှုံးခဲ့ပြီး အဆိုပါမီးလောင်မှုကြောင့် လူနှင့်တိရစ္ဆာန် ထိခိုက်သေကျေမှု မရှိကြောင်း သိရသည်။

အဆိုပါမီးလောင်ရာသို့ ကျောက်ဆည်ခရိုင် မီးသတ်တပ်ဖွဲ့ဦးစီးဌာနမှူး၊ လက်ထောက်ညွှန်ကြားရေးမှူး ဦးဇင်ထွန်းဦးဆောင်သည့် သန္ဓေတပ်ဖွဲ့ဝင် ၃၅ ဦးနှင့် မီးငြိမ်းသတ်ယာဉ်ခြောက်စီး၊ ရေသယ်ယာဉ်တစ်စီး၊ ရပ်ကွက်သူရပ်ကွက်သားများ ဝိုင်းဝန်းငြိမ်းသတ်မှုကြောင့် နံနက် ၁ နာရီခွဲတွင် မီးလုံးဝငြိမ်းသတ်နိုင်ခဲ့ကြောင်း သိရသည်။

**(သက်မောင်)**



## တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးဆောင်ရွက်

**နေပြည်တော် ဇူလိုင် ၂၂**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် ဖွဲ့စည်းစစ်ဆေးဆောင်ရွက်လျက်ရှိရာ ဇူလိုင် ၂၁ ရက်တွင် မန္တလေး- မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန်အစီးရေ ၅၇၀၊ သွင်းကုန် ၅၂၁ စီး၊ ရန်ကုန်- မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၄၅ စီး၊ သွင်းကုန် ၁၁၅ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ ဇူလိုင် ၂၁ ရက်တွင် မြဝတီမှ ရန်ကုန်သို့ သွားရောက်မည့် ခရီးသည်တင်ယာဉ်ကို မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးခဲ့ရာ တရားဝင်စာရွက်စာတမ်း အထောက်အထားတစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသော Soy Milk (1×300 ml),(100) Pkgs၊ (ခန့်မှန်းတန်ဖိုးကျပ် သုည ဒသမ ၉ သန်းခန့်)ကို တွေ့ရှိ၍ သိမ်းဆည်းခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## မှုခင်းကျဆင်းရေး အသိပညာပေးဟောပြောပွဲကျင်းပ

**နေပြည်တော် ဇူလိုင် ၂၂**

ပဲခူးတိုင်းဒေသကြီး ကျောက်ကြီးမြို့နယ် အင်းနက်ကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းခွဲ၌ မှုခင်းကျဆင်းရေး အသိပညာပေးဟောပြောပွဲကို ဇူလိုင် ၂၀ ရက် နံနက်ပိုင်းက ကျင်းပရာ ဒုတိယမြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးအေးထွန်းက မှုခင်းကျဆင်းရေး၊ ယာဉ်/လမ်းစည်းကမ်းနှင့် ပတ်သက်၍လည်းကောင်း၊ ဒုရဲအုပ်အောင်ကျော်မင်းက သက်ငယ်မုဒိမ်းမှုဖြစ်ပွားရခြင်းနှင့်ပတ်သက်၍လည်းကောင်း၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးမှူး ဒေါ်သော်ဇင်အောင်က မူးယစ်ဆေးဝါးအန္တရာယ်တားဆီးကာကွယ်နှိမ်နင်းရေးနှင့် ပတ်သက်၍လည်းကောင်း အသိပညာပေးဟောပြောသည်။

ဟောပြောပွဲသို့ ကျေးရွာအုပ်စုအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ ကျေးရွာနေပြည်သူများ စုစုပေါင်း ၂၀၀ ခန့်တက်ရောက်ခဲ့ပြီး တက်ရောက်လာသူများအား အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သတင်းရရှိသည်။

**(ရဲပြန်ကြား)**

**မူးယစ်သားကောင် မဖြစ်စေရေး ပေးမကူညီဝိုင်းဝန်းပေး**

# ရှန်းကန်ရင်ဆိုင်ရမည့် ရွှေခါးပတ် ဆီမီးဖိုင်နယ်ပွဲစဉ်များ

ဇင်လင်းထွန်း(ဓနုဖြူ)

သိမ်ဖြူမြန်မာ့ရိုးရာလက်ဝှေ့ပြိုင်ပွဲရုံတွင် ကျင်းပဆဲ နဝမ အကြိမ်မြောက် ရွှေခါးပတ်ချန်ပီယံပြိုင်ပွဲကြီး(၂၀၁၇) ရှေးရှေးက ကျင်းပခဲ့သောပြိုင်ပွဲကြီးများနည်းတူ ဝိတ်တန်း တစ်ခုအတွက် ချန်ပီယံတစ်ယောက်သာရွေးချယ်မည်ဖြစ် ရာ အဆင့်လိုက်ဖြုတ်ချခဲ့ရသည်များရှိသည်သာ။ ဥပမာ အားဖြင့် မြေပြင်ဒိုးလွှတ်စင်မှ ပစ်လွှတ်လိုက်သော ဒုံးပျံ တစ်ခု အာကာသထဲသို့ရောက်ရှိရန် လမ်းတွင်အဆင့်လိုက် ဖောက်ခွဲတွန်းအားယူကာ လောင်စာကန်များကိုဖြုတ်ချပစ် ခဲ့သည့်အလားဟု ဆိုရမည်ထင်သည်။

ဇူလိုင် ၁၅ ရက်နှင့် ၁၆ ရက်က ကွာတားဖိုင်နယ် ပွဲစဉ်များတွင် ပြိုင်ဘက်များကိုရှန်းကန်ရင်ဆိုင်ကာ ချန်ထား ခဲ့ပြီး ဆီမီးဖိုင်နယ်အဆင့်သို့ တက်ရောက်လာသော ရိုးရာ လက်ဝှေ့သမားသည် ယခုအဆင့်၌လည်း မိမိတို့၏ သတ္တိ၊ သက်လုံ၊ ပညာဂုဏ်၊ မာဂုဏ်တို့ကိုဖောက်ခွဲကာ ပြိုင်ဘက် များကို ချန်ထားမှသာ ဗိုလ်လုပွဲအဆင့်သို့ တက်လှမ်း နိုင်မည်ဖြစ်ပေသည်။

ယခုအဆင့်သည် ကွာတားအဆင့်ထက် ပို၍ပြင်းထန် သော တွန်းကန်အားရှိမှသာ ဗိုလ်လုပွဲသို့ခရီးဆက်နိုင်မည် ဖြစ်ရာ ဝိတ်တန်းတိုင်းတွင် ရင်မ သည်းဖို ဖြစ်စဉ်များရှိနေ သည်ဟု ဆိုရပေမည်။

ယနေ့ ဇူလိုင် ၂၃ ရက် မွန်းလွဲ ၂ နာရီတွင် သိမ်ဖြူ ရုံ၌ စတင်မည့် ၅၁ ကီလိုတန်း ဆီမီးဖိုင်နယ် ပထမဆုံးပွဲစဉ် ဖြစ်သည့် အံ့ဘွား(ကျားဖြူ)နှင့် သိန်းစိုး(အဖြူရောင် သွေးသစ်)တို့တွဲဆိုင်းမှာပင် ဖောက်ခွဲမှုပြင်းထန်သော ဖြစ်စဉ် ပေါ်ပေါက်လာလိမ့်မည်ဟု မှန်းဆရသည်။ အံ့ဘွား က ကွာတားဖိုင်နယ်တွင် လင်းထက်အောင်(တောင်ကလေး) ကို အမှတ်ပြတ် ၅-၀ ဖြင့် အနိုင်ယူလာသကဲ့သို့ သိန်းစိုး ကလည်း ရှိုင်းထက်အောင်(ဒေါင်းမြန်မာ)ကို အမှတ် ၅-၀ ဖြင့်ပင် အနိုင်ရလာခဲ့ရာ လက်ရည်မျှသည်ဟု ဆိုနိုင် သည်။ ၅၁ ကီလိုတန်း ဆီမီးဖိုင်နယ် ဒုတိယပွဲစဉ်ကတော့ ဝါစဉ်အရပြောကြစတမ်းဆိုလျှင် ဇလပ်သွေး(တောင်ဇလပ်) ထက် သပြေအောင်(သုံးပန်လှ)ကိုသာ ပိုတွက်ကြပေလိမ့် မည်။ သပြေအောင်က အငယ်တန်းတွင် နာမည်ကျော်ခဲ့ သည်မှာ အတော်ကြာပြီဖြစ်သည်။ မြန်မာ့ရိုးရာလက်ဝှေ့ လောကတွင်သာမက မွေပြိုင်ပွဲများတွင်ပါ ရွှေတံဆိပ် ဆွတ်ခူးပေးခဲ့ဖူးသူဖြစ်သည်။ ၂၀၁၂ ခုနှစ် အဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာ ဦးခင်မောင်ထွန်း၊ အတွင်းရေးမှူး ဦးစိုင်း ဇော်ဇော်၊ နည်းပြဆရာ ကဘော်မြေကျော်စိုးတို့ဦးဆောင်ကာ ဗီယက်နမ်နိုင်ငံ ဟိုချီမင်းမြို့သို့ တူးတူး၊ ထွန်းထွန်းမင်း၊ ရွှေဖလားတို့နှင့်အတူသွားရောက်၍ အာရှမွေပြိုင်ပွဲတွင် သပြေအောင်က ရွှေတံဆိပ်ရယူပေးခဲ့သေးသည်။ မြိုင်ကလေးဘိလပ်မြေစက်ရုံကလပ်အတွက် မှတ်တမ်း ကောင်းများစွာ ရယူပေးခဲ့သော သပြေအောင်က ယခု သူကိုယ်စားပြုနေသော သုံးပန်လှကလပ်အတွက် ပထမ ဆုံးသော မှတ်တမ်းကောင်းအဖြစ် ရွှေခါးပတ်ရယူပေးလို မည်သာဖြစ်သည်။ သူ၏ ကွာတားဖိုင်နယ်ဖြတ်သန်းမှု ကတော့ မှတ်တမ်းကောင်းသည်ဟု ဆိုရမည်။ ငယ်ဂုဏ်နှင့် မာဂုဏ်ရှိကာ ပါဝါလည်းကောင်းသော ထွန်းမင်းနိုင် (ထွန်းထွန်းမင်းကလပ်)ကို ဒုတိယအချီ ၂ မိနစ် ၅၁ စက္ကန့်မှာ အလဲထိုးလာခဲ့သည်။ သပြေအောင်၏ယှဉ်ဘက် ဇလပ်သွေး (တောင်ဇလပ်)ကိုတော့ တိုင်းဒေသကြီးနှင့် ပြည်နယ် မြန်မာ့ရိုးရာလက်ဝှေ့ပြိုင်ပွဲတွင် ပြိုင်ဘက်ဖြစ်သူ ဒဏ်ရာ ရကာ ပွဲမဝင်လာသဖြင့် လက်ရည်ကြည့်ခွင့်မရလိုက် သကဲ့သို့ ယခုပွဲ ကွာတားဖိုင်နယ်တွင်လည်း ပြိုင်ဘက်ဖြစ်သူ ပြည့်စုံအောင်(တိုက်ဂါး) တုပ်ကွေးဖြင့်ဖျားကာ ပွဲမဝင်လာ သဖြင့် ဇလပ်သွေးက အလိုအလျောက် ဆီမီးသို့ ခရီးပေါက် လာခဲ့သူဖြစ်သည်။ သို့ဖြစ်၍ သပြေအောင်နှင့်တွေ့သည့် အခါမှသာ ဇလပ်သွေးက ရွှက်ပုန်းသီးပေလော၊ မီးခဲပြာဖုံး ပေလော စာကြောရတော့မည်ဖြစ်သည်။

၅၁ ကီလိုတန်းမှာပင် ရင်ခုန်စိတ်လှုပ်ရှားစရာ အနေအထားဖြစ်နေသည့်အတွက် ဝိတ်တန်းမြင့်လာလေ ပြိုင်ဆိုင်မှု ပိုမိုပြင်းထန်ကာ ရင်ခုန်စရာအနေအထားတို့ ဖြစ်လာလေဟု ဆိုရပေမည်။ ၅၄ ကီလိုတန်း ဆီမီးဖိုင်နယ် ယှဉ်ကြမည့် ခွန်အာကာ(1886 Mandalay)နှင့် စိုးဝင်း သန်း(ရန်စစ်ငြိမ်း)၊ အောက်ချင်းလေး(တောင်ဇလပ်)နှင့် အာကာမင်း(ကျားဘုရင်)တို့တွဲဆိုင်း၊ ၅၇ ကီလိုတန်း ဆီမီး ဖိုင်နယ်ယှဉ်ကြမည့် ထရိန်း(တိုက်ဂါး)နှင့် စူပါ(မျိုးဆက် သစ်)၊ ဒိုးလေး(ရိုးရာပုဂံ)နှင့် ယျူးခလိန်းမင်း(မြိုင်ကလေး ဘိလပ်မြေစက်ရုံ)တို့ တွဲဆိုင်းများသည် ရက်စက်မှုကြေကွဲ၊




ရဲမှမင်းဖြစ်ဆိုသော စကားအတိုင်း ပြိုင်ဘက်များကို ဖောက်ခွဲချန်ထား၍ ဗိုလ်လုပွဲသို့ ရှန်းတက်နိုင်ရေး အစွမ်းကုန်ကြိုးပမ်းကြမည်သာ။ စူပါကတော့ ဝါအရင့်ဆုံး ဖြစ်နေသည့်အတွက် ထိုးလုံးသတ်ကွက် ပါးပါးနပ်နပ် ရှိသဖြင့် ထရိန်းကနာမည်နှင့်လိုက်အောင် ရထားတစ်စင်း ကဲ့သို့ အတင်းဝင် နင်းခြေနိုင်မှသာ ဆီမီးတက်ဖို့ မျှော်လင့်ချက်ရှိနိုင်သည်ဟု ဆိုရမည်။ ဒိုးလေးနှင့် ယျူးခလိန်းမင်းတို့က ပါဝါအားကိုးဖြင့် အလဲထိုးအကွဲထိုး သန်သူများဖြစ်ကြောင်း ကွာတားဖိုင်နယ်ဖြတ်သန်းမှုက သက်သေပြခဲ့ပေရာ မည်သူ့ပါဝါပိုပြင်းမည်လဲ အကဲခတ်ရ ပေတော့မည်။

၆၀ ကီလို ကွာတားဖိုင်နယ်ဖြတ်သန်းမှုအရ စစ်အောင် (မြိုင်ကလေးဘိလပ်မြေစက်ရုံ)တွင် အကွဲဒဏ်ရာရှိထား သည့်အတွက် ထိုအားနည်းချက်ကို ယခုပွဲရင်ဆိုင်ရမည့် ဇွဲလင်းအောင်(သုံးပန်လှ)က အရအမိနင်းကာ ဗိုလ်လုပွဲ တက်ဖို့ ကြိုးစားမည်ထင်သည်။ သို့ရာတွင် ဇွဲလင်းအောင်က တစ်ချက်ကောင်းပွဲသိမ်းထိုးဖို့သာ အာရုံစိုက်တတ်ကြောင်း ကွာတားဖိုင်နယ်ပွဲစဉ်တွင် လေ့လာတွေ့ရှိရသည်။ အကယ်၍သာ စစ်အောင်က အနာရှိန်ဖြင့် ဖျားနာခြင်းမျိုး မရှိဘဲ အားပြည့်အင်ပြည့်ဖြင့် သက်လုံထိန်းနိုင်ခဲ့လျှင် ဇွဲလင်းအောင်ထံမှ အမှတ်နိုက်ရလွယ်မည့်သဘောရှိသည်။ ၆၀ ကီလိုတန်း နောက်ထပ်ဆီမီးဖိုင်နယ်ပွဲက ကွာတား ဖိုင်နယ်တွင် ပြိုင်ဘက်များကို ပထမအချီ၌ပင် အလဲထိုး ခဲ့သူချင်း ဆုံကြသောပွဲဖြစ်နေသည်။ ဟံသာဝတီ (အဖြူရောင်သွေးသစ်)နှင့် စိန်လုံးချော(ဗမာ့သွေး)တို့သည် ငယ်ဂုဏ်ချင်းတူသကဲ့သို့ ပါဝါနှင့် ပညာဂုဏ်ချင်းလည်း တူကြပေရာ အသွားအပြန် အမှားမခံသည့်အနေအထား ရှိသည်။ အမှားနည်းသောသူ ဗိုလ်လုပွဲတက်ရမည့်ပွဲဟု ဆိုနိုင်သည်။ ၆၃ ဒသမ ၅ ကီလိုတန်းကတော့ မန္တလေး ပရိသတ်များ ပို၍စိတ်ဝင်စားသည့်အတန်းဟု ဆိုရပေမည်။ ဆီမီး ဖိုင်နယ်တွင်ပါဝင်လာသော ရိုးရာလက်ဝှေ့သမား လေးယောက်၌ သုံးယောက်က ကရင်ပြည်နယ်ကစားသမား များဖြစ်ပြီး ဗထူးမောင်(ရတနာပုံ)တစ်ယောက်သာ မန္တလေးသားဖြစ်နေသောကြောင့်ပင်။ ထို့တွင်လည်း ဗထူးမောင်က ကွာတားဖိုင်နယ်၌ ဝါရင့်ကြီး ထက်အောင်ဦး (တောင်ကလေး)ကို ပရိသတ်အများစု ကြိုတင်တွက်ဆထား သည်နှင့် ပြောင်းပြန်အချိုးကျအောင် တတိယအချီတွင် အမှတ်စဉ်အရေခံထိစေခဲ့ပြီး ပွဲအပြီး၌ အမှတ်ပေးဒိုင် ငါးဦးစလုံး၏ ထောက်ခံချက်ဖြင့် ဆီမီးတက်လာခဲ့ခြင်း ဖြစ်ပေရာ ရန်နိုင်ထွန်း(သုံးပန်လှ)နှင့် တွေ့ကြမည့် အနေအထားကို ပရိသတ်အားလုံး စိတ်ဝင်စားနေကြသည်။

ရန်နိုင်ထွန်းကလည်း ကွာတားတွင် ရွှေချစ်အောင်(တိုက်ဂါး) ကို ဒုတိယအချီ ၅၇ စက္ကန့်ဖြင့် အလဲထိုးလာသူဖြစ်ရာ ပရိသတ်များ ကြိုတင်ရင်ခုန်ထိုက်သောတွဲဆိုင်းဟု ဆိုရ ပေမည်။ ဒို့ရိုးရာကလပ်မှ စိုးလင်းဦးနှင့် ကတ္တီပါလမ်းခွဲကာ တော်ဝင်ရိုးရာဟူသော ကလပ်အသစ်တည်ထောင်လာ သည့် လူငယ်နည်းပြဆရာ စိန်တင်အောင် နောက်သို့ ယုံကြည်မှုအပြည့်ဖြင့် လိုက်ပါလာသည့် စောထူးအောင် (တော်ဝင်ရိုးရာ)ကတော့ ကွာတားဖိုင်နယ်တွင် တကယ့် ဝါရင့်ကြီး နေရှုဘီ(STL)နှင့် တွေ့ဆုံခဲ့ရပြီး အမှတ် ၅-၀ ဖြင့် ကျော်ဖြတ်ကာ ဆီမီးတက်လာသည့်အခါလည်း "ဘိုင်"ရ၍ ဆီမီးမှထိုင်စောင့်နေသူက တကယ့်ဝါရင့် နာမည်ကျော် ကျားပေါက်(ရန်စစ်ငြိမ်း)ဖြစ်နေပြန်သည်။ နာမည်နှင့်လိုက်အောင် ကျားပေါက်တစ်ကောင်အလား ရှန်းအားပြင်းထန်သည့် ကျားပေါက်၏တိုက်စစ်ကို စောထူး အောင် ထိန်းနိုင်စွမ်းရှိ/မရှိက ယခုပွဲ၏အဖြေကို ဆုံးဖြတ် သွားမည်ထင်သည်။

၆၇ ကီလိုတန်း ဆီမီးဖိုင်နယ်နှစ်ပွဲစလုံးကလည်း ရှန်းကန်နိုင်မှ တော်ရုံကျမည့် အနေအထားမျိုးဖြစ်နေသည်။ ဘိုင်ရ၍ ဆီမီးဖိုင်နယ်မှထိုင်စောင့်နေသော ထွန်းနိုင်ဦး (STL)နှင့် ကွာတားတွင် သန့်စင်ထွန်း(ကျားဘုရင်)ကို တတိယအချီ၌ အလဲထိုးခဲ့သည့် ရွှေမင်းရာဇာ(မြိုင်ကလေး ဘိလပ်မြေစက်ရုံ)တို့ ဆုံကြမည်ဖြစ်ပြီး ဖိုးလပြည့်(ရွှေဖူး) နှင့် ကြယ်စင်ဖြိုး(ရိုးရာပုဂံ)တို့ ဆုံကြမည်ဖြစ်သောကြောင့် ပင်။ ကွာတားဖိုင်နယ်ဖြတ်သန်းမှုအရ ကြယ်စင်ဖြိုးက အမှတ်ပေးဒိုင်များ၏ ထောက်ခံချက်ကိုရယူခဲ့ရသေးပြီး ဖိုးလပြည့်ကတော့ ဗိုစိုးအောင်(ဗမာ့သွေး)ကို ကွာတား ဖိုင်နယ်ပွဲစဉ်အားလုံး၏ ပွဲသိမ်းအမြန်ဆုံးစံချိန် ပထမအချီ ၅၂ စက္ကန့်ဖြင့် အလဲထိုးအနိုင်ယူလာခဲ့သည်။ ထိုခြားနားချက် က ပြိုင်ဘက်အနေအထားပေါ်တွင်လည်းမူတည်ပေရာ ယခုပွဲတွင်သာ မည်သူက ဗိုလ်လုပွဲတက်ရန် ထိုက်တန် ကြောင်း ပြတ်သားဖို့လိုနေသည်။ ၆၃ ဒသမ ၅ ကီလိုတန်း ရွှေခါးပတ်ချန်ပီယံ (၂၀၁၅)ဖြစ်ခဲ့ပြီး ၂၀၁၆ တွင် ယခု ဝိတ်တန်း(၆၇ ကီလို)၌ ဗိုလ်လုပွဲရောက်ခါမှ အမှတ်နှင့် ရှုံးကာ ခါးပတ်လက်လွှတ်ခဲ့ရသော ကြယ်စင်ဖြိုးအနေဖြင့် အိပ်မက်ဆိုးတို့ ထပ်မကြုံလိုလျှင် ဆီမီးဖိုင်နယ်မှာပင် ထင်သာမြင်သာအဖြေရှာနိုင်ဖို့ ကြိုးစားရပေမည်။

၇၁ ကီလိုတန်း ဆီမီးဖိုင်နယ်က ပြိုင်ပွဲကြီး၏ အမြင့်ဆုံးဝိတ်တန်းဖြစ်သည်နှင့်အမျှ ပရိသတ်အာရုံစိုက်မှု ပိုများနေနိုင်ပေရာ တွဲဆိုင်းနှစ်ဆိုင်းလုံး ရှန်းကန်အားပြင်းဖို့ လိုသည်။ မင်းမောင်မောင်(တောင်ကလေး)နှင့် စိုးထက်ဦး (STL)၊ စောဆဝါး(တို့ရိုးရာ)နှင့် သွေးသစ်အောင် (သုံးပန်လှ)တို့က စိန်ခေါ်ပွဲ ဝါရင့်များသာမက ရွှေခါးပတ်ပွဲ ဝါရင့်များနှင့် ဝါနုသမားတို့တွေ့ကြသည့် အနေအထား ဖြစ်သည်။ မည်သူပင် ဗိုလ်လုပွဲတက်သည်ဖြစ်စေ လွယ်လင့်တကူမဖြစ်နိုင်ဘဲ ပွဲကြမ်းမည့်သဘောရှိနေသည်။ ဆိုခဲ့သည့် ဆီမီးဖိုင်နယ်ပွဲစဉ်များဖြင့်ပင် သိမ်ဖြူမြန်မာ့ ရိုးရာလက်ဝှေ့ပြိုင်ပွဲရုံထဲသို့ ဝင်ရောက်ချင်စိတ်တို့ နိုးကြွ စေနိုင်သော်လည်း စီစဉ်သူများက အားမရသေးဘဲ ထပ်ဆင့်ရွှေခါးပတ်ချန်ပီယံ ရဲသွေးနီ(တောင်ကလေး)နှင့် ကရင်လေး(Phoemix)တို့ တွဲဆိုင်းကို စိန်ခေါ် ပွဲကြီးအဖြစ် ထည့်သွင်းပေးထားသည်။ ထိုအခြေအနေက ရဲသွေးနီ အတွက် နားရွက်တံတွေးဆွတ်ခံရသည့် အနေအထားဟု ဆိုနိုင်သည်။ အလဲထိုးဘုရင်ဘွဲ့ (၂၀၁၅)ထပ်ဆင့်ရွှေခါး ပတ်ချန်ပီယံဘွဲ့(၂၀၁၅၊ ၂၀၁၆)၊ ၅၇ ကီလိုတန်း ကမ္ဘာ့ ချန်ပီယံ(၂၀၁၆)ဘွဲ့များပိုင်ရှင် ရဲသွေးနီအနေဖြင့် မြန်မာ့ ရိုးရာလက်ဝှေ့ကြိုးဝိုင်းထဲတွင် မွေထိုးပြိုင်ဘက်ကို တစ်ပွဲ မျှ အလဲထိုးနိုင်ရုံဖြင့် စိန်ခေါ်လာသော ကရင်လေးကို ဘေးတစ်လုံး မေးတစ်လုံးကျုံးကာ ပွဲသိမ်းမည်လား စိတ်ဝင်စားနေကြသည့်နည်းတူ ယိုးဒယားပြန် ကရင်လေး ကပင် မြန်မာ့ရိုးရာလက်ဝှေ့လောကတွင် လက်သီးဘုရင်ဘွဲ့ ခံနိုင်ကြောင်း ပြဆိုမည်လား စိတ်ဝင်စားနေကြပေသည်။

## ယခုနွေစျေးကွက်တွင် ပီအက်စ်ဂျီသို့ ပြောင်းရွှေ့တော့မည်ဟု အသင်းဖော်များကို နေမာအသိပေး



တိုက်စစ်မှူးနေမာက လောလောဆယ်တွင် ဘာစီလိုနာ အသင်းနှင့်အတူ အမေရိကခြေစမ်းပွဲခရီးစဉ်တွင် လိုက်ပါသွားသော်လည်း ပီအက်စ်ဂျီအသင်းသို့ ချက်ချင်း ဆိုသလိုပင် ပြောင်းရွှေ့မည့်အနေအထားပင်ဖြစ်သည်။ နေမာက သူ့အနေဖြင့် ယခုနှစ် နွေစျေးကွက်အတွင်းမှာပင် ပီအက်စ်ဂျီသို့ ပြောင်းရွှေ့တော့မည်ဟု ဘာစီလိုနာ အသင်းဖော်များကို အသိပေးခဲ့ကြောင်း ဘာကာ နောက်ခံလူ အမ်တီတီ၏ ဖွင့်ဟချက်အရ သိရသည်။

နေမာနှင့် ပီအက်စ်ဂျီအသင်းတို့ အပြောင်းအရွှေ့ သတင်းများမှာ ပြီးခဲ့သည့် ရက်ပိုင်းများအတွင်း ဆက်တိုက် ထွက်ပေါ်နေခဲ့ပြီး ပေါင် ၁၉၅ သန်းတန် အပြောင်းအရွှေ့ မှာ ရှောင်လွှဲလို့မရတဲ့ ကိစ္စဖြစ်လာနိုင်ကြောင်း သုံးသပ် နေကြပြီဖြစ်သည်။ ပီအက်စ်ဂျီဘက်ကလည်း နေမာ၏ ထွက်ခွာခွင့်စာချုပ်ပါ ပေါင် ၁၉၅ သန်းကိုပေးချေရန် အသင့် ရှိနေရာ အကယ်၍ ယင်း၏ အပြောင်းအရွှေ့သာ အမှန် တကယ်ဖြစ်လာမည်ဆိုပါက ပေါ့ဘာ၏ ကမ္ဘာ့စံချိန်တင် ပြောင်းရွှေ့ကြေးထက်ပင် ပေါင်သန်း ၁၀၀ ကျော် များပြား သည့် တန်ဖိုးဖြစ်လာမည်။ ဘာစီလိုနာ တာဝန်ရှိသူများက လည်း နေမာအတွက် ကမ်းလှမ်းမှုကို လက်ခံလိုက်ပြီဖြစ် ကြောင်း သိရသည်။

ဘာစီလိုနာဥက္ကဋ္ဌ ဘာတိုမူက နေမာမှာ ရောင်းချ မည့် ကစားသမား မဟုတ်သလို ဘာစီ လိုနာနှင့် လေးနှစ် စာချုပ် သက်တမ်း ရှိနေ ပြီဖြစ်ကြောင်း ပြီးခဲ့ သည့် ရက်ပိုင်းကပင် ပြောဆိုခဲ့သေးသော်လည်း ယခုမူ နေမာကိုယ်တိုင်က ပြောကြားခဲ့သည်ဆိုသော သတင်းများ ထွက်ပေါ်လာခြင်းဖြစ်သည်။ နေမာ၏ ဖခင်နှင့် ပီအက်စ်ဂျီအသင်းအားကစား ဒါရိုက်တာ အန်တီရိုဟန်းရစ်တို့ ပဲရစ်မြို့တွင်တွေ့ဆုံပြီးနောက် အပြောင်းအရွှေ့ လျင်လျင်မြန်မြန် ဖြစ်ထွန်းလာခြင်းဖြစ် သည်။ ပီအက်စ်ဂျီနည်းပြ အမ်မရီက ပြီးခဲ့သည့် ဘောလုံး ရာသီက ဘာစီလိုနာအသင်းကိုရှုံးနိမ့်ပြီး ချန်ပီယံလိဂ်ပြိုင်ပွဲ မှထွက်ခွာရခြင်းမှာ ကမ္ဘာ့အဆင့် ထိပ်တန်းတိုက်စစ်မှူး မရှိခြင်းကြောင့်ဟု ယူဆထားရာ နေမာမှာ ယခုနှစ် နွေစျေးကွက် ပီအက်စ်ဂျီ၏ ထိပ်တန်းပစ်မှတ်ဖြစ်သည်။ ပီအက်စ်ဂျီသည် နေမာအပြင် အာဆင်နယ်တိုက်စစ်မှူး ဆန်းချက်ဇ်ကိုလည်း ခေါ်ယူရန် နီးစပ်နေကြောင်းလည်း သိရသည်။ **(မေလှဲ့သင်း)**

# တရားခံလွှဲပြောင်းရေးဥပဒေပြဋ္ဌာန်း

**ယမန်နေ့မှအဆက်**

(ဂ) တရားခံလွှဲပြောင်းရေးဆိုင်ရာ ကြားနာမှုကို ဆောင်ရွက်ရန် အလို့ငှာ တောင်းဆိုခြင်းခံရသူအား မိမိအဖွဲ့ရှေ့မှောက်သို့ တင်ပို့ပေးရန် မြန်မာနိုင်ငံရဲတပ်ဖွဲ့သို့ အကြောင်းကြားရမည်။ အကယ်၍ တောင်းဆိုခြင်းခံရသူသည် အခြားပြစ်မှုတစ်ရပ်ရပ်ဖြင့် ချုပ်နှောင်ထားခြင်းခံရပါက မိမိအဖွဲ့ ရှေ့မှောက်သို့တင်ပို့ရန် မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့်အကျဉ်းဦးစီးဌာနသို့ တစ်ပြိုင်တည်း အကြောင်းကြားရမည်။

(ဃ) မိမိအဖွဲ့ရှေ့မှောက်သို့ တောင်းဆိုခြင်းခံရသူအဖြစ် ရောက်ရှိ စစ်ဆေးခံသူအား တောင်းဆိုခြင်းခံရသူ ဟုတ်၊ မဟုတ် စစ်ဆေးမေးမြန်းခြင်း၊ စိစစ်ခြင်းနှင့် အတည်ပြုခြင်းများ ဆောင်ရွက်ရမည်။

(င) တရားခံလွှဲပြောင်းခြင်း၏ စည်းကမ်းချက်များနှင့် အခြေအနေများကို တောင်းဆိုခြင်းခံရသူသို့ ရှင်းလင်းပြောကြားပြီး တရားခံလွှဲပြောင်းခြင်းကို သဘောတူမတူ မေးမြန်းရမည်။ သဘောတူပါက မည်သည့်အကြောင်းရင်းများအရ သဘောတူသည်ကို မေးမြန်းရမည်။

(စ) တောင်းဆိုခြင်းခံရသူက တရားခံလွှဲပြောင်းရေးဆိုင်ရာ ကြားနာမှု လုပ်ထုံးလုပ်နည်း နှင့်အညီ နည်းလမ်းတကျ ဆောင်ရွက်ခြင်းကို မခံယူလိုကြောင်း ၎င်း၏ဆန္ဒကို တင်ပြလာပါက ခုံအဖွဲ့သည် ယင်းကို မှတ်တမ်းတင်၍ တရားခံလွှဲပြောင်းပေးရန် သင့်လျော်ကြောင်း ဆုံးဖြတ်နိုင်သည်။

(ဆ) တောင်းဆိုခြင်းခံရသူအား သင့်လျော်သော အကျိုးဆောင်တစ်ဦးဦးကို ငှားရမ်းနိုင်ခွင့် သို့မဟုတ် ခုံအဖွဲ့က စီစဉ်ပေးသော အကျိုးဆောင်တစ်ဦးဦးကို ရယူပိုင်ခွင့်ရှိကြောင်းတို့နှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားရမည်။

(ဇ) တရားခံလွှဲပြောင်းရေး ကြားနာရာတွင် တည်ဆဲဥပဒေ၊ နည်းဥပဒေများပါ ပြဋ္ဌာန်းချက်များနှင့်အညီ ကျင့်သုံးဆောင်ရွက်နိုင်သည်။

(ဈ) တရားခံလွှဲပြောင်းရေး ကြားနာရာတွင် လိုအပ်ပါက မည်သူ့ကိုမဆို ဆင့်ဆိုစစ်ဆေးနိုင်သည်။

(ည) တရားခံလွှဲပြောင်းရေးကြားနာရာတွင် လိုအပ်ပါက ဘာသာစကားကျွမ်းကျင်သူကို ငှားရမ်းနိုင်သည်။

(ဋ) တရားခံလွှဲပြောင်းရေး ကြားနာရာတွင် ပုဒ်မ ၅ နှင့် ပုဒ်မ ၆တို့ပါ ပြဋ္ဌာန်းချက်များအပြင် လွှဲပြောင်းပေးရသည့် အကြောင်းရင်း၊ နိုင်ငံတော်က လက်ခံကျင့်သုံးနေသော နိုင်ငံခြားရေးမူဝါဒ၊ နိုင်ငံသားဖြစ်မှု၊ တောင်းဆိုခြင်းခံရသူ၏ ခုခံချေပခွင့်နှင့် အခြားစပ်ဆိုင်သော အကြောင်းခြင်းရာများကို ထည့်သွင်းသုံးသပ်ရမည်။

(ဌ) တရားခံလွှဲပြောင်းရေး ကြားနာရာတွင် တောင်းဆိုခြင်းခံရသူအား လွှဲပြောင်းရန် သင့်၊ မသင့်ကိုသာစဉ်းစားပြီး တောင်းဆိုခြင်းခံရသူ ပါဝင်ကျူးလွန်သည်ဟူသော စွဲချက်နှင့် ပတ်သက်၍ တင်ပြခွင့်မပြုရ၊

(ဍ) လွှဲပြောင်းပေးရန်ဆုံးဖြတ်ပါက တောင်းဆိုခြင်းခံရသူအား ပြည်ထောင်စုအစိုးရအဖွဲ့ထံ အယူခံတင်သွင်းနိုင်ကြောင်း အသိပေးရမည်။

(ဎ) တရားခံလွှဲပြောင်းရေး ကြားနာမှုပြီးဆုံးပါက ဆုံးဖြတ်ချက်ကို ပြည်ထောင်စုအစိုးရအဖွဲ့၊ ပြည်ထဲရေးဝန်ကြီးဌာန၊ နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် ပြည်ထောင်စုရှေ့နေချုပ်ရုံးသို့ တင်ပြရမည်။

(ဏ) ပြည်ထောင်စုအစိုးရအဖွဲ့၏ ခုံအဖွဲ့ဖျက်သိမ်းကြောင်း အမိန့်ရရှိသည်အထိ တာဝန်ရှိသည်။

၁၆။ မြန်မာနိုင်ငံရဲတပ်ဖွဲ့သည် ပုဒ်မ ၁၅၊ ပုဒ်မခွဲ (ဂ) အရ ခုံအဖွဲ့၏ အကြောင်းကြားချက်ကို ရရှိပါက-

(က) တောင်းဆိုခြင်းခံရသူသည် ရဲစခန်းအချုပ်တွင်ရှိနေလျှင် ခုံအဖွဲ့ ရှေ့မှောက်သို့ ကြားနာ စစ်ဆေးရန် တင်ပို့ရမည်။

(ခ) တောင်းဆိုခြင်းခံရသူအား ဖမ်းဆီးထားခြင်းမရှိပါက ရှာဖွေဖမ်းဆီးပြီး ခုံအဖွဲ့သို့ ကြားနာ စစ်ဆေးရန် တင်ပို့ရမည်။

(ဂ) တောင်းဆိုခြင်းခံရသူသည် အခြားပြစ်မှုတစ်ရပ်ရပ်ဖြင့် အကျဉ်းထောင်တွင် ချုပ်နှောင် ထားခြင်းခံရပါက ယင်းအကြောင်းအရာကို ခုံအဖွဲ့သို့တင်ပြလျက် ခုံအဖွဲ့၏ ညွှန်ကြားချက်အရ အကျဉ်းထောင်မှထုတ်၍ ခုံအဖွဲ့သို့ ကြားနာရန် တင်ပို့ရမည်။

(ဃ) ဖမ်းဆီးရမိထားသော တောင်းဆိုခြင်းခံရသူအပေါ် ၂၄ နာရီ ထက်ကျော်လွန်၍ ချုပ်နှောင်ထားရန် လိုအပ်ပါက ချုပ်မိန့်ပေးပိုင်ခွင့်အာဏာရှိသော အနီးဆုံး တရားသူကြီးထံသို့ ချုပ်မိန့် လျှောက်ထားရမည်။

(င) ရက်ပေါင်း ၆၀ အတွင်း တောင်းဆိုခြင်းခံရသူအား ရှာဖွေဖမ်းဆီးရမိခြင်း မရှိပါက ခုံအဖွဲ့သို့ ယင်းတောင်းဆိုခြင်းခံရသူအား ဖမ်းဆီးရမိခြင်းမရှိကြောင်း ပြန်လည်တင်ပြရမည်။

(စ) ပုဒ်မခွဲ (င) အရ ခုံအဖွဲ့သို့ တင်ပြပြီးဖြစ်စေကာမူ တောင်းဆိုခြင်းခံရသူကို ဖမ်းဆီးရမိပါက ခုံအဖွဲ့နှင့် ပြည်ထဲရေးဝန်ကြီးဌာနသို့ တင်ပြရမည်။

၁၇။ သက်ဆိုင်ရာတရားသူကြီးသည် ဖမ်းဆီးထားသော တောင်းဆိုခြင်းခံရသူကို တရားခံလွှဲပြောင်းရေး ကိစ္စဆောင်ရွက်ရန်အလို့ငှာ ချုပ်မိန့်ပေးရန် လျှောက်ထားလာပါက အမှုတွဲကို စိစစ်၍ တစ်ကြိမ်လျှင် ၁၄ ရက်ထက်မပိုသောကာလဖြင့် တရားခံလွှဲပြောင်းရေးလုပ်ငန်းစဉ် ပြီးဆုံးသည်အထိ ချုပ်မိန့်ပေးနိုင်သည်။

၁၈။ ခုံအဖွဲ့သည် မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ ဖမ်းဆီးရမိခြင်းမရှိကြောင်း တင်ပြချက်အရ ယင်းအမှုပိတ်သိမ်းကြောင်း ပြည်ထဲရေးဝန်ကြီးဌာနသို့ တင်ပြရမည်။

၁၉။ ပြည်ထဲရေးဝန်ကြီးဌာနသည် ခုံအဖွဲ့၏ အကြောင်းကြားချက်ရရှိပါက နိုင်ငံတော်သမ္မတထံ တင်ပြပြီး ယင်း၏ အတည်ပြုချက်နှင့်အညီ အမှုပိတ်သိမ်းကြောင်း တောင်းဆိုသည့် နိုင်ငံသို့ နိုင်ငံခြားရေးဝန်ကြီးဌာနမှတစ်ဆင့် ဆောလျင်စွာ ပြန်ကြားရမည်။

၂၀။ တရားခံလွှဲပြောင်းပေးရန် ခုံအဖွဲ့၏ ဆုံးဖြတ်ချက်အပေါ် တောင်းဆိုခြင်းခံရသူသည် ယင်းဆုံးဖြတ်ချက် ချမှတ်သည့်နေ့မှစ၍ ခုနစ်ရက်အတွင်း ပြည်ထောင်စုအစိုးရအဖွဲ့သို့ အယူခံမှု တင်သွင်းနိုင်သည်။

၂၁။ ပြည်ထောင်စုအစိုးရအဖွဲ့သည် ပုဒ်မ ၂၀ ပါအယူခံလျှောက်ထားချက်အပေါ် အတည်ပြုခြင်း၊ ပြင်ဆင်ခြင်း၊ ပယ်ဖျက်ခြင်း လိုအပ်ပါက ပြန်လည်စစ်ဆေးခြင်းတို့ကို ဆောင်ရွက်နိုင်သည်။

၂၂။ ပြည်ထဲရေးဝန်ကြီးဌာနနှင့် သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများသည် တရားခံလွှဲပြောင်းခြင်းမပြုသည့်အမှုမှ တောင်းဆိုခြင်းခံရသူအပေါ် နိုင်ငံတော်၏ တည်ဆဲဥပဒေများနှင့်အညီ ဆက်လက်အရေးယူဆောင်ရွက်ရမည်။

၂၃။ ပြည်ထဲရေးဝန်ကြီးဌာနသည်-

(က) တရားခံလွှဲပြောင်းရေးနှင့်စပ်လျဉ်းသည့် ဆုံးဖြတ်ချက်ကိုနိုင်ငံတော်သမ္မတထံ တင်ပြအတည်ပြုချက်ရယူပြီး နိုင်ငံခြားရေးဝန်ကြီးဌာနမှတစ်ဆင့် တောင်းဆိုသည့်နိုင်ငံသို့ အကြောင်းပြန်ကြားရမည်။

(ခ) တရားခံလွှဲပြောင်းပေးရန် နိုင်ငံတော်သမ္မတကအတည်ပြုလျှင် တရားခံလွှဲပြောင်းလက်ခံရေး နှင့်စပ်လျဉ်း၍ အရေးယူဆောင်ရွက်ရန် နိုင်ငံခြားရေးဝန်ကြီးဌာနမှတစ်ဆင့် တောင်းဆိုသည့် နိုင်ငံသို့ အကြောင်းကြားရမည်။

(ဂ) နိုင်ငံတော်သမ္မတ၏ တရားခံလွှဲပြောင်းပေးရန် အတည်ပြုချက်အရ ရဲစခန်း သို့မဟုတ် အကျဉ်းထောင်တွင် ချုပ်နှောင်ထားခြင်းခံရသည့် တောင်းဆိုခြင်းခံရသူအား သက်ဆိုင်ရာ တောင်းဆိုသည့် နိုင်ငံသို့ လွှဲပြောင်းပေးအပ်နိုင်သည်။

(ဃ) တောင်းဆိုသည့်နိုင်ငံမှ ဆက်သွယ်လာပါက ယင်းနိုင်ငံ၏ အခွင့်ရအာဏာပိုင်နှင့် ညှိနှိုင်းပြီး တောင်းဆိုခြင်းခံရသူကို လွှဲပြောင်းရေးဆောင်ရွက်ရမည်။

(င) တောင်းဆိုသည့် နိုင်ငံက ပုဒ်မခွဲ (ခ) အရ အကြောင်းကြားသည့်နေ့ရက်မှ ရက်ပေါင်း ၃၀ အတွင်း တရားခံလွှဲပြောင်းခြင်းကို လက်ခံနိုင်ခြင်းမရှိကြောင်းခိုင်လုံသော အကြောင်းပြချက်ဖြင့် အကြောင်းကြားသည်မှတစ်ပါး တောင်းဆိုခြင်းခံရသူကို ရက်ပေါင်း ၃၀ အတွင်း လွှဲပြောင်းလက်ခံခြင်းမရှိလျှင် နိုင်ငံတော်၏ တည်ဆဲဥပဒေများနှင့်အညီ ဆက်လက်ဆောင်ရွက်ရမည်။

၂၄။ နိုင်ငံတော်သမ္မတသည် တရားခံလွှဲပြောင်းရေးအတွက် ခွင့်ပြုခြင်း၊ ငြင်းပယ်ခြင်း သို့မဟုတ် ဆိုင်းငံ့ခြင်းကို ဆုံးဖြတ်နိုင်သည်။

**အခန်း (၆)**

**နိုင်ငံတော်က တရားခံလွှဲပြောင်းပေးရန် တောင်းဆိုခြင်း**

၂၅။ နိုင်ငံတော်၏ သက်ဆိုင်ရာဝန်ကြီးဌာန သို့မဟုတ် အစိုးရအဖွဲ့အစည်းများသည် အခြားနိုင်ငံ တစ်နိုင်ငံထံမှ တရားခံလွှဲပြောင်းရယူရန် တောင်းဆိုလိုပါက ပြည်ထဲရေးဝန်ကြီးဌာနသို့ အကြောင်းကြားစာ ပေးပို့ရမည်။

၂၆။ ပြည်ထဲရေးဝန်ကြီးဌာနသည် ပုဒ်မ ၂၅ အရ အကြောင်းကြားစာ ရရှိသည့်အခါ-

(က) သက်ဆိုင်သည့်ဝန်ကြီးဌာန သို့မဟုတ် အစိုးရအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ သင့်လျော်သည့် ပုဂ္ဂိုလ်များနှင့်ညှိနှိုင်းပြီး တောင်းဆိုသင့်သည်ဟု ဆုံးဖြတ်ပါက ပြည်ထောင်စုအစိုးရအဖွဲ့ထံ တင်ပြရမည်။

(ခ) ပြည်ထောင်စုအစိုးရအဖွဲ့၏ အတည်ပြုချက်နှင့်အညီ တရားခံလွှဲပြောင်းပေးရန် တောင်းဆိုချက်ကို တောင်းဆိုခြင်းခံရသူရှိနေသော သို့မဟုတ် ရှိနေသည်ဟု ယူဆရသော နိုင်ငံသို့ ယင်းနိုင်ငံ၏ တရားခံလွှဲပြောင်းရေးဥပဒေနှင့်အညီ နိုင်ငံခြားရေးဝန်ကြီးဌာနမှတစ်ဆင့် ပေးပို့ရမည်။

၂၇။ တောင်းဆိုခြင်းခံရသူကို လွှဲပြောင်းပေးမည်ဟု လွှဲပြောင်းပေးသောနိုင်ငံ၏ အကြောင်းပြန်ကြားချက်ရရှိပါက နိုင်ငံခြားရေးဝန်ကြီးဌာနသည် ပြည်ထဲရေးဝန်ကြီးဌာနသို့ လွှဲပြောင်းလက်ခံရန် အကြောင်းကြားရမည်။ ပြည်ထဲရေးဝန်ကြီးဌာနသည် လွှဲပြောင်းပေးသောနိုင်ငံနှင့် ဆက်သွယ်၍ လုံလောက်သော အစောင့်အရှောက်ဖြင့် လွှဲပြောင်းလက်ခံရမည်။

၂၈။ ပြည်ထဲရေးဝန်ကြီးဌာနသည် တောင်းဆိုခြင်းခံရသူကို လက်ခံရရှိပါက တောင်းဆိုခဲ့သည့် သက်ဆိုင်ရာဝန်ကြီးဌာန သို့မဟုတ် အစိုးရအဖွဲ့အစည်းများသို့ လုပ်ထုံးလုပ်နည်းနှင့်အညီ လွှဲပြောင်းပေးရမည်။ ယင်းဝန်ကြီးဌာနနှင့် အစိုးရအဖွဲ့အစည်းများသည် တောင်းဆိုခဲ့သည့် ရည်ရွယ်ချက်အတိုင်း ဆက်လက်အရေးယူ ဆောင်ရွက်ရမည်။

**အခန်း(၇)**

**အထွေထွေ**

၂၉။ နိုင်ငံတော်အတွင်းရှိ တရားရုံးတစ်ရုံးက တောင်းဆိုခြင်းခံရသူအား တောင်းဆိုခြင်းခံရသည့် ပြစ်မှုမဟုတ်ဘဲ တည်ဆဲဥပဒေတစ်ရပ်ရပ်ပါ အခြားပြစ်မှုဖြင့် စစ်ဆေးစီရင်ဆဲဖြစ်လျှင် ယင်းစစ်ဆေး စီရင်မှုပြီးဆုံးသည်အထိ ခုံအဖွဲ့သည် တရားခံလွှဲပြောင်းရေး ကြားနာမှုကို ဆိုင်းငံ့ထားရမည်။

၃၀။ ပြည်ထဲရေးဝန်ကြီးဌာနသည် ပုဒ်မ ၁၆၊ ပုဒ်မခွဲ (စ) အရ မြန်မာနိုင်ငံရဲတပ်ဖွဲ့က တောင်းဆိုခြင်းခံရသူကို ဖမ်းဆီးရမိကြောင်း တင်ပြလာပါက နိုင်ငံခြားရေးဝန်ကြီးဌာနမှတစ်ဆင့် သက်ဆိုင်ရာ တောင်းဆိုသည့်နိုင်ငံသို့ အကြောင်းကြား၍ တရားခံလွှဲပြောင်းရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်ရမည်။

၃၁။ မြန်မာနိုင်ငံရဲတပ်ဖွဲ့သည် -

(က) နိုင်ငံတကာမှ တရားခံပြေးများအား ဖမ်းဆီးရမိပါက ထိုသူအား ချုပ်မိန့်ပေးရန် အခွင့်အာဏာရှိသော အနီးဆုံး တရားသူကြီးထံသို့ နိုင်ငံတကာမှ တရားခံပြေးအဖြစ် ကြေညာထားသော စာရွက်စာတမ်းများနှင့်အတူ လျှောက်ထားရမည်။

(ခ) ဖမ်းဆီးရမိသူအပေါ် ၁၅ ရက်အတွင်း တရားခံလွှဲပြောင်းရေး တောင်းဆိုရန် တရားခံပြေး ကြေညာထားသည့်နိုင်ငံသို့ ပြည်ထဲရေးဝန်ကြီးဌာနမှတစ်ဆင့်ဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ အကြောင်းကြားရမည်။

(ဂ) တရားခံပြေးကြေညာထားသည့်နိုင်ငံက ပုဒ်မခွဲ (ခ) ပါအတိုင်း အရေးယူဆောင်ရွက်ခြင်း မပြုလျှင် ဖမ်းဆီးရမိသူအပေါ် တည်ဆဲဥပဒေအရ ဆက်လက်ဆောင်ရွက်ရမည်။

၃၂။ သူတစ်ဦးကို လွှဲပြောင်းပေးသောနိုင်ငံမှ တောင်းဆိုသည့်နိုင်ငံသို့ နိုင်ငံတော်၏ ပိုင်နက်နယ်မြေမှတစ်ဆင့် ဖြတ်သန်းပို့ဆောင်ခြင်းကို ခွင့်ပြုရန် တောင်းဆိုသည့်နိုင်ငံ၏ တောင်းဆိုချက်ကို ရရှိသောအခါ နိုင်ငံတော်၏ အကျိုးစီးပွားကိုမထိခိုက်ပါက ပြည်ထဲရေးဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်နှင့်အညီ ခွင့်ပြုနိုင်သည်။ ယင်းသို့ ခွင့်ပြုကြောင်းကို နိုင်ငံခြားရေးဝန်ကြီးဌာနမှတစ်ဆင့် တောင်းဆိုသည့်နိုင်ငံသို့ အကြောင်းကြားရမည်။

၃၃။ ပုဒ်မ ၃၂ အရ ဖြတ်သန်းပို့ဆောင်ခွင့်ပြုသောအခါ -

(က) မြန်မာနိုင်ငံရဲတပ်ဖွဲ့သည် လွှဲပြောင်းပေးခြင်းခံရသူကို နိုင်ငံတော်အတွင်း ၂၄ နာရီထက် မပိုသောကာလအတွက် တည်ဆဲဥပဒေများနှင့်အညီ ထိန်းသိမ်းချုပ်နှောင်ထားရှိနိုင်သည်။ ယင်းကာလထက် ပိုမိုချုပ်နှောင်ထားရန် လိုအပ်ပါက အနီးဆုံးတရားသူကြီးထံမှ ချုပ်မိန့်ရယူရမည်။

(ခ) သက်ဆိုင်ရာဝန်ကြီးဌာနများသည် လွှဲပြောင်းပေးခြင်းခံရသူအား ပို့ဆောင်ပေးခြင်းကို အထောက်အကူပြုရန် သင့်လျော်သော အကူအညီများပေးရမည်။

၃၄။ အခြားနိုင်ငံနှစ်နိုင်ငံ၏ တရားခံလွှဲပြောင်းရေး၌ လေကြောင်းဖြင့် ပို့ဆောင်ရာတွင် နိုင်ငံတော်၏ ပိုင်နက်နယ်မြေပေါ်သို့ ဆင်းသက်ရန် မူလအစီအစဉ်မရှိသော်လည်း အရေးပေါ်လေယာဉ်ဆင်းသက်ခဲ့ရလျှင် နိုင်ငံခြားအစောင့်လိုက် အရာရှိ၏ တောင်းဆိုချက်အရ တရားခံချုပ်နှောင်ခြင်းကို ပုဒ်မ ၃၃ ပါပြဋ္ဌာန်းချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်ရမည်။

၃၅။ တရားခံလွှဲပြောင်းရေးနှင့်စပ်လျဉ်းသည့် ကုန်ကျစရိတ်များကို တောင်းဆိုသည့်နိုင်ငံက ကျခံရမည်။

၃၆။ နိုင်ငံတော်၏ ပိုင်နက်နယ်မြေမှတစ်ဆင့် ဖြတ်သန်းပို့ဆောင်စဉ် ခေတ္တရပ်နား၍ ခေါ်ဆောင်ခြင်းဖြစ်ပါက ကုန်ကျစရိတ်ကို ပုဒ်မ ၃၅ အရ တောင်းဆိုသည့်နိုင်ငံက ကျခံရမည်။

၃၇။ တရားခံလွှဲပြောင်းရေးနှင့်စပ်လျဉ်းသည့် ကုန်ကျစရိတ်ကို နိုင်ငံတော်က ကျခံရန်အကြောင်း ပေါ်ပေါက်လျှင် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် သက်ဆိုင်ရာဝန်ကြီးဌာန၊ အစိုးရအဖွဲ့အစည်းက ကျခံရမည်။

၃၈။ ပုဒ်မ ၆ တွင် မည်သို့ပင် ပြဋ္ဌာန်းထားစေကာမူ နှစ်နိုင်ငံ သဘောတူစာချုပ်အရဖြစ်စေ၊ ပြစ်မှု အကြောင်းခြင်းရာအရပ်ရပ်အား သုံးသပ်ချက်အရ ပြစ်မှုကျူးလွန်သူအား ယင်းပြစ်မှုကျူးလွန်သည့် နေရာတွင် စစ်ဆေးစီရင်ခြင်းက ပိုမိုသင့်လျော်ကြောင်း တွေ့ရှိရလျှင်ဖြစ်စေ၊ နိုင်ငံတော်၏ အကျိုးစီးပွားအလို့ငှာ လိုအပ်ခဲ့လျှင်ဖြစ်စေ နိုင်ငံတော်သမ္မတက တရားခံလွှဲပြောင်းပေးရန် ခွင့်ပြုနိုင်သည်။

၃၉။ ပြည်ထဲရေးဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် တရားခံလွှဲပြောင်းရေးဆိုင်ရာ နှစ်နိုင်ငံ သို့မဟုတ် နိုင်ငံအများပါဝင်သော သဘောတူစာချုပ်များ ချုပ်ဆိုရေးအတွက် အဆိုပြုခြင်း၊ လက်ခံခြင်း၊ စိစစ်ခြင်းနှင့် လက်မှတ်ရေးထိုးခြင်းတို့ကို နိုင်ငံတော်ကိုယ်စားဆောင်ရွက်နိုင်သည်။

၄၀။ ပြည်ထဲရေးဝန်ကြီးဌာနသည် -

(က) လိုအပ်သော နည်းဥပဒေများ၊ စည်းမျဉ်းနှင့်စည်းကမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) လိုအပ်သော အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့်လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

၄၁။ တရားခံလွှဲပြောင်းရေးကိစ္စရပ်များနှင့်စပ်လျဉ်း၍ အခြားတည်ဆဲဥပဒေတစ်ရပ်ရပ်တွင် မည်သို့ပင်ပါရှိစေကာမူ ဤဥပဒေအရသာလျှင် ဆောင်ရွက်ရမည်။

၄၂။ The Burma Extradition Act, 1904 ကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။

---

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။**

**(ပုံ) ထင်ကျော်**
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**နောက်ဆက်တွဲ(က)**

**နိုင်ငံရေးသဘောသဘာဝရှိသော ပြစ်မှုများဟု မမှတ်ယူရမည့် ပြစ်မှုများစာရင်း**


၁။ ပြစ်မှုဆိုင်ရာဥပဒေတွင် ပြဋ္ဌာန်းပါရှိသော အောက်ပါပြစ်မှုများ -

(က) ပြစ်မှုပုဒ်မ ၃၀၂၊ လူသတ်မှု၊

**ဆက်လက်ဖော်ပြပါမည်။**













# ကမ္ဘာတစ်လွှား ပြည်သူများ စမတ်ကတ်ဖြင့် ခရီးသွား

uklifo





ချက်သမ္မတနိုင်ငံသည် အများပြည်သူ သယ်ယူပို့ဆောင်ရေးလုပ်ငန်းဆိုင်ရာ ဝန်ဆောင်မှုများ ပိုမိုကောင်းမွန်စေရေးအတွက် အီလက်ထရွန်နစ်ကတ်စနစ်ကို တွင်တွင်ကျယ်ကျယ် အသုံးပြုလာစေရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ ယင်းနိုင်ငံသည် နယ်သာလန်နှင့် ဗြိတိန်နိုင်ငံတို့နည်းတူ အများပြည်သူ သယ်ယူပို့ဆောင်ရေးလုပ်ငန်းတွင် ကတ်စနစ်အသုံးပြုသည့် ကမ္ဘာ့ဦးဆောင်နိုင်ငံအဖြစ် ရပ်တည်လာမည်ဖြစ်ကြောင်း အွန်လိုင်းသတင်းတစ်ပုဒ်ကို ကျွန်ုပ်ဖတ်ရှုရသောအခါ စမတ်ကတ်နည်းပညာသုံး ကတ်များအကြောင်းကို တစေ့တစောင်း စေ့ငုလေ့လာမိလေသည်။

Contactless Card ဟူ၍ နည်းပညာဆိုင်ရာ ဝေါဟာရမှာ လုံခြုံစိတ်ချရသော ငွေပေးချေမှု ဖြစ်စေရေးအတွက် Radio Frequency Identification (RFID) နည်းပညာ သို့မဟုတ် Near field Communication (NFC) နည်းပညာ အသုံးပြုသည့် Credit Cards, Debit Card, Key Fobs, Smart Card နှင့် စမတ်ဖုန်း အပလီကေးရှင်းများမှတစ်ဆင့် ထုတ်ကုန်များဝယ်ယူခြင်း၊ ဝန်ဆောင်မှုရယူခြင်းတို့ကို ပြုလုပ်နိုင်သည်။

ချက်သမ္မတနိုင်ငံရှိ မြို့ကြီး မြို့ငယ်များ၌ အများပြည်သူသုံးယာဉ် စီးနင်းကြသူခရီးသည်များအနေဖြင့် စမတ်ကတ်အသုံးပြုကာ ကားခ ပေးချေနိုင်ကြပေမည်။ မြို့တွင်းတွင် ပြေးဆွဲသည့် ဘတ်စကားများနှင့် 'ထရမ်ကား'(ခေါ်)ဓာတ်ရထားများတွင်သာမက ရွာနီးချုပ်စပ်ပြေးဆွဲသော အများပြည်သူသုံး ယာဉ်များတွင်လည်း စမတ်ကတ်အသုံးပြုကာ ယာဉ်စီးခပေးချေနိုင်မည်ဆို၏။

ချက်သမ္မတနိုင်ငံ မြို့တော်ပရာဟာ၌ ယခုလောလောဆယ်တွင် အများပြည်သူသုံးယာဉ်များကို စမတ်ကတ်အသုံးပြု၍ စီးနင်းခွင့်ပြုထားသော လမ်းကြောင်းများမှာ အကန့်အသတ်ဖြင့်သာလျှင်ရှိပြီး အီလက်ထရွန်နစ်လက်မှတ်ကတ်စနစ်ကို တွင်တွင်ကျယ်ကျယ်အသုံးပြုသွားရန် အာဏာပိုင်များက စီစဉ်လျက်ရှိလေသည်။

ချက်သမ္မတနိုင်ငံ၌ အများပြည်သူအတွင်း သွားလာရေးကိစ္စတွင် စက္ကူလက်မှတ်များ တစ်ခေတ်ကုန်တော့မည့် လက္ခဏာတစ်ရပ်အဖြစ် ရှုမြင်ရသည်။ ကတ်ဖြင့် ငွေပေးချေသော လက်မှတ်စနစ်တစ်စစ တွင်ကျယ်လာမည်ဆိုပါက စက္ကူသုံးစွဲမှုလျော့ကျကာ ပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် အထောက်အကူပြုရာရောက်ပေလိမ့်မည်။

ချက်သမ္မတနိုင်ငံ၌ မိုဘိုင်း SMS ဝန်ဆောင်မှုမှတစ်ဆင့် လက်မှတ်များ ဝယ်ယူနိုင်သည့်စနစ်ကို ကျင့်သုံးခဲ့ပြီး အီလက်ထရွန်နစ် လက်မှတ်ကတ်စနစ် အသုံးတွင်ကျယ်လာမည်ဆိုလျှင် SMS လက်မှတ်စနစ်အသုံးပြုမှုမှာလည်း လျော့ကျသွားနိုင်သည်။

ထိုစဉ်အတွင်း ဩစတြေးလျနိုင်ငံ ဆစ်ဒနီမြို့၌ 'ရေကြောင်းတက္ကစီ' (ခေါ်) ကူးတို့ရေယာဉ် ပြေးဆွဲမှုလုပ်ငန်းတွင် အီလက်ထရွန်နစ်ကတ်ဖြင့် လက်မှတ်ခပေးချေမှုစနစ်အား ကျင့်သုံးတော့မည်ဟု ဆစ်ဒနီဟာရဲလ်သတင်းစာတွင် ရေးသားဖော်ပြထားသည်ကို ကျွန်ုပ်ဖတ်ရှုရလေသည်။

ရေယာဉ်စီး ခရီးသည်များသည် Mastercard, Countless Card သို့မဟုတ် Mobile Wallets တို့ကို အသုံးပြုကာ ယာဉ်စီးခ ပေးချေနိုင်တော့မည်ဖြစ်ကြောင်း Mastercard ကုမ္ပဏီ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးရေးဌာန ဒုတိယဥက္ကဋ္ဌ ဒတ်ဟောင်းက ဆိုသည်။

ဩစတြေးလျနိုင်ငံသားများမှာ ဒီဂျစ်တယ်ငွေပေးချေမှုနည်းပညာနှင့် ကျင့်သားရနေကြပြီဖြစ်သည်။ နိုင်ငံသား ၈၂ ရာခိုင်နှုန်းမှာ Tap-and-go ကို အသုံးပြုလျက်ရှိကြသည်။ Top-and-go ဟူသည် အီလက်ထရွန်နစ်ကတ်ကို ကတ်ဖတ်စက်ဖြင့် တို့ထိကာငွေပေးချေမှုပြုလုပ်ခြင်းကို ရည်ညွှန်းသည်။

ငွေပေးချေမှုကို လျင်မြန်စွာ ပြုလုပ်နိုင်သဖြင့် အချိန်ကုန်သက်သာခြင်း၊ ငွေပေးချေမှုကို လွယ်ကူချောမွေ့စွာ လုပ်ဆောင်နိုင်ခြင်းစသည့် ကောင်းကျိုးများကြောင့် အချိန်မကုန်၊ လူမပန်းဘဲ ငွေပေးချေနိုင်သည့်စနစ်ကို သယ်ယူပို့ဆောင်ရေးလုပ်ငန်းအထိ တိုးချဲ့ရန် မိမိတို့ ဆုံးဖြတ်ရခြင်းဖြစ်ကြောင်း ဒတ်ဟောင်းက ပြောကြားသည်။

## အိန္ဒိယနှင့် စမတ်ကတ်

အလားတူပင် ကျွန်ုပ်တို့၏ အိမ်နီးချင်း အိန္ဒိယနိုင်ငံ၌လည်း အများပြည်သူသုံး ဘတ်စ်ကားများ၌ အီလက်ထရွန်နစ်လက်မှတ်စနစ်ကို တွင်တွင်ကျယ်ကျယ် ကျင့်သုံးလာနိုင်စေရေးအတွက် ယင်းနိုင်ငံ၏ မြို့ကြီးလေးမြို့တွင် ဂျပန်ကုမ္ပဏီတစ်ခုနှင့် ပူးပေါင်းကာ ဆောင်ရွက်တော့မည်ဟု ဂျပန်နိုကေးရှင်ဘွန်းသတင်းစာတွင် ရေးသားဖော်ပြထားသည်။

အိန္ဒိယမြို့ကြီးလေးမြို့၌ ဘတ်စ်ကားခကောက်ယူရေးစနစ်တွင် အီလက်ထရွန်နစ်စနစ်အသုံးပြုရန်နှင့် ဘတ်စ်ကားနှင့် သက်ဆိုင်သောစနစ်များ ခေတ်မီတိုးတက်စေရန် ဂျပန်နိုင်ငံရှိ သတင်းအချက်အလက်နည်းပညာ ကုမ္ပဏီ ကြီးဖြစ်သော NEC ကုမ္ပဏီက ကန်ထရိုက်ရရှိထားပြီးဖြစ်သည်။

အိန္ဒိယနိုင်ငံသည် အခြားသော စီးပွားရေး ထွန်းသစ်စ နိုင်ငံများနည်းတူ အီလက်ထရွန်နစ်-ငွေကြေး (e-money) သုံးစွဲမှုကို မြှင့်တင်အားပေးလျက်ရှိချိန်တွင် ဘက်စ်ကားစနစ် ခေတ်မီတိုးတက်စေရေးအတွက် ဂျပန် NEC ကုမ္ပဏီနှင့် ပူးပေါင်းဆောင်ရွက်ရန် ခြေလှမ်းပြင်ခြင်းဖြစ်သည်။

အိန္ဒိယနိုင်ငံရှိ မြို့ကြီးတစ်မြို့ဖြစ်သော အာမက်ဒါဘတ်မြို့၌ ဘတ်စ်ကားပေါင်း အစီး ၁၀၀၀ ကျော်သည် NEC ကုမ္ပဏီ၏ သယ်ယူပို့ဆောင်ရေး စီမံခန့်ခွဲရေးစနစ်တစ်ရပ်ကို အသုံးပြုတော့မည်ဖြစ်သည်။ စမတ်ဖုန်း သို့မဟုတ် စမတ်ကတ်မှတစ်ဆင့် ယာဉ်စီးခကောက်ခံခြင်း၊ ခရီးစဉ်ပြေးဆွဲသော ဘတ်စ်ကား မည်သည့်နေရာသို့ ရောက်ရှိနေသည်ကို ဖော်ထုတ်ပေးခြင်း၊ ခရီးသည်များအား သတင်းအချက်အလက်များ ထောက်ပံ့ပေးခြင်းစသည့် စနစ်များကို NEC ကုမ္ပဏီက တပ်ဆင်ပေးမည်ဖြစ်သည်။

ဂျပန် NEC ကုမ္ပဏီသည် စနစ်သစ်များ တပ်ဆင်ပေးခြင်းမှသည် ပြုပြင်ထိန်းသိမ်းခြင်းအထိ အလုံးစုံတာဝန်ယူရပေမည်။

NEC ကုမ္ပဏီသည် ဂျပန်အရှေ့ပိုင်းရထားလုပ်ငန်းဌာနအတွက် စမက်ကတ်စနစ်နှင့် အခြားသော စနစ်များအတွက် လုပ်ကိုင်ခွင့်ရရှိခဲ့သည့် ကုမ္ပဏီလည်းဖြစ်သည်။ ယင်းကုမ္ပဏီသည် စီးပွားရေးထွန်းသစ်စ နိုင်ငံများ၌ ဈေးကွက်ရရှိရေးအတွက် ကြိုးပမ်းနေသည်ဟုလည်း သိရလေသည်။

အိန္ဒိယနိုင်ငံ မွမ်ဘိုင်းမြို့၌ အများပြည်သူသုံး ယာဉ်မျိုးစုံစီးနင်းခွင့်ရှိသော စမတ်ကတ်စနစ်ကို ကျင့်သုံးနိုင်ရန် သယ်ယူပို့ဆောင်ရေးအာဏာပိုင်အဖွဲ့က စီစဉ်နေသည်ဟု သိရသည်။

လူဦးရေ ၁၀ သန်းကျော်ရှိ မွမ်ဘိုင်းမြို့၌ အများပြည်သူသုံးယာဉ်များဖြင့် ခရီးသွားလာသူဦးရေမှာ အလွန်များပြားလှပြီး စမတ်ကတ်သုံးစွဲခြင်းဖြင့် ပြည်သူတို့၏ သွားရေးလာရေးကိစ္စတွင် ပိုမိုအဆင်ပြေချောမွေ့မှုရှိလာမည်မှာ သေချာလှသည်။

မွမ်ဘိုင်းမြို့၏ စမတ်ကတ်စနစ်မှာ အများပြည်သူသုံးယာဉ်မျိုးစုံဖြင့် ချိတ်ဆက်ထားပြီး ခရီးသည်တစ်ဦးအနေဖြင့် စမတ်ကတ်တစ်ခုတည်းကို အသုံးပြု၍ မြို့ပတ်ရထား၊ တစ်လမ်းမောင်းရတား၊ ဆင်ခြေဖုံးရထား၊ ဘတ်စ်ကား၊ တက္ကစီ၊ သုံးဘီးကားတို့ကို ကြိုက်သလို စီးနင်းခွင့်ရှိပေသည်။

စမတ်ကတ်တစ်ခုတည်းဖြင့် ခရီးသွားလာနိုင်သလို ကိုယ်ပိုင်ကားဖြင့် သွားလာသူများမှာလည်း ပါကင်နေရာအတွက် ငွေပေးချေရာတွင် စမတ်ကတ်ကို အသုံးပြုနိုင်သည်ဆို၏။

အိန္ဒိယနိုင်ငံရှိ ဂိုအာ၊ ကေရာလာစသည့် ပြည်နယ်တို့တွင် တစ်လသက်တမ်းရှိ ခရီးသွားကတ်များကို ထုတ်ဝေပေးနေပြီဟု သိရသည်။ ပြည်နယ်အတွင်း မည်သည့် ဘတ်စ်ကားကိုမဆို စီးနင်းနိုင်သော ခရီးသွားကတ်များကို ကေရာလာပြည်နယ်ကုန်းလမ်းသယ်ယူပို့ဆောင်ရေးကော်ပိုရေးရှင်းက ပြီးခဲ့သည့် ဇန်နဝါရီလကုန်မှ အစပြု၍ ထုတ်ဝေလျက်ရှိသည်။

ပရီမီယမ်၊ ရွှေ၊ ငွေနှင့် ကြေးဟူ၍ ရူပီး ၅၀၀၀၊ ၃၀၀၀၊ ၁၅၀၀နှင့် ၁၀၀၀ တန်ဖိုးရှိ ခရီးသွားကတ်အမျိုးမျိုးကို အသုံးပြုနိုင်ကြပြီဖြစ်သည်။ ပရီမီယမ်ကတ်ကိုင်သူဆိုလျှင် လေအေးပေးစက်ပါရှိသော ဘတ်စ်ကားကို စီးနင်းနိုင်ပြီး ယာဉ်များ၏ ဝန်ဆောင်ပေးနိုင်မှုအလိုက် ကတ်အမျိုးမျိုးကို ခွဲခြားထားခြင်းဖြစ်သည်။

## အီလက်ထရွန်နစ်ငွေကြေးစနစ်

အီလက်လက်ထရွန်နစ်စနစ်ဖြင့် စီမံဆောင်ရွက်သည့် ငွေကြေးစနစ်မှာ နည်းပညာဆိုင်ရာ တီထွင်ဆန်းသစ်မှုများ၏ အသီးအပွင့်များဖြစ်သည်။ စမတ်ဖုန်းနည်းပညာ၊ ခရက်ဒစ်ကတ်နည်းပညာ၊ အင်တာနက်နည်းပညာစသည့် နည်းပညာအမျိုးမျိုးကို အသုံးပြုကာ ဒစ်ဂျစ်တယ်ငွေကြေးကို ဖလှယ်ခြင်း၊ ငွေပေးငွေယူပြုလုပ်ခြင်း၊ ငွေလွှဲခြင်း၊ အခွန်ဆောင်ခြင်း၊ ဈေးဝယ်ခြင်းစသည်တို့ ပြုလုပ်နိုင်ကြပေပြီ။

ငွေသားကို ကိုင်တွယ်သုံးစွဲစရာမလိုသည့် ဒစ်ဂျစ်တယ်ငွေကြေးစနစ်၏ အားသာချက်တစ်ရပ်မှာ ငွေကြေးအလွဲသုံးစားမှုမှ ကာကွယ်နိုင်ခြင်းဖြစ်သည်။ ငွေသားကိုင်ဆောင်ကာ လုပ်ကိုင်ရသော ဝန်ထမ်းများအနေဖြင့် ရိုးသားဖြောင့်မတ်မှု မရှိလျှင် ငွေကို ခိုးယူခြင်း၊ ငွေကို အလွဲသုံးစားပြုလုပ်ခြင်း၊ စာရင်းလိမ်ကာ မသမာမှုပြုလုပ်ခြင်းတို့ရှိတတ်ပြီး ဒစ်ဂျစ်တယ်ငွေကြေးစနစ်ကို သုံးစွဲကြခြင်းဖြင့် ငွေကြေးဆိုင်ရာ ကလိမ်ကကျစ်ပြုလုပ်သော ပြဿနာများ ပေါ်ပေါက်လာနိုင်မည် မဟုတ်ပေ။

လှည့်လည်နေသည့် ငွေကြေးစနစ်တွင် ငွေပေးသူနှင့် ငွေလက်ခံသူအကြား၊ ဝန်ထမ်းနှင့် အလုပ်ရှင်အကြား၊ ဝန်ထမ်းနှင့် အထက်အရာရှိအကြား ပွင့်လင်းမြင်သာစွာ ကိုင်တွယ်နိုင်သည့် ဒစ်ဂျစ်တယ်ငွေကြေးစနစ်သည် ယုံကြည်မှုကို တည်ဆောက်နိုင်ပေသည်။

ပြည်သူပိုင်ငွေ၊ ပုဂ္ဂလိကပိုင်ငွေ၊ ကုမ္ပဏီပိုင်ငွေ၊ ဌာနဆိုင်ရာငွေ စသည့် ငွေပေါင်းစုံကို ကိုင်ကာ လုပ်ကိုင်ရသည့်နေရာ ဌာနတိုင်းတွင် ငွေသားကို ထိန်းသိမ်းရသည့် ဒုက္ခ၊ ခိုးဝှက်လုယက်ခံရသည့်ဒုက္ခ၊ မသမာမှုပြုလုပ်ခံရသည့်ဒုက္ခ စသည့်ဒုက္ခအပေါင်းမှ ကင်းဝေးစေဖို့ဆိုလျှင် ရိုးသားဖြောင့်မတ်သည့် ငွေကြေးလုပ်ထုံးလုပ်နည်းများကို မြှင့်တင်အားပေးသည့် စမတ်ကတ်စနစ်ကို တစ်နိုင်ငံကျင့်သုံးကြရပေမည်။

ယနေ့ကာလတွင် နိုင်ငံတကာ၌ သယ်ယူပို့ဆောင်ရေးဆိုင်ရာ နယ်ပယ်အသီးသီးသို့ စမတ်ကတ်များ ဝင်ရောက်လာလျက်ရှိသည်။ အထူးသဖြင့် အများပြည်သူသုံး သယ်ယူပို့ဆောင်ရေး ယာဉ်များအား စီးနင်းကြသည့် ခရီးသည်များအတွက် စမတ်ကတ်စနစ်များ ပေါ်လာနေပြီဆိုသော အချက်ကို တွေးတောမိရင် "ကမ္ဘာတစ်လွှား ပြည်သူများ စမတ်ကတ်ဖြင့် ခရီးသွား" ဟု ကျွန်ုပ်ကျူးရင့်မိပါသတည်း။ ။

# စစ်တက္ကသိုလ်ဗိုလ်လောင်းအလိုရှိသည်

၁။ လျှောက်ထားသူသည်-

(က) ၂၀၁၈ခုနှစ်၊ ဇန်နဝါရီလ (၁) ရက်နေ့တွင် အသက်(၁၆)နှစ် အောက် မငယ်ရ၊ (၁၈)နှစ်ထက် မကြီးရ။

(ခ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ (လူပျို)ဖြစ်ရမည်။

(ဂ) အနည်းဆုံးအရပ် (၅)ပေ၊ (၃)လက်မနှင့် ကိုယ်အလေးချိန် ပေါင်(၁၀၀)ထက်မနည်းရ၊ပေါင်(၁၄၀) ထက်မကျော်ရ။

(ဃ) မျက်မှန်တပ်ဆင်ထားသူများ မဖြစ်စေရ။

(င) **၂၀၁၆ခုနှစ်(သို့မဟုတ်)၂၀၁၇ခုနှစ်**တွင် ကျင်းပပြုလုပ်ခဲ့သော တက္ကသိုလ်ဝင်စာမေးပွဲတွင် ဖြေဆို အောင်မြင်သူ ဖြစ်ရမည်။

၂။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာ တိုင်းစစ်ဌာနချုပ်များတွင် **၂၀၁၇ခုနှစ်၊ ဇွန်လ (၂၁)** ရက်နေ့မှစ၍ အခမဲ့ရယူနိုင်သည်။

၃။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်၊ မြို့နယ် ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ(**မူရင်း**)နှင့် ပတ်စ်ပို့အရွယ်ဓာတ်ပုံ(၃)ပုံ ပူးတွဲတင်ပြရမည်။

၄။ လျှောက်လွှာကို **၂၀၁၇ခုနှစ်၊ ဩဂုတ်လ (၄)ရက်နေ့**နောက်ဆုံးထား၍ လျှောက်လွှာထုတ်ယူခဲ့သော **တိုင်းစစ်ဌာနချုပ်များ**သို့ ပြန်လည်ပေးပို့ကြရမည်။

၅။ သတ်မှတ်ချက်နှင့်ပြည့်စုံပြီး အရည်အချင်းပြည့်မီသော လျှောက်လွှာရှင်များသာ စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်း **ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ**ကို ဖြေဆိုကြရမည်။

၆။ စစ်တက္ကသိုလ်ဗိုလ်လောင်းသင်တန်း ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲတွင် တက္ကသိုလ်ဝင်စာမေးပွဲ သင်ရိုးညွှန်းတမ်းအတိုင်း အောက်ပါဘာသာရပ်များကို ဖြေဆိုကြရမည်-

(က) အင်္ဂလိပ်စာ။

(ခ) သင်္ချာ။

၇။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို **၂၀၁၇ ခုနှစ်၊ ဩဂုတ်လ (၂၀)ရက်နေ့**တွင် မိမိတို့လျှောက်လွှာ တင်သွင်းရာ တိုင်းစစ်ဌာနချုပ်တည်ရှိသည့်မြို့၌ ဖြေဆိုကြရမည်။

၈။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုရမည့်**နေရာနှင့်အချိန်**ကို သတင်းစာမှ ကြော်ငြာပေးမည်။

၉။ ဖြေဆိုရမည့်ခုံအမှတ်မှာ လျှောက်လွှာတွင်ဖော်ပြထားသည့် ခုံအမှတ်အတိုင်းဖြစ်သည်။

၁၀။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုအောင်မြင်သူများသည် တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက် အစစ်ဆေးခံရမည်။ တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရန် အကြောင်းကြားစာများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှတစ်ဆင့် အချိန်မီပေးပို့သွားမည်။

၁၁။ သတ်မှတ်ထားသည့်အချက်အလက်များ တိကျပြည့်စုံစွာရေးသားဖော်ပြခြင်းမပြုသော လျှောက်လွှာများ၊ မမှန်မကန်ဖြည့်စွက်ရေးသားဖော်ပြသောလျှောက်လွှာများနှင့် အချိန်မီမရောက်ရှိသော လျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။ မိမိတို့ လျှောက်လွှာတင်သွင်းသည့်ဌာနတွင် ရွေးချယ်ခြင်းခံရသည်/မခံရ သည်ကို သွားရောက်စုံစမ်းမေးမြန်းနိုင်သည်။

**စစ်ရာထူးခန့်ချုပ်ရုံး**

**ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)**

# တပ်မတော်နည်းပညာတက္ကသိုလ်ဗိုလ်လောင်းအလိုရှိသည်

၁။ လျှောက်ထားသူသည်-

(က) ၂၀၁၈ခုနှစ်၊ ဇန်နဝါရီလ (၁) ရက်နေ့တွင် အသက်(၁၆)နှစ် အောက် မငယ်ရ၊ (၁၈)နှစ်ထက် မကြီးရ။

( ခ ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ (လူပျို)ဖြစ်ရမည်။

( ဂ ) အနည်းဆုံးအရပ် (၅)ပေ၊ (၃)လက်မနှင့် ကိုယ်အလေးချိန် ပေါင်(၁၀၀)ထက်မနည်းရ၊ပေါင်(၁၄၀) ထက်မကျော်ရ။

(ဃ) မျက်မှန်တပ်ဆင်ထားသူများ မဖြစ်စေရ။

( င ) **၂၀၁၇ခုနှစ်**တွင်ကျင်းပပြုလုပ်ခဲ့သော တက္ကသိုလ်ဝင်စာမေးပွဲတွင် **သိပ္ပံဘာသာတွဲ(သို့မဟုတ်) ဝိပ္ပံဘာသာတွဲ**ဖြင့် ဖြေဆိုအောင်မြင်သူဖြစ်ရမည်။

၂။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာ တိုင်းစစ်ဌာနချုပ်များတွင် **၂၀၁၇ခုနှစ်၊ ဇွန်လ (၂၁)** ရက်နေ့မှစ၍ အခမဲ့ရယူနိုင်သည်။

၃။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်၊ မြို့နယ် ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ(**မူရင်း**)နှင့် ပတ်စ်ပို့အရွယ်ဓာတ်ပုံ(၃)ပုံ ပူးတွဲတင်ပြရမည်။

၄။ လျှောက်လွှာကို **၂၀၁၇ခုနှစ်၊ ဩဂုတ်လ (၄)ရက်နေ့**နောက်ဆုံးထား၍ လျှောက်လွှာထုတ်ယူခဲ့သော **တိုင်းစစ်ဌာနချုပ်များ**သို့ ပြန်လည်ပေးပို့ကြရမည်။

၅။ သတ်မှတ်ချက်နှင့်ပြည့်စုံပြီး အရည်အချင်းပြည့်မီသော လျှောက်လွှာရှင်များသာ တပ်မတော်နည်းပညာ တက္ကသိုလ် ဗိုလ်လောင်းသင်တန်း **ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ**ကို ဖြေဆိုကြရမည်။

၆။ တပ်မတော်နည်းပညာတက္ကသိုလ် ဗိုလ်လောင်းသင်တန်းဝင်ခွင့် အရည်အချင်းစစ်စာမေးပွဲတွင် တက္ကသိုလ်ဝင် စာမေးပွဲ သင်ရိုးညွှန်းတမ်းအတိုင်း အောက်ပါဘာသာရပ်များကို ဖြေဆိုကြရမည်-

(က) အင်္ဂလိပ်စာ။

( ခ ) သင်္ချာ။

၇။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို **၂၀၁၇ ခုနှစ်၊ ဩဂုတ်လ (၁၉)ရက်နေ့**တွင် မိမိတို့လျှောက်လွှာ တင်သွင်းရာ တိုင်းစစ်ဌာနချုပ်တည်ရှိသည့်မြို့၌ ဖြေဆိုကြရမည်။

၈။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုရမည့်**နေရာနှင့်အချိန်**ကို သတင်းစာမှ ကြော်ငြာပေးမည်။

၉။ ဖြေဆိုရမည့်ခုံအမှတ်မှာ လျှောက်လွှာတွင်ဖော်ပြထားသည့် ခုံအမှတ်အတိုင်းဖြစ်သည်။

၁၀။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုအောင်မြင်သူများသည် တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက် အစစ်ဆေးခံရမည်။ တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရန် အကြောင်းကြားစာများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှတစ်ဆင့် အချိန်မီပေးပို့သွားမည်။

၁၁။ သတ်မှတ်ထားသည့်အချက်အလက်များ တိကျပြည့်စုံစွာရေးသားဖော်ပြခြင်းမပြုသော လျှောက်လွှာများ၊ မမှန်မကန်ဖြည့်စွက်ရေးသားဖော်ပြသောလျှောက်လွှာများနှင့် အချိန်မီမရောက်ရှိသော လျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။ မိမိတို့ လျှောက်လွှာတင်သွင်းသည့်ဌာနတွင် ရွေးချယ်ခြင်းခံရသည်/မခံရ သည်ကို သွားရောက်စုံစမ်းမေးမြန်းနိုင်သည်။

**စစ်ရာထူးခန့်ချုပ်ရုံး**

**ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)**

# တပ်မတော်ဆေးတက္ကသိုလ်ဗိုလ်လောင်းအလိုရှိသည်

၁။ လျှောက်ထားသူသည်-

(က) ၂၀၁၈ခုနှစ်၊ ဇန်နဝါရီလ (၁) ရက်နေ့တွင် အသက်(၁၆)နှစ် အောက် မငယ်ရ (၁၈)နှစ်ထက် မကြီးရ။

(ခ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ (လူပျို)ဖြစ်ရမည်။

(ဂ) အနည်းဆုံးအရပ် (၅)ပေ၊ (၃)လက်မနှင့် ကိုယ်အလေးချိန် ပေါင်(၁၀၀)ထက်မနည်းရပေါင်(၁၄၀) ထက်မကျော်ရ။

(ဃ) မျက်မှန်တပ်ဆင်ထားသူများ မဖြစ်စေရ။

(င) **၂၀၁၇ ခုနှစ်**တွင် ကျင်းပပြုလုပ်ခဲ့သော တက္ကသိုလ်ဝင်စာမေးပွဲတွင် **သိပ္ပံဘာသာတွဲ**ဖြင့်ဖြေဆို အောင်မြင်သူဖြစ်ရမည်။

၂။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာ တိုင်းစစ်ဌာနချုပ်များတွင် **၂၀၁၇ခုနှစ်၊ ဇွန်လ (၂၁)** ရက်နေ့မှစ၍ အခမဲ့ရယူနိုင်သည်။

၃။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်၊ မြို့နယ် ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ(**မူရင်း**)နှင့် ပတ်စ်ပို့အရွယ်ဓာတ်ပုံ(၃)ပုံ ပူးတွဲတင်ပြရမည်။

၄။ လျှောက်လွှာကို **၂၀၁၇ခုနှစ်၊ ဩဂုတ်လ (၄)ရက်နေ့**နောက်ဆုံးထား၍ လျှောက်လွှာထုတ်ယူခဲ့သော **တိုင်းစစ်ဌာနချုပ်များ**သို့ ပြန်လည်ပေးပို့ကြရမည်။

၅။ သတ်မှတ်ချက်နှင့်ပြည့်စုံပြီးအရည်အချင်းပြည့်မီသောလျှောက်လွှာရှင်များသာ တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်း **ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ**ကို ဖြေဆိုကြရမည်။

၆။ တပ်မတော်ဆေးတက္ကသိုလ်ဗိုလ်လောင်းသင်တန်း ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲတွင် တက္ကသိုလ်ဝင် စာမေးပွဲ သင်ရိုးညွှန်းတမ်းအတိုင်း အောက်ပါဘာသာရပ်များကို ဖြေဆိုကြရမည်-

(က) အင်္ဂလိပ်စာ။

(ခ) ဇီဝဗေဒ။

၇။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို **၂၀၁၇ ခုနှစ်၊ ဩဂုတ်လ (၁၈)ရက်နေ့**တွင် မိမိတို့လျှောက်လွှာ တင်သွင်းရာ တိုင်းစစ်ဌာနချုပ်တည်ရှိသည့်မြို့၌ ဖြေဆိုကြရမည်။

၈။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုရမည့်**နေရာနှင့်အချိန်**ကို သတင်းစာမှ ကြော်ငြာပေးမည်။

၉။ ဖြေဆိုရမည့်ခုံအမှတ်မှာ လျှောက်လွှာတွင်ဖော်ပြထားသည့် ခုံအမှတ်အတိုင်းဖြစ်သည်။

၁၀။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုအောင်မြင်သူများသည် တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက် အစစ်ဆေးခံရမည်။ တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရန် အကြောင်းကြားစာများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှတစ်ဆင့် အချိန်မီပေးပို့သွားမည်။

၁၁။ သတ်မှတ်ထားသည့်အချက်အလက်များ တိကျပြည့်စုံစွာရေးသားဖော်ပြခြင်းမပြုသော လျှောက်လွှာများ၊ မမှန်မကန်ဖြည့်စွက်ရေးသားဖော်ပြသောလျှောက်လွှာများနှင့် အချိန်မီမရောက်ရှိသော လျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။ မိမိတို့ လျှောက်လွှာတင်သွင်းသည့်ဌာနတွင် ရွေးချယ်ခြင်းခံရသည်/မခံရ သည်ကို သွားရောက်စုံစမ်းမေးမြန်းနိုင်သည်။

**စစ်ရာထူးခန့်ချုပ်ရုံး**

**ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)**

## ကြော်ငြာ


# Y.E.S. International English Language Centre

Since 1994

ကျောင်းနည်းပြ ဆရာဦးမြင့်အောင် B.A.(Hons.)(English), M.A.(ESL)(Hawaii, USA) ဦးစီးသော

**Basic Spoken English**
Mon to Thurs-5:30-7:00pm 10,24 July
Mon to Thurs-3:00-5:00pm 17 July
Mon to Thurs-7:30-9:30am 24 July
Mon to Thurs-10:00-12:00am 24 July
Sat & Sun-12:30-3:30pm 15 July
Sat & Sun-12:30-3:30pm 29 July

**Pre-Intermediate English**
Mon to Thurs-1:00-3:00pm 17 July
Sat & Sun-12:30-3:30pm 15 July

**Basic Writing Course**
Sat & Sun - 3:45-6:15pm 15 July

**Grammar Foundation Course**
Mon to Thurs-3:30-5:00pm 3 July
Sat & Sun- 9:00-12:00am 15 July
Mon to Thurs-10:00-12:00am 17 July
Mon to Thurs-1:00-2:30pm 24 July

**Structure & Written Expression**
Mon to Thurs-1:00-3:00pm 10 July
Sat & Sun - 12:30-3:30pm 29 July

**Vocabulary Enrichment Course**
Mon to Thurs-3:30-5:00pm 3 July
Sat & Sun - 10:00-12:00am 15 July

NEW SAT, IELTS, API, AWC,

No.190, 2nd Flr.,28th St:(Upper), Pabedan Tsp. Ph: 01-243950, 246910


### မွေးနေ့ဆုတောင်း
### ကိုစိန်ဝင်း(ခ)ကိုဘိုကြီး

ချစ်ရတဲ့မောင် ၂၃-၇-၂၀၁၇ရက်တွင် ကျရောက်သော မွေးနေ့မှသည် ချစ်ဇနီးမိပေါက်(ခ) ပေါက်ပေါက်နှင့်အတူ ရာသက်ပန်ချစ်ခရီးလမ်းသို့ လျှောက်လှမ်းနိုင်ပါစေ။

**ချစ်ဇနီးမိပေါက်(ခ)ပေါက်ပေါက်(ကျောက်မြောင်းဈေး)**


# ပန်းချစ်သူ

နံ့သာဖြူ



* Fast Forward အကျိုးဆောင်မှ အမြန်ရောင်း/ငှားမည် *
09 43129093, 09 7914444 51, 09 421080005

| | | | | |
|---|---|---|---|---|
| ရွှေပြည်သာဇုန်-၁ | 100'x200' | စီ-1RC,Hall,315KVA | 70 | သိန်း |
| [illegible] | 40'x140' | မြေဆိုင်နေရာကောင်း | 44 | သိန်း |
| [illegible] | 50'x100' | 1RC [illegible] | 34.5 | သိန်း |
| [illegible] | 80'x80' | 2RC,3MBR,1BR,4AC | 25 | သိန်း |
| [illegible] | 80'x100' | စီ-1RC,Hall, [illegible] | 25 | သိန်း |
| [illegible] | 55'x70' | 3RC,5MBR,5AC,Off [illegible] | 25 | သိန်း |
| [illegible] | 60'x60' | 2RC,3MBR,1BR,4AC | 20 | သိန်း |
| [illegible] | 40'x60' | 2RC,3MBR,1BR,7AC | 17 | သိန်း |
| [illegible] | 40'x80' | စီ-1RC,Hall, [illegible] | 15 | သိန်း |
| [illegible] | 40'x70' | 2½RC,3BR,2AC | 15 | သိန်း |
| [illegible] | 70'x70' | 1½RC,3BR,2AC | 15 | သိန်း |
| [illegible] | 60'x60' | 2RC,3MBR,2AC | 10 | သိန်း |
| [illegible] | 35'x70' | 2RC,2MBR,1BR,1AC( [illegible] ) | 7 | သိန်း |



သင့်နေအိမ်၊ ရုံးခန်း၊ ဆိုင်ခန်း လုပ်ငန်းသစ်ဖို့ DO KO MO နှင့် ဆက်သွယ်ပါ။

မိတ်ဟောင်းမိတ်သစ်များအတွက် Showroom အသစ် ဖွင့်လှစ်လိုက်ပါပြီ။

ဘယ်နေရာမှာမဆို

# DO KO MO

Modernize Furniture & Interior Decoration





No. 20, Industrial Zone (1) Street, South Okkalapa Industrial Zone, South Okkalapa Township, Yangon. Tel - 09 42251 6318, 09 5190 772, 09 50 55077



အထူးပရိုမိုးရှင်း ကံစမ်းမဲအစီအစဉ်

1-2-2017 မှ 31-7-2017 အထိ (၆) လအတွင်း ပါဝင်ကံစမ်းနိုင်မည့် အခွင့်အရေးကောင်း



KENBO



HONDA CIVIC 2012 MODEL

# ရွှေနဂါး

ပလက်တီနမ် နှင့် ရွှေ

ဖွင့်ပွဲအတွက် ကံထူးရှင်များ





ပြည်တွင်း/ပြည်ပ – အလုပ်အကိုင်ရှာနေသူများ အတွက်

အလွယ်တကူ အလုပ်အကိုင်ရရှိစေပြီး လစာကောင်းစေဖို့...

**အခြေခံအင်ဂျင်နီယာ သင်တန်း (B.E.C)**

(လျှပ်စစ်၊ စက်တပ်ဆင်၊ ပိုက်ဆက်၊ ဂဟေဆက်၊ အဲယားကွန်း-(၅) မျိုးပါဝင်သည်။

(5)weeks → တနင်္လာ မှ စနေနေ့ထိ (အချိန်ပြည့်) အလယ်တန်းနှင့်အထက် (ကျား)

**ကျန်းမာရေးအကူကျွမ်းကျင်သင်တန်း**

(နေ့စဉ်ဒိတ်/ညစဉ်ဒိတ်/သွားဒိတ်)-ပြင်း ÷ စာတွေ့/လက်တွေ့ကျွမ်းကျင်မှု

အချိန်ပြည့် တစ်လ → ရက် (၃၀) သင်တန်း အလယ်တန်းနှင့်အထက် (ကျား/မ)

ဝန်ကြီးဌာန၏ တရားဝင်ခွင့်ပြုလိုင်စင်များရရှိထားသော

**သုခစုစီ + အသက်မွေးပညာသင်တန်းကျောင်း +**

ပန်းဆိုးတန်းမှတ်တိုင်၊ ကုန်သည်လမ်းမကြီး (၃၃-၃၄လမ်းထောင့်)၊ တိုက်အမှတ်(၅၀၆)၊

Ph : (01)377343 ,377344 ,www.tkss.com.mm, FB- TKSS99



# San brotherhood

"စစ်ဆေး စစ်သပ် (အခမဲ့)"


**Air-Con**, ရေခဲသေတ္တာ၊ အဝတ်လျှော်စက်

Servicing

မိုးရာသီ အိမ်အရောက်ပို့ အထူးဈေးနှုန်း (၃နှစ်အာမခံ)







တပ်ဆင်ပြီးဈေးနှုန်း

1HP 250000Ks

Capper Pipe(10)Ft. Frame, Drain Pipe, Transportation, Installation

"အနီးဆုံးဆိုင်ခွဲသို့ဆက်သွယ်ရန်"

(မရမ်းကုန်း) 681854, 706193, 09-73116475
FMI City (လှိုင်သာယာ) 706193,09-5084831,682445(Ext)1421
(မြောက်ဥက္ကလာ) 09-5190383,09-73251535
CNG (ကြည့်မြင်တိုင်) 703684, 09-43130068
Capital (ဒဂုံ) 09-5053114, 73251545, 01-708842
(အလုံ) 01-704101 , 09-5002738 , 09-450023810
(တာမွေ) 01-704649, 09-73066836, 09-73004800
(ဗဟန်း) 09-43083868, 01-703241
(တ/ဒဂုံ) 01-709114, 09-5019316



# မိုး ဓ ဓ

TMR000849(0516)

မြန်မာ ရွှေမန်းကြယ် အမှတ်တံဆိပ် ပန်းပေါင်းစုံ သွေးဆေး

TMR012467(1116)

ရွှေမန်းတောင် အမှတ်တံဆိပ် သွေးတိုးကျဆေးပြား

မြန်မာ့ ... (၁၀၂)(၃၈)လမ်းအောက်ရန်ကုန်မြို့ ဖုန်း - ၀၁ - ...



### မြေညီထပ်ရောင်းမည်။

အင်းစိန်မြို့နယ်၊ ပေါက်တော ရပ်ကွက်၊ လှိုင်မြစ်လမ်းမကြီး တဆစ်ချိုး ဝိသာခါလမ်း ပေါ်ရှိ (အလျား ၂၀' × အနံ ၅၅' × အမြင့် ၁၃' )ရှိ Hall Type အမျိုးအစား မြေညီ တိုက်ခန်းအား အမြန်ရောင်းမည်။


(ရေရှိ၊ ကျောင်းနီး၊ ဘုရားနီး၊ လမ်းသန့်၊ လူနေထိုင်ရန်ကောင်း)

ဈေးနှုန်း (၁၄၅၀)သိန်း၊ (ညှိနှိုင်း)

Ph- 09-785117384
09-5161329

မြန်မာနိုင်ငံ၏ ကျန်းမာရေးကဏ္ဍ တိုးတက်စေရန် ရည်ရွယ်ချက်ဖြင့်
Pacific Medical Industries Ltd. မှ
US FDA Drug Establishment Reg No.3013492630 နှင့်
Myanmar FDA Manufacturing License No.(အစဆ/(ဆဝ)၂၀၁၇/၅၅၉) ရရှိပြီးသော
ပထမဦးဆုံး မြန်မာပုဂ္ဂလိကပိုင် အနောက်တိုင်းဆေးဝါးစက်ရုံကို 23rd July, 2017 ရက်နေ့တွင်
အောင်မြင်စွာဖွင့်လှစ်နိုင်ခဲ့ခြင်းအတွက် Pacific AA Group နှင့်အတူ
ထပ်တူဝမ်းမြောက် ဂုဏ်ယူမိပါကြောင်း ....

CAU 중앙대학교
Dept of Pharmacology,
College of Pharmacy,
Chung Ang University,
Seoul, Korea.




UNITED PHARMA
United Pharma Co., Ltd

CHEVROLET

KP KOREA PHARMA
Korea Pharma Co., Ltd

DAEHWA PHARMACEUTICAL
Daehwa Pharm Co., Ltd

OCBC Bank
Oversea Chinese Banking Corporation Ltd

TOTAL
TOTAL Lubricants

KALBE
PT. Kalbe Farma TBK

NIPRO
Your Partner in Health Care
Nipro Sales (Thailand) Co., Ltd

Zydus
dedicated to life
Cadila Healthcare Limited

PSP SPECIALTIES
PSP Specialities Ltd











**ရောင်းရန်ရှိသည်**

**မြေကွက်များဝယ်လိုသည်**

ဒဂုံဆိပ်ကမ်း၊ဒဂုံတောင်၊ ဒဂုံမြောက်၊ ဒဂုံအရှေ့ မြို့နယ်များရှိ မြေကွက်များ ဝယ်လိုပါသည်။

ပိုင်ရှင်ကိုယ်တိုင် ဆက်သွယ်ပါ။

ဖုန်း -၀၉-၂၆၀၆၆၄၄၈၀
၀၉-၂၆၀၆၆၄၄၉၀




ပြည်သူ့အတွက် SKY NET မိုးရာသီအထူးလျှော့ဈေး

၁လ သက်တမ်း ဝယ်ယူလျှင် — ၁လလျှင် ဈေးနှုန်းအသစ် ၁၄၅၀၀ကျပ် — ၁လလျှင် မူလဈေးနှုန်း ~~၁၆၀၀၀ကျပ်~~

၆လ သက်တမ်း ဝယ်ယူလျှင် — ၁လလျှင် ဈေးနှုန်းအသစ် ၁၃၅၀၀ကျပ် — ၁လလျှင် မူလဈေးနှုန်း ~~၁၆၀၀၀ကျပ်~~

လိုင်းပေါင်း ၁၁၀+

SN3+ HD PACKAGE

တစ်လပရိုမိုးရှင်း

(၂၀၁၇) ၁၄ ဇူလိုင်မှ ၁၃ ဩဂုတ်အထိ

၃လ သက်တမ်း ဝယ်ယူလျှင် — ၁လလျှင် ဈေးနှုန်းအသစ် ၁၄၀၀၀ကျပ် — ၁လလျှင် မူလဈေးနှုန်း ~~၁၆၀၀၀ကျပ်~~

၁၂လ သက်တမ်း ဝယ်ယူလျှင် — ၁လလျှင် ဈေးနှုန်းအသစ် ၁၂၅၀၀ကျပ် — ၁လလျှင် မူလဈေးနှုန်း ~~၁၆၀၀၀ကျပ်~~

+၅% အခွန်

စက်သီးသန့်ရောင်းဈေး – ၄၀၀၀၀ကျပ် + ၅%အခွန်
စက်တစ်စုံရောင်းဈေး – ၅၅၀၀၀ကျပ် + ၅%အခွန်
(ဒေါက်၊ ဗန်း၊ ထိပ်ဖူး)

SKYNETစက်များကို သက်ဆိုင်ရာ RSP များထံတွင် ဝယ်ယူကြည့်ရှုနိုင်ပါသည်။

Hotline - 09 - 261115103 ~ 107 , 09 - 261118901 ~ 902,
www.skynetdth.com, www.facebook.com/skynetdthofficial



Monsoon Special Promotion

HYUNDAI

အရေအတွက်ကန့်သတ်ထားပါသည်။

3.5 Lakh/month
for 5 years

• အတိုးမဲ့
• ကနဦး ပေးသွင်းငွေ (20%) : $ 3,680



မြန်မာနိုင်ငံနှင့် အထူးသင့်လျော်သော
အကောင်းဆုံး ဟွန်ဒိုင်း Light Truck

H-100
• 2.6 L Diesel (Natural Aspiration)
• 5-Speed M / T




Hyundai Showroom

INTERNATIONAL KLM Co.,Ltd. Take this chance now ! Visit Hyundai Showroom or call us...

Yangon : No. 2/6, 2 Quarter, Corner of Insein Rd & Thamine Station Rd, Mayangone Township, Yangon, Myanmar.
Showroom : (01) 522 723, 09 42 100 2051 Service Center : (01) 522 724
Mandalay : 3-F Myo Ma Oo Yin x 74th Street, Taung Myint Quarter, Pyi Gyi Ta Gon Tsp, MITC.
Showroom : 09 2531 51970, 09 4539 55560 Service Center : 09 421 888 220, 09 4539 58560
www.hyundaimotor.com.mm
info@hyundaimotor.com.mm
www.facebook.com/hyundaimm
All information and illustrations are based on data avilable at the time of publication and subject to change without notice.



မြေရောင်းမည် (၁၄) သိန်း
ပေ(၄၀×၆၀)၊ ဒဂုံတောင်
နေရာကောင်း၊ ပွဲစားမလို
ဝယ်သူအမည် ဂရန်ရသည့်မြေ၊
ဖုန်း-၀၉-၉၆၁၄၄၁၇၄၇



United = 150 - 200
Orient = 200-250-300
Premier = 250-300-350
09-420118663, 09-799119749



SEVEN
09-33 333 511
09-33 333 514
09-33 333 644



Unitex 1'x1' = 200
Orient 1'x1' = 230
Premier 1'x1' = 330
Dulux, Jotun 1'x1' = 400
Nippon 1'x1' = 430
Ph: 09 786590818, 09 796211925.



ICE LAND Construction Co.,Ltd

ဦးအောင်မျိုးသိန်း
(LL-B, DBL, DIL, DA Pty)
Ph-09-8550254


ဇီဝမျိုးစုံ မျိုးကွဲတွေ ကြွယ်စေဖို့ သဘာဝတောတွေ ထိန်းသိမ်းစို့


ခေါင်းကိုက်ခြင်း၊ ကိုယ်ပူဖျားနာခြင်း၊ နှာစေးခြင်းတို့အတွက်
NEO
MIXAGRIP
နီယို
မစ်ဆာဂရစ်
ဆေးဝါးမှတ်ပုံတင်အမှတ် - R2001AA1988
NEO
4 caplets
MIXAGRIP
Prevention and Treatment of Cold and Catarrh
အအေးမိလို့ ဒီလိုဝေဒနာတွေ
ခံစားနေရတယ် ။
ဒီ့အတွက်တော့ မပူပါနဲ့ နီယို မစ်ဆာဂရစ် ရှိတယ် ။
MIXAGRIP
နီယို မစ်ဆာဂရစ် က ခေါင်းကိုက်ခြင်း၊ ကိုယ်ပူဖျားနာခြင်း၊
နှာစေးခြင်းတို့ကို လျင်မြန်ထိရောက်စွာ သက်သာပျောက်ကင်းစေပါတယ် ။
အခုတော့ ပျော်ရွှင်ဖွယ် မိသားစုဘဝကို ပိုင်ဆိုင်ရပြီပေါ့ ။
နီယို မစ်ဆာဂရစ် နဲ့ဆို ကွက်တိဘဲ
Mixagrip Myanmar
KALBE


အမြန်ဆန်ဆုံးဖလန်းဖလန်း
4G plus
မြန်မာ့ပထမဆုံးနဲ့
အမြန်ဆုံး 4G အင်တာနက်ဟာ
ပိုပြီးမြန်ဆန်လာပါပြီ
ooredoo
ပျော်ရွှင်ခံစား အင်တာနက်စွမ်းအား
PLUS
4G

TMR 004815(0317) | TMR 000394(0317)

ကွမ်းရွက်ပုံ ဆေးကောင်း

ဖြန့်မှာတိုင်းရင်းဆေးဖက်ဝင်စစ်မှန်သော ပရဆေးပစ္စည်းများဖြင့် ဖော်စပ်ထားသောကြောင့် အံ့ဩလောက်အောင် အထူးပင် ဆေးစွမ်းထက်မြက်လှပါသည်။

ဂမုန်းရှင် လေငန်းကာကွယ်လိမ်းဆေးရည်

ပထမဦးဆုံး ဦးထွန်းဦး-ဒေါ်ခင်မာ

T.V (ရန်ကုန်)

ကားမောင်း-စက်ပြင်သင်တန်း

09-421150033, 09-73044311
09-5041550, 09-44005114, 09-779144498
09-260111942, 09420066955
09-44005112, 01-8011402, 01-8011403
09-44005113

SYP

အိတ်ရောင်းဝယ်ရေးနှင့်သယ်ယူပို့ဆောင်ရေး

ကိုဆန်းနိုင် + မရီရီအေး

Ph: 01645757, 095145162, 09965145162, 0973021997, 09455081166, 095408777

ကားရောင်းမည်
RAV 4 Model 2006
BLACK 2.4 (2 Wheel)
3M/.......
Ph:09450088099

AA ယာဉ်မောင်းသင်တန်း

09-43168300, 09-254051326
09-782793551

လှထူ Steel Structure

Ph:09-5031107, 09-5028986, 09-5008411

ဝန်ထမ်းအလိုရှိသည်
ကလေးထိန်း မ(၁)ဦး

မိဘဂုဏ် ကိုထွေး

အဆင့်မြင့်စတီးဘလိပ်ခါးသွားဆူးကြိုး တပ်ဆင်ဖြန့်ချိရေး

အဆင့်မြင့် Steel ဘလိပ်ခါးသွား ဆူးကြိုးများကို သဲချေးမတက် (၁၅)နှစ် အာမခံ၍ တပ်ဆင်ပေးရာတွင် Steel တန်းကြိုး၊ Steel တုတ်ကြိုး အသုံးပြုလျက် ဈေးနှုန်းချိုသာစွာဖြင့် နေရာဒေသမရွေး လက်ခံပို့ဆောင်ပေးနေပါပြီ။

Ph : 09 - 5064145, 09-250058416,09-49583224,09-420060449,09-420707316

သီဟလင်း

အိမ်ပြောင်း/အိမ်ရွှေ့လုပ်ငန်း (10',14',16',18',22')ကား

01-570307
09-5112729
09-5126394

Super Cool

Air Con ရောင်းဝယ်ခြင်း

(၁) မ/ဒုံမြို့နယ် -09-5418836, 09-49594626
(၂) ရန်ကင်းမြို့နယ် -09-73187375, 09-400407575
(၃) သာကေတမြို့နယ် -09-420305462, 09-254179565
(၄) ကြည့်မြင်တိုင်မြို့နယ် -09-256155553, 09-33338211
(၅) မ/ဥက္ကလာမြို့နယ် -09-450013581, 09-49316140
(၆) မှော်ဘီ -09-49252181, 09444042912
(၇) လှိုင်မြို့နယ် -09-256223396, 09-47054581

မိုးရာသီ SPECIAL PROMOTION

Air-Con 1.0Hp တပ်ဆင်အပြီးအစီး 299000ကျပ်
Air-Con 1.5Hp တပ်ဆင်အပြီးအစီး 329000ကျပ်

Home Since 1996

ပါကေး အစားထိုး ကြမ်းခင်း

မိုးရာသီ Promotion

★ Grade A,B,C,D

HOTLINE: 09-79 700 70 70
09-79 700 70 80

မင်္ဂလာပါ

အိမ်ပြောင်း၊အိမ်ရွှေ့လုပ်ငန်း

09-450042704
09-250095116
09-420096296

heart Curtain,Sofa, Furniture

KTV Room များကို Sound Proof ပြုလုပ်ပေးခြင်း

No.38, ရန်ကုန်မြို့
Ph: 09-30066799, 09-257335855

ဖောင်းကြွပျောက်
လျှောက်ထားခြင်း

ယာဉ်အမှတ် DD/1361၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယင်းဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး
(ရန်ကုန်အနောက်ပိုင်း)

KMD Institute
Since 1986



Hotline: 09 262 600450

အလုပ်ရှာဖွေလိုသူများအတွက် KMD တွင်
သင်တန်းတက်ရောက်ပြီးလုပ်ငန်းခွင်သို့ဝင်ရောက်နိုင်ပါသည်။

ISO

လုပ်ငန်းခွင်သုံး ကွန်ပျူတာသင်တန်းများ

- i-Office 2016
- i-Office 2013 (Advanced)
- Layout Design Course
- Graphic Design Course
- Effective Presentation with Powerpoint
- Computerized Accounting (MYOB)
- LCCI Level I, II, III(Book Keeping & Accounting)
- AutoCAD 2014
- 3D Max Engineering
- Revit Architectural
- Excel in Business Application
- Excel Formulas and Functions
- Computer for Kids

www.facebook.com/kmdedu.mm

ဘာကြောင့် KMD မှာ
တက်ရောက်သင့်တာလဲ ?

| (ပန်းဆိုးတန်း) | (သိမ်ကြီးဈေး) | (တာမွေ) | (မြောက်ဥက္ကလာ) | (လမ်းမတော်) | (လှည်းတန်း-၁၂) |
|---|---|---|---|---|---|
| ၃၈၁၀၃၅၊ ၃၈၅၈၇၇ | ၃၈၄၂၆၈၊ ၃၈၄၆၄၁ | ၅၄၁၁၂၈ | ၅၂၇၄၃၆၊ ၅၀၂၂၃၃ | ၂၂၅၅၅၅၊ ၂၃၁၁၈၈ | ၅၂၄၄၀၀၊ ၅၀၂၂၁၁ |

## ရောဝတီ၊ စစ်တောင်း၊ ဝေန်းတို့ မြစ်ရေကြီးမှုအခြေအနေ

**နေပြည်တော် ဇူလိုင် ၂၂**

**ရောဝတီမြစ်**

ယနေ့ မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဧရာဝတီမြစ်ရေသည် ဟင်္သာတမြို့နှင့် ဇလွန်မြို့တို့၌ နှစ်ပေခန့်စီ ယင်းမြို့များ၏ စိုးရိမ်ရေမှတ် အသီးသီးအထက်သို့ ကျော်လွန်နေပြီးနောက် သုံးရက်အတွင်း ပေဝက်ခန့်စီ ကျဆင်းနိုင်ကာ ယင်းမြို့များ၏ စိုးရိမ်ရေမှတ် အသီးသီးအထက် ဆက်လက်တည်ရှိနိုင်သည်။

**စစ်တောင်းမြစ်**

ယနေ့ မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်အရ စစ်တောင်းမြစ်ရေသည် မဒေါက်မြို့၌ တစ်ပေခွဲခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်နေပြီး နောက်နှစ်ရက်အတွင်း တစ်ပေခန့် ဆက်လက်

**စာမျက်နှာ ၉ ကော်လံ ၁ သို့** ❖



အာရှယူ-၂၃ ခြေစစ်ပွဲ

# မြန်မာနှင့် ဩစတြေးလျ အဆုံးအဖြတ်ပွဲ ကစားရမည်

**ရန်ကုန် ဇူလိုင် ၂၂**

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပနေသည့် ၂၀၁၈ အာရှယူ-၂၃ ခြေစစ်ပွဲ အုပ်စု(စ) နောက်ဆုံးနေ့ပွဲစဉ်များကို ဇူလိုင် ၂၃ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး မြန်မာအသင်းအတွက် ယနေ့ပွဲမှာ ခြေစစ်ပွဲအောင်မြင်ရေး အရေးပါလျက်ရှိသည်။ နောက်ဆုံးနေ့ပွဲစဉ်အဖြစ် ညနေ ၃ နာရီတွင် စင်ကာပူနှင့် ဘရူနိုင်းအသင်း၊ ညနေ ၆ နာရီတွင် အိမ်ရှင်မြန်မာနှင့် ဩစတြေးလျအသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ ခြေစစ်ပွဲအောင်မြင်ရေး အရေးပါသည့်ပွဲဖြစ်သောကြောင့် မြန်မာဘောလုံးပရိသတ်များ၏ တစ်ခဲနက်အားပေးမှုမှာ မြန်မာကစားသမားများအတွက် အရေးပါလျက်ရှိသည်။

မြန်မာအသင်းသည် နှစ်ပွဲကစားအပြီးတွင် ခြောက်မှတ်ရထားသော်လည်း ဩစတြေးလျအသင်းထက် ဂိုးကွာခြားချက်နည်းနေသောကြောင့် အနိုင်ရမှ အုပ်စုပထမနေရာရမည်ဖြစ်ပြီး ယနေ့ပွဲတွင် အနိမ့်ဆုံးသရေကစားနိုင်မှသာ ခြေစစ်ပွဲအောင်ရန် ကျိန်းသေသလောက်ရှိမည်ဖြစ်ပြီး ရှုံးနိမ့်ခဲ့ပါက အကောင်းဆုံးအုပ်စုဒုတိယနေရာအတွက်

**စာမျက်နှာ ၉ ကော်လံ ၁ သို့** ✪

## ဝေန်းမြစ်ရေ စိုးရိမ်ရေမှတ်အထက် နှစ်ပေခွဲကျော်လွန်လာ အခြေခံပညာကျောင်းသုံးကျောင်း ယာယီပိတ်

**နေပြည်တော် ဇူလိုင် ၂၂** - ပုသိမ်ခရိုင် ငါးသိုင်းချောင်းမြို့ ဝေန်းမြစ်ရေသည် ဇူလိုင် ၂၂ ရက် နံနက် ၆ နာရီအချိန် တိုင်းထွာချက်အရ ၂၉ ဒသမ ၈၀ ပေ စိုးရိမ်ရေမှတ်အထက် နှစ်ပေခွဲကျော်သို့ ရောက်ရှိလျက်ရှိရာ ယနေ့အထိ ငါးသိုင်းချောင်းမြို့ ဝေန်းမြစ်ကမ်းဘေးမြေနိမ့်ပိုင်းရှိ သရက်ချောင်းအလယ်စုကျေးရွာ မူလတန်းလွန်ကျောင်း၊ ရှေ့ဆောင်ရပ်ကွက် ဇီးကုန်းအမကနှင့် ဝေန်းရပ်ကွက် ရှမ်းတန်းအမကကျောင်းသုံးကျောင်း ယာယီပိတ်ထားရကြောင်း သိရသည်။

ဆက်လက်၍ ဇူလိုင် ၂၁ ရက် ည ၁၀ နာရီခန့်က မြစ်ရေဆက်လက်မြင့်တက်လာမှုကြောင့် ဝေန်းမြစ်ကမ်းဘေးမြေနိမ့်ပိုင်း ဝေန်းရပ်ကွက်ရှိ နေအိမ်သုံးလုံး အိမ်ထောင်စုသုံးစုတို့ကို သက်ဆိုင်ရာတာဝန်ရှိသူများက ရပ်ကွက်အတွင်းရှိ ရှမ်းတန်းဓမ္မာရုံ ယာယီရေဘေးကယ်ဆယ်ရေးစခန်းသို့ ပြောင်းရွှေ့ပေးခဲ့ရပြီး လတ်တလောအခြေအနေတွင် ရေဘေးယာယီကယ်ဆယ်ရေးစခန်းတစ်ခု ဖွင့်လှစ်ပေးထားကြောင်း သိရသည်။

**စာမျက်နှာ ၉ ကော်လံ ၁ သို့** ❒

# မုံရွာမြို့မှ အထက်ချင်းတွင်းဒေသများသို့ ပြည်တွင်းရေကြောင်းသင်္ဘောကြီးများဖြင့် ပြေးဆွဲပေးလျက်ရှိ

**မုံရွာ ဇူလိုင် ၂၂**

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ပြည်တွင်းရေကြောင်းဦးစီးဌာနပိုင် ပြဒါးရှင်သင်္ဘောကြီးဖြင့် မုံရွာမြို့မှ အထက်ချင်းတွင်းဒေသဖြစ်သော ဟုမ္မလင်းမြို့အထိ အပတ်စဉ်တနင်္လာနေ့တိုင်းနှင့် ချမ်းသာရေယာဉ်ကြီးဖြင့် မုံရွာ-ကလေးဝခရီးစဉ်အား အပတ်စဉ် ဗုဒ္ဓဟူးနေ့တိုင်း ခရီးသည်များနှင့် ကုန်စည်များ တင်ဆောင်ပြေးဆွဲပေးလျက်ရှိကြောင်း သိရသည်။

မုံရွာ-ဟုမ္မလင်းခရီးစဉ်ပြေးဆွဲပေးလျက်ရှိသော ပြဒါးရှင်သင်္ဘောကြီးသည် ပြည်တွင်းရေကြောင်းပို့ဆောင်ရေးဌာနပိုင် သင်္ဘောကြီးဖြစ်ပြီး ပြည်တွင်းရေကြောင်းပို့ဆောင်ရေးနှင့် မိုးမြင့်ကြယ်ကုမ္ပဏီတို့ အကျိုးတူပူးပေါင်း ပြေးဆွဲပေးခြင်းဖြစ်ကြောင်း သိရသည်။

"ပြည်တွင်းရေကြောင်း ပို့ဆောင်ရေးဌာနပိုင်ရေယာဉ်နဲ့ ချင်းတွင်းမြစ်ကြောင်းမှာ အခုဘဏ္ဍာနှစ်မှာ ပြန်လည်ပြေးဆွဲတာပါ။ ခရီးသည်တွေ၊ ကုန်စည်တွေ လုံခြုံစိတ်ချမှု အပြည့်ရှိစေမှာပါ။ ခရီးစဉ်စတဲ့ ဇူလိုင်လဆန်းပိုင်းမှာ လိုက်ပါမှုနည်းပါးပေမယ့် အခုသုံးခေါက်မြောက်မှာတော့ ခရီးသည်လိုက်ပါမှု များလာပါတယ်။ ရေကြောင်းသွားလာမှုမှာ အခက်အခဲမရှိစေရေးအတွက် ကျွမ်းကျင်တဲ့ရေကြောင်းပြတွေနဲ့ မောင်းနှင်ပါတယ်။ မုံရွာမြို့ကနေ အပတ်စဉ် တနင်္လာနေ့နံနက်ထွက်တယ်။ ဟုမ္မလင်းမြို့ကို ဗုဒ္ဓဟူးနေ့ မွန်းလွဲပိုင်းလောက် ရောက်မယ်။

**စာမျက်နှာ ၉ ကော်လံ ၁ သို့** ❍






မျိုးဆက်သစ်ရင်ပြင်

ကြေးမုံ
အထူးကဏ္ဍ

ဇူလိုင် ၂၃၊ ၂၀၁၇ (တနင်္ဂနွေနေ့)

ဝတ္ထုတို

■ နှင်းနွယ်(ကလေး)



# ခေါ်သံများရဲ့ နောက်ကွယ်

တခွပ်ခွပ်ပြေးနေတဲ့ ကျပ်မြင်းရဲ့ ခြေသံစည်းချက်ကို ကြားရရုံနဲ့ ကျပ်မြင်းအတော်လေး ပင်ပန်းနေပြီမှန်း သိလိုက်တယ်။ ကျပ်ကလည်း ကျပ်ပဲလေ သူများထက် ဝီရိယကောင်းကောင်းနဲ့ ခရီးသည်များပိုရလေမလားဆိုပြီး မနက် ၄ နာရီကတည်းက လှည်းဂိတ်ရောက်နေခဲ့တာ နေ့လယ် ၂ နာရီရှိပြီမို့ မြင်းက ဆာနေရောပေ့ါ။ ကျပ်လည်း မထူးပါဘူးဗျာ။ လှည်းဂိတ်နားကရောင်းတဲ့ ကောက်ညှင်းပေါင်းနှစ်ရာဖိုးပဲ ဗိုက်ထဲစားထားတာရှိတာပါ။ လက်ဖက်ရည်ဆိုင်ထိုင်၊ လက်ဖက်ရည် ကျဆိမ့်လေး တစ်ခွက်လောက်နဲ့ မုန့်စားလိုက်ချင်ပေမယ့် မဖြစ်သေးဘူးဆိုပြီး ကိုယ့်စိတ်ကိုယ်ထိန်းလိုက်ရတယ်။ သမီးကြီးက ကျောင်းကြေးတွေ ပေးရမယ်တဲ့။ ဘာကြေး၊ ညာကြေးဆိုပြီး သေချာတော့ ပြောပြရှာသား။ ကျပ်က နှစ်တန်းအောင်ထိပဲ ကျောင်းတက်ခဲ့ရတော့ သမီးပြောတာတွေ နားမလည်ပါဘူးဗျာ။ သမီးပြောသလောက်ရှာပေးဖို့က ကျပ်တာဝန်ပဲလေ။ ကျပ်သမီးက တကယ်လိုမှ တောင်းရှာတာပါ။ သူ့ခမျာ လိုတဲ့ပိုက်ဆံတောင်းဖို့အရေး အဖေ့မျက်နှာကြည့်ရတာတစ်မျိုး အမေ ဈေးရောင်းကောင်းရဲ့လား အကဲခတ်ရတာက တစ်မျိုးနဲ့ သနားစရာပါ။

"အဖေ့ ကျောင်းမှာ ကန်တင်းဆိုတာရှိတယ်။ သမီးတော့ တစ်ခါမှမရောက်ဖူးဘူး"တဲ့။

ကျပ်ကလည်း ဘာလည်းဟ ကန်တင်းဆိုတာလို့ မေးတော့

"ကျောင်းသူ ကျောင်းသားတွေအတွက် ကျောင်းမှာဖွင့်ထားတဲ့ စားသောက်ဆိုင်။ စာသင်ဆောင်နဲ့ ခပ်ဝေးဝေးမှာဖွင့်ထားတာ။ ဆိုင်ခန်းတွေ အများကြီးဆိုလား။

"သမီးက ဘာလို့မရောက်ဖူးတာလဲ"

"ကန်တင်းက ဈေးကြီးတာတွေပဲ ရောင်းတာ အဖေရဲ့။ သမီးက ကျောင်းသွားရင် မုန့်ဖိုးမပါတော့ ကန်တင်းကိုမသွားဘူး။ ဗိုက်ဆာရင် ကားဂိတ်နားက အကြော်စားလိုက်တာပဲ"တဲ့။

ကျပ်လေ သမီးကိုသနားလိုက်တာ။ တက္ကသိုလ်ကျောင်းသူ တစ်ယောက်က တက္ကသိုလ်မှာဖွင့်ထားတဲ့ စားသောက်ဆိုင်ကို သွားမစားဖူးတာတော့ မဖြစ်သင့်ဘူးလေ။ သွားပါအေ ငါပိုက်ဆံပေးပါ့မယ်လို့ ပြောပေမယ့် သမီးက သွားချင်လို့မဟုတ်ပါဘူး။ ဘာရယ်မဟုတ် ပြောမိတာပါ။ အိမ်မှာ ထမင်းဝအောင်စားသွားတာ ပိုက်ဆံအပိုကုန်အောင် သွားမစားဘူးတဲ့။

ဒီလိုလိမ္မာတတ်တဲ့သမီးတွေကို မွေးထားရတာ ကျပ်ဘယ်လောက်ပဲပင်ပန်းပါစေ မောတယ်လို့ သဘောမထားနိုင်ပါဘူး။

တစ်နေ့ သမီးကျောင်းသွားရင်း ဖိနပ်ပြတ်တယ်တဲ့။ အဆောင်နေ သူငယ်ချင်းဖိနပ်ငှားစီးခဲ့ရတယ်ဆိုလား။ ဖိနပ်က အိန္ဒိယထုတ်လေးထင်ပါရဲ့။ ကွင်းသိုင်းလေးနဲ့။ သမီးက သမီးကို ဒီဖိနပ်မျိုးဝယ်ပေးလေ။ သူဆိုစီးလာတာကြာပြီ ခိုင်တယ်တဲ့။ ဩော် သမီးမှာ ဖိနပ်လှတာ၊ မလှတာကို စိတ်မဝင်စားနိုင်ဘူး။ ခိုင်လား၊ မခိုင်လားပဲ မေးခဲ့ရှာတယ်။

"သမီးရယ် သူတို့က ခိုင်တယ်ဆိုပေမယ့် တစ်ရန်တည်းစီးတာ မဟုတ်ဘူးလေ။ အပြောင်းအလဲနဲ့ စီးတာဆိုတော့ ခိုင်မှာပေ့ါ"

"ဟုတ်လား အဖေ။ သမီးလည်း သတိမထားမိဘူး။ သမီးစီးသလို တစ်ရန်ပြတ်မှ နောက်တစ်ရန်ဝယ်တာထင်နေတာ"

ဘယ်လောက်ရိုးရှာတဲ့ သမီးလည်းဗျာ။ လူကသာ တက္ကသိုလ်ကျောင်းသူ အလှအပ အဝတ်အစား ဘာဆိုဘာမှ စိတ်မဝင်စားရှာဘူး။ စိတ်ဝင်စားရင်လည်း သူပဲ စိတ်ပင်ပန်းမှာဆိုတော့ စိတ်မဝင်စားတာပဲ ကျေးဇူးတင်ရမယ်။ သူ့အရွယ်နဲ့သူတော့ လိုချင်၊ ဝတ်ချင်ရှာမှာပေ့ါ။ မိဘကိုငဲ့ညှာသူမို့ မိဘစိတ်ဆင်းရဲမှာစိုးလို့ မပူဆာတာဖြစ်မှာပါ။ အစစအရာရာ မပြည့်စုံပေမယ့် ကျုပ်တို့ထက်တော့ ကျုပ်သားသမီးတွေ ကံကောင်းကြပါတယ်။ ကျုပ်တို့တုန်းကလည်း ကျောင်းတက်ချင်တာများ ဖျပ်ဖျပ်ကို လူးလို့။ မိဘကဆင်းရဲတော့ ကျောင်းကထွက် နိုင်ရာအလုပ်လုပ် ငွေရှာရတော့တာကိုး။ ကျုပ်ဆို (၁၃) နှစ်သားကတည်းက သူများဆိုင် တောက်တိုမယ်ရလုပ်လာရတာ။ မိန်းမရတော့လည်း ဘဝတူချင်းကိုးဗျ။ ဒါပေမယ့် ကျုပ်တို့လင်မယား နှစ်ယောက်လုံးက ကလေးတွေပညာတတ်စေရမယ်လို့ ဆုံးဖြတ်ထားကြတယ်။ ကျုပ်တို့လို ပညာမတတ်လို့ ဆင်းဆင်းရဲရဲ လုပ်ကိုင်စားရတာမျိုး မမြင်ချင်ဘူး။ ပညာမတတ်တဲ့ မျိုးဆက်ကို ကျုပ်သားသမီးလက်ထက်မှာ အမြစ်ပြတ်စေချင်ပါပြီ။

ဟော ကျုပ်အတွေးလွန်နေတာနဲ့ ရှေ့က ကထိန်လှည့်နေတာ ခုမှမြင်တယ်။ ကျောင်းသား ကျောင်းသူတွေပဲ။ အဖြူအစိမ်းတွေ ဝတ်လို့ ဆရာ ဆရာမတွေ ဘေးကလိုက်ပါပြီး လှည့်နေကြတာ။ ကလေးတွေမို့ ကျုပ်မြင်းလှည်းကို ခပ်ဝေးဝေးက ကွင်းမောင်းလိုက်တယ်။

"အဖေ့"

ကျုပ်နားထဲ ဇဝေဇဝါကြားလိုက်ပေမယ့် သိပ်မသဲကွဲလို့ လှည့်မကြည့်ဖြစ်ဘူး။ မြင်းလှည်းမှာ တပ်ထားတဲ့ ချူသံတချွင်ချွင်ကလည်း ဆူနေတာကိုး။ ချူတပ်မထားလည်း မလွယ်ဘူးလေ။ လူတွေက တိရစ္ဆာန်နဲ့ ဆွဲတဲ့လှည်းပါလားလို့ ဂရုစိုက်ကြတာမဟုတ်ဘူး။ ဘေးကပ်ဖြတ်ချင်ဖြတ်တာ။ ခိုက်မိ တိုက်မိလိုက်ရင် ကျုပ်တို့ပဲ ဘဝပျက်ရမှာ။ လုပ်စားရတာလည်း မလွယ်ပါဘူးလေ။

"အဖေ. . . အဖေ သမီးခေါ်နေတာ။ လှည်းသိမ်းခဲ့တာလား ။ ထမင်းစားပြန်မလို့လား အဖေ"

ကျုပ်သမီးငယ်အသံမှန်း သေချာပြီမို့ ကထိန်လှည့်နေတဲ့ ကလေးတွေဆီကြည့်လိုက်မှ လက်ဝှေ့ယမ်းပြနေတဲ့ သမီးကို တွေ့လိုက်တယ်။ တက္ကသိုလ်တက်နေတဲ့ သမီးကြီးအောက်က သမီးငယ် ကိုးတန်းကျောင်းသူ။ သမီးငယ်အသံကြောင့် ကျုပ်ကို လှည့်ကြည့်လိုက်ကြတဲ့ ကလေးတွေနဲ့ ဆရာတချို့ရဲ့ အကြည့်တွေကြောင့် ကျုပ်လှည်းကို ခပ်သွက်သွက်မောင်းလာခဲ့တယ်။

ကျုပ်ရင်ထဲ ဘယ်လိုဖြစ်သွားမှန်း မသိလိုက်ဘူး။ သမီးခေါ်တာကို မထူးခဲ့မိဘူး။ မြင်းလှည်းသမားကြီးက နင့်အဖေပါလားလို့ သမီးသူငယ်ချင်းတွေ မသိစေချင်ပါဘူး။ ရိုးရိုးသားသား ရှာစားတယ်ဆိုပေမယ့် မြင်းလှည်းသမား သမီးရယ်လို့ သမီးစိတ်ထဲ သိမ်ငယ်မှာ စိုးတယ်။ တကယ်ဆို ကလေးတွေ ငယ်တုန်းကဆို ကျုပ်က လက်သမားဆရာပါ။ မနှစ်ကမှ လေဖြန်းပြီး ခြေထောက်တွေ သိပ်မသန်လို့ ကြံရာမရ မြင်းလှည်းမောင်းရတာ။ နေမကောင်းပေမယ့် ဝင်ငွေမရှိလို့မဖြစ်ဘူးလေ။ သမီးနှစ်ယောက် ပညာရေးက ရပ်ထားလို့မှ မရတာ။

လက်သမားဆရာရယ်လို့ လေးလေးစားစား ဆက်ဆံခံလာရာက မြင်းလှည်းမောင်းတော့ မြင်းလှည်းသမား ပစ္စည်းတွေသယ်ခဲ့စမ်းလို့ ပြောခံရရင်များ ခံရခက်ချက်ဗျာ။ ဩော် ငါမြင်းလှည်းသမားပဲ နာစရာမလိုဘူးလို့ ကိုယ့်ကိုယ်ကိုယ် ပြန်သတိပေးရတယ်။ ဝက်ဖြစ်မှတော့ မစင်ကြောက်နေလို့ မရတော့ဘူးလေ။ သမီးတွေရှေ့ရေးအတွက် မြင်းလှည်းသမားဖြစ်ရလည်း မမှုပါဘူး။ သမီးလေးတွေ ဂုဏ်ငယ်မှာပဲ စိုးရိမ်တာ။

မွေးထားတာက သမီးတွေဆိုတော့ ပိုဆိုးတယ်။ ဒါကြောင့် အဖေ့ကို မြင်းလှည်းကြီးနဲ့ တွေ့ရင် မခေါ်ကြနဲ့လို့ပြောထားပေမယ့် သမီးတွေက ပြောမရဘူး။ သမီးကြီးက ကျောင်းသွားရင် ကျုပ်လှည်းဂိတ်ဝင်ကြည့်သေးတာ။ အဖေရှိ၊ မရှိ ကြည့်သွားချင်သေးလို့ဆိုပဲ။ ခုလည်း သမီးငယ် မခေါ်ပါနဲ့ပြောတာကို အော်ခေါ်နေပြန်တယ်။

"အဖေရေ. . . အဖေ"

ကျုပ်သမီး ပြန်လာပြီ။ အိမ်ထဲမဝင်ခင်ကတည်းက အဖေကို လှမ်းခေါ်တတ်တာ အကျင့်ပါနေပြီ။ ကျုပ်ကိုလည်းတွေ့ရော

"အဖေ နေ့လယ်က သမီးခေါ်နေတာ မကြားဘူးလား"

သမီး အတော်လေးမကျေမနပ် ဖြစ်နေဟန်တူရဲ့။ ကျုပ်ကို ဆီးပြီး မေးခွန်းထုတ်နေတယ်။ ဩော် သမီးက အဖေ့ရဲ့စေတနာကို နားမလည်ရှာပါလား။

"ကြားပါတယ် သမီးရယ်။ အဖေ့ကို လူတွေကြားထဲ မခေါ်နဲ့လို့ပြောထားတယ်လေ"

"အဖေ့ကို ဘာကြောင့် မခေါ်စေချင်တာလဲဆိုတာ သမီးသိပါတယ် အဖေ။ အဖေ မြင်းလှည်းသမားဆိုတာနဲ့ သမီးက ရှက်ရမှာလား။ အဖေ ဘာအလုပ်ပဲလုပ်လုပ် မိသားစုအတွက် လုပ်ရတာပဲ။ သားသမီးကို ဆင်းရဲတဲ့ကြားက ပညာသင်ခွင့်ပေးထားတဲ့ အဖေ့ကျေးဇူးက ကြီးလှပါတယ်။ ဘယ်သူတွေ ဘယ်လိုထင်ထင် သမီးကတော့ အဖေ့ကို တွေ့တဲ့နေရာ အဖေလို့လှမ်းခေါ်လိုက်ရမှ ကျေနပ်တာ။ သမီးကတော့ အဖေမခေါ်နဲ့ ပြောလည်း ခေါ်မှာပဲ"

သမီးရဲ့ ကလေးဆန်ဆန်အပြောကြောင့် ကျုပ်ပြုံးလိုက်မိတယ်။ ကျုပ်ကလည်း ကိုယ့်သမီးလေးတွေရဲ့ခေါ်သံကို ကြားချင်တာပေ့ါ။ "ဟေ. . . "လို့ အကျယ်ကြီး ပြန်ထူးလိုက်ချင်တာ။ ကျုပ် ဘာလို့ပြန်မထူးခဲ့တာလဲဆိုတာ သမီးတို့ မိဘနေရာရောက်လာရင် နားလည်နိုင်မှာပါလေ။

သမီးကြီးနဲ့ သမီးငယ်ရဲ့ အဖေလို့ ခေါ်သံကြားလိုက်ရတိုင်း ပင်ပန်းနွမ်းနယ်သမျှပျောက်ပြီး ဖခင်တစ်ယောက်ရဲ့အားမန်တွေ ပိုပြီးပြည့်ဝလာတတ်တာမို့ သမီးတွေခေါ်သံကို အမြဲနားဝင်ချိုခဲ့တာပါ။ သာယာချိုမြတဲ့ ဂီတသံတွေထက် သမီးတွေအသံက ပိုပြီးသာယာတယ်။ ဒါပေမယ့် သမီးတွေ ဂုဏ်ကို ညှိုးစေမှာစိုးလို့ လူတွေကြားထဲမှာ အဖေလို့ ခေါ်ကြတဲ့အခါ ထူးလိုက်ချင်ပေမယ့် ပြန်မထူးရက်ခဲ့တာကို သမီးတို့နားလည်စေချင်တယ်ကွယ်။ ။

## မျိုးဆက်သစ်ရင်ပြင် လူငယ်စာပေလက်ရာရှင်များသို့ ပန်ကြားချက်

ကြေးမုံသတင်းစာတွင် မျိုးဆက်သစ်လူငယ်များအတွက် "မျိုးဆက်သစ်ရင်ပြင်" အထူးထုတ်စာမျက်နှာကို တနင်္ဂနွေနေ့တိုင်း ဖော်ပြပေးလျက်ရှိပါသည်။ မျိုးဆက်သစ်လူငယ်လူရွယ်များအနေဖြင့် ဆောင်းပါး၊ ဝတ္ထုတို၊ ကဗျာ၊ ကာတွန်း၊ အတွေးအမြင်၊ ဟာသ၊ သရော်စာစသည်ဖြင့် ရေးသားပေးပို့နိုင်ပါသည်။ ထိုသို့ရေးသားပေးပို့ရာတွင် စာမူများကို ခေတ်သစ်ရေးဟန်ဖြင့်ရေးသားနိုင်သော်လည်း ရေးသားသူ၏ ရည်ရွယ်ချက်၊ စေတနာ၊ တင်ပြပုံ၊ အကြောင်းအရာတို့ကို စကားပြေဖြင့်ဖြစ်စေ၊ စကားပြောဖြင့်ဖြစ်စေ (စကားပြေနှင့် စကားပြော မရောစေဘဲ) လိုရင်းတိုရှင်းရေးသားပေးပို့နိုင်ပါသည်။ လူငယ်လူရွယ်များ စိတ်ဝင်တစားရေးသားပေးပို့ကြသည့်အတွက် ကြေးမုံကကျေးဇူးအထူးတင်ရှိပါသည်။

ပေးပို့သောစာမူများမှာ များပြားသဖြင့် အဆိုပါလေးချက်နှင့်ကိုက်ညီပြီး ဆီလျော်အောင်ရေးသားသောစာမူများကို ဖော်ပြပေးသွားမည်ဖြစ်ပြီး ပေးပို့သော စာမူအားလုံးအတွက် အကြောင်းပြန်ကြားမပေးနိုင်သေးခြင်း၊ မဖော်ပြပေးနိုင်သေးခြင်းတို့ကို နားလည်ခွင့်လွှတ်စေချင်ပါသည်။

စာမူပေးပို့ရာတွင် အမည်၊ ကလောင်အမည်၊ မှတ်ပုံတင်နံပါတ်၊ အသက်၊ နေရပ်လိပ်စာအပြည့်အစုံ၊ ပညာအရည်အချင်း၊ ဖုန်းနံပါတ်၊ ကျောင်း၊ မိမိ၏ နှစ်သက်ရာဓာတ်ပုံတစ်ပုံ၊ စာမူကို ကိုယ်တိုင်ရေးသားကြောင်းနှင့် အခြားသော သတင်းစာတိုက်၊ မဂ္ဂဇင်းတိုက်များသို့ ပေးပို့ထားခြင်းမရှိကြောင်း ဝန်ခံကတိပြု ဖော်ပြပါရှိရမည်ဖြစ်သည်။

**အထူးပန်ကြားလိုသည်မှာ စာမူများကို**

**mirrormyosathit@gmail.com**

**သို့သာ ပေးပို့ရမည်ဖြစ်ပါသည်။** ဖော်ပြပါရှိသည့် စာမူခများကို အမှတ် (၇၇)၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ရန်ကုန်မြို့၊ ကြေးမုံသတင်းစာတိုက်တွင် ထုတ်ယူနိုင်ပါသည်။ **(စာတည်းအဖွဲ့)**

ဆောင်းပါး

မောင်ရဲရင့်ထိုက်

# ၅၀ ၅၀၊ ၉၀ ၁၀ နှင့် ပုလဲဆိပ်ကမ်းရဲ့ မမှောင်ည

**၅၀ ၅၀**

သချ်ာသဘောတရားတစ်ခုကို ဘ၀ရဲ့ဖြတ်သန်းမှု ထဲ ထည့်သွင်း အချိုးချကြည့်ခြင်းဖြစ်ပါတယ်။ သီအိုရီတစ်ခု ဟာ အမြဲတမ်းမှန်တယ်ဆိုတာဖြစ်နိုင်ပါ့မလား။ ဒီမေးခွန်း ဟာ တကယ်ပဲစိတ်၀င်စားဖို့ကောင်းပါတယ်။ အကြွေစေ့ တစ်စေ့ကို ခေါင်းပန်းအကြိမ် ၁၀၀ လှန်တဲ့အခါမှာ "ခေါင်းအခါ ၈၀၊ ပန်းအခါ ၂၀၊ ပန်း အခါ ၉၀၊ ခေါင်း ၁၀ ခါပဲ"ကျတဲ့အခါ ၅၀ ၅၀ အချိုးဟာလုံးလုံးကို လွဲနေ ပါတယ်။ ဒါဆိုရင်ရှင်းပါတယ်။ လုံး၀မှားနေတဲ့ သီအိုရီ တစ်ခုပါ။ ဒါဟာ ဘ၀ထဲဘယ်လိုအချိုးချပြီး ဘယ်လိုအသုံး ကျမှာလဲ။ တစ်ဖက်စောင်းနင်းနိုင်မှု၊ မညီမျှမှုများနေတဲ့ အယူအဆတစ်ခုဟာ ဘယ်လိုများ အကျိုးပြုမှာလဲ။ ဒီမှာပဲ အဓိကအချက်က စပါတယ်။ စာရေးသူတို့ လူအများစု ဟာ(စာရေးသူအပါအ၀င်) ကိစ္စတော်တော်များကို အလွယ် တကူပဲ အလျှော့ပေး အရှုံးပေးတတ်ကြပါတယ်။ အပျက်ပဲ မြင်ပြီး အရှည်ကိုမကြည့်တတ်ခြင်း၊ စိတ်ဓာတ်အင်အား မကောင်းမွန်ခြင်းတို့ကြောင့် ဖြစ်ပါတယ်။ စာရေးသူတို့ဟာ အကြွေစေ့ကို အကြိမ် ၁၀၀ ထက်မက ပိုမြှောက်မကြည့် ခဲ့မိကြတော့ ပြောခဲ့တဲ့စကားကသာမှားခဲ့၊ နောင်တရစရာ ဖြစ်ခဲ့တာပါ။ အကယ်၍ ဒီနေရာမှာ အကြိမ် ၁၀၀၀ သာ မြှောက်ခဲ့ရင် "ခေါင်းအခါ ၄၅၀ ပန်းအခါ ၅၅၀၊ ပန်း အခါ ၄၈၀ ခေါင်းအခါ ၅၂၀" မကျဘူး ဘယ်သူပြောမလဲ။ သေချာတာကတော့ တစ်ဖက်စောင်းနင်းဆန်မှု၊ မညီမျှမှု ဟာ ကွာခြားချက်လျော့နည်းသွားမှာ အသေအချာပါပဲ။ ဒါဟာ ၅၀ ၅၀ သီအိုရီရဲ့ အနှစ်သာရပါ။

"ဒီအနှစ်သာရကို တွေ့ရှိဖို့ အကျိုးခံစားဖို့ကတော့ ကောင်းမွန်တဲ့ သင့်ရဲ့အားထုတ်မှုတစ်ခုလိုအပ်ပါတယ်။ မလျှော့သောဇွဲ ယုံကြည်ချက်ကို ဘယ်တော့မှ မစွန့်လွှတ် ခြင်းဆိုတဲ့ တစ်ချောင်းတည်းသောစိတ်။ ဒီအကြောင်းတရား တွေသာ သင့်မှာရှိခဲ့မယ်ဆိုရင် သင်ဟာ ၅၀ ၅၀ ရဲ့ အနှစ် သာရကို မလွဲမသွေတွေ့ရှိခံစားရပါလိမ့်မယ်"။

**၉၀ ၁၀**

ဒါကတော့ စိတ်အခြေပြု သဘောတရားတစ်ခုကို နားလည်သဘောပေါက်လွယ်အောင် ကိန်းဂဏန်းတစ်ခု အောက် ရှင်းပြတာဖြစ်ပါတယ်။ အွန်လိုင်းမှာ ဖတ်ခဲ့ရခြင်း ကို ပြန်လည်၀ေမျှခြင်းလည်း ဖြစ်ပါတယ်။ ၉၀ ၁၀ ကို မူရင်းရေးသူရဲ့ ဥပမာအတိုင်းရှင်းပြပါ့မယ်။ မိသားစုတစ်စု ရဲ့ မနက်စာစားပွဲမှာ မနက်စာစားနေရင်း သမီးလေး သောက်နေတဲ့ ကော်ဖီမှောက်ကျသွားခဲ့တယ်။ ဒီတော့ အဖေလုပ်သူကဆူတယ်။ ကလေးက ငိုပါတော့တယ်။ ကလေးကို အဖေလုပ်သူပြန်ချော့ရပါတယ်။ ဒီမှာတင်ပဲ ကျောင်းဖယ်ရီနောက်ကျပါတော့တယ်။ အဖေလုပ်သူက သမီးလေးကို ကျောင်းကိုလိုက်ပို့ပြီးမှရုံးကို ခရီးဆက်ရပါ တယ်။ ရုံးရောက်တော့မှ သတိထားမိတာက လက်ဆွဲအိတ် အိမ်မှာ မေ့ကျန်နေခဲ့ခြင်းပါ။ ဒီကြားထဲရုံးနောက်ကျမှာ စိုးပြီး မီး၀ါဖြတ်မောင်းမိလို့ ရဲဖမ်းခံရပါသေးတယ်။

ဒီလိုနဲ့ပဲ တစ်နေ့တာလုံးအဆင်မပြေမှု စိတ်ညစ်စရာ နဲ့သာ အချိန်တွေကုန်ဆုံးခဲ့ပါတယ်။ ဒီနေရာမှာ စပြီးရှင်းပြ ပါ့မယ်။ ၁၀ ရာခိုင်နှုန်းသော ကော်ဖီမှောက်ကျမှုကို ၉၀ ရာခိုင်နှုန်းသော ကျွန်တော်တို့ရဲ့ တုံ့ပြန်မှုကြောင့် အဆင် မပြေမှုတွေဟာ တစ်နေ့တာလုံး လုံးချာလိုက်နေစေတော့ တာပါ။ ဖြစ်လာတဲ့ကိစ္စဟာ ၁၀ ပါ။ တုံ့ပြန်တဲ့ အပြုအမူရဲ့ ရိုက်ခတ်မှုဟာ ၉၀ ပါ။ ဒီနေရာမှာ တုံ့ပြန်မှုအစား ကိုင် တွယ်ဖြေရှင်းနိုင်မှုလို့သုံးနှုန်းရင် ပိုအဆင်ပြေပါလိမ့်မယ်။ အရမ်းလည်း အရေးကြီးပါတယ်။ ဥပမာအနေနဲ့ ရေနွေးပူပူ တစ်ခွက်ကို ကြာကြာလက်ထဲရှိဖို့ သင်ဘယ်လိုကိုင်တွယ် မလဲဆိုတဲ့အပေါ်မှာ မူတည်ပါတယ်။

ဒီရေနွေးပူကို သင်ဘယ်လိုဖြေရှင်းမလဲ။ မကိုင်တတ်ရင် အပူလောင်တတ်ပါတယ်။ ဒါပေမယ့် သင်သာကိုင်တွယ် တတ်ရင် လက်ရှိမှာ ကော်ဖီဖျော်သောက်မလား လက်ဖက် ခြောက်ခတ်ပြီး ရေနွေးကြမ်းလေးသောက်မလားဆိုတာ ကလည်း ဖြေရှင်းမှုရဲ့ အစိတ်အပိုင်း ကိုင်တွယ်ဖြေရှင်းမှုရဲ့ အနှစ်သာရ ဖြစ်မယ်ထင်ပါတယ်။

"ဖြစ်လာတဲ့ ကိစ္စတွေဟာ ၁၀ သာဖြစ်ပြီး သင့်ရဲ့ ကိုင်တွယ်ဖြေရှင်းမှု(တုံ့ပြန်မှု) ဟာ ၉၀ ရာခိုင်နှုန်းဖြစ်တယ် ဆိုတာ ဘယ်တော့မှ မမေ့ပါနဲ့"။

**ပုလဲဆိပ်ကမ်း**

အမေရိကန်ရေတပ် အခြေစိုက်ရာကို ဂျပန်တိုက် လေယာဉ်တွေ ဗုံးကြဲချပြီး ရာဇ၀င်မှာစာတင်ခဲ့တဲ့ အနိဌာရုံ တစ်ခုထဲကနေ ဖြေရှင်းသွားခဲ့တဲ့ အကြောင်းအရာလေးကို ပြောပြပါ့မယ်။ လူပေါင်း ၃၈၀၀ သေဆုံးခဲ့ပြီး သင်္ဘောကြီး ခြောက်စင်း၊ လေယာဉ်အစင်း ၄၅၀ ကျော်ပျက်စီးဆုံးရှုံးခြင်းနဲ့ အတူ အမေရိကန်တို့ သွေးလန့်ခဲ့ပြီး ဘုရားသခင်တောင် သူတို့ဘက်မှာ မရှိတော့ဘူးရယ်လို့ စိတ်ဓာတ်အကြီးအကျယ် ကျနေချိန်ဖြစ်ပါတယ်။ အဲဒီအချိန် သမ္မတ ရုစဗဲ့ကနေပြီး ချက်စတာနီမစ်(ဇ်)ကို ပစ္စဖိတ်ရေတပ်သင်္ဘောရဲ့ အုပ်ချုပ် သူရာထူးကို ခန့်အပ်လိုက်ပါတယ်။ ဒီနေရာမှာ စိတ်ဓာတ် အကျကြီးကျနေတဲ့ရေတပ်ဟာ ဘယ်ကနေစပြီး ပြန်လည် နိုးထခဲ့သလဲဆိုရင် ကံကောင်းခြင်းသုံးချက်ဆိုတဲ့ ချက်စတာ နီမစ်(ဇ်)ရဲ့ မိန့်ခွန်းခေါ်မလား၊ ခရစ္စမတ်ညရဲ့ အကောင်း ဆုံးစိတ်ဓာတ်မြှင့်တင်ရေး ဟောပြောမှုခေါ်ရမလား အဲဒီ ဟောပြောမှုကနေစခဲ့ပါတယ်။ ဟောပြောမှုရဲ့ အဖွင့်မှာ ဂျပန်တွေဟာ တိုက်ခိုက်မှုမှာ အမှားသုံးခု ကျူးလွန်ခဲ့ ကြောင်း၊ အဲဒီအမှားသုံးခုကြောင့်သာ မဟုတ်ရင် ပစ္စဖိတ် ရေတပ်ဟာ ဒီနေရာမှာ ရပ်နေနိုင်မှာတောင်မဟုတ်နိုင် ကြောင်း စဖွင့်ပြီးအမှားသုံးခုကို ထောက်ပြခဲ့ပါတယ်။ ပထမ အချက်က တနင်္ဂနွေမှာတိုက်ခဲ့ခြင်းပါ။ တနင်္ဂနွေမှာ ခွင့်ရပြီး အားလပ်ရက်ပြန်ကြတဲ့ စစ်သားဟာ ၁၀ ယောက် မှာ ကိုးယောက်နီးပါးရှိတဲ့အတွက် ကျန်တဲ့နေ့မှာသာတိုက်ခဲ့ ရင်သေဆုံးမှုဟာ တွက်ကြည့်ရင်မတွေးရဲစရာပါ။ ဒါဟာပထမ အမှားပါ။ ဒုတိယအမှားက ဂျပန်တွေဟာ သင်္ဘောတွေကို သာဗုံးကြဲပြီး သင်္ဘောကျင်းကို ဗုံးမကြဲမိခဲ့ခြင်းပါ။ နောက်ဆုံး အမှားကတော့ အဓိကသွေးကြောကို မဖြတ်မိခဲ့ခြင်းပါ။ သင်္ဘောကျင်းနဲ့ ငါးမိုင်အကွာက လောင်စာဆီကန်ကို ဗုံးမကြဲခဲ့ခြင်းဟာ အဆိုးဆုံးအမှားပါ။

လုံး၀ စိတ်ဓာတ်အကျကြီး ကျနေချိန်မှာ ဆိုးရွားစွာ ဆုံးရှုံးမှု ကျဆုံးမှုထဲကနေ အကောင်းဆုံးကိုရွေးထုတ်ပြီး အကောင်းဆုံးပြင်ဆင် ပြန်လည်ထူထောင်တိုက်ခိုက်ခဲ့ခြင်း ပါ။

"အကောင်းမြင်စိတ်ဓာတ်နဲ့ အကောင်းဆုံး လုပ် ဆောင်ခဲ့မှုဟာ ဘ၀ထဲမှာ လဲကျချိန်မှာ ပြန်လည်နိုးထဖို့ အရေးကြီးဆုံး အဓိကအကြောင်းအရာတစ်ခုပါ။ သင်ဟာ လဲကျချိန်မှာ လဲကျခြင်းရဲ့ အမှားသုံးခုလောက်ရှာနိုင်ရင် ပြန်လည်နိုးထဖို့၊ ပြန်လည်ရှင်သန်ဖို့ ကံကောင်းသော အကြောင်းတရားသုံးခုကို ရှာနိုင်ခြင်းပါ။ မှီတွယ်ပြီး ပြန်ထ နိုင်ဖို့ ကြိုးသုံးကြိုးကိုရှာနိုင်ရင် သင်ဟာဘယ်တော့မှ ရပ်တန့်ရတဲ့လူ မဖြစ်နိုင်တော့ပါဘူး"။

**မမှောင်ည**

တောင်၀င်ရိုးစွန်းမှာ မမှောင်ည(Midnight sun)ကို ရောက်ချိန်ဆိုရင် အမှောင်လုံး၀မရှိတော့ပါဘူးတဲ့။ ဒီလို အချိန်မျိုးမှာ လူတွေဟာ နေ့ညမကွဲပြားတော့ဘဲ လူရဲ့ ဇီ၀ကမ္မဖြစ်စဉ်ကို လုံး၀ရှုပ်ထွေးသွားပြီး မူးမေ့လဲခြင်း၊ နွမ်း နယ်ပင်ပန်းခြင်းတွေကို ဖြစ်စေပါတယ်တဲ့။ အလင်းရောင် ကိုရရှိနေချိန် အဲဒီလိုအချိန်မျိုးမှာ အမှောင်ညတွေကို အတောင့်တဆုံးပါတဲ့။ ဒါကြောင့် ချမ်းသာခြင်းမှာလည်း ဆင်းရဲဒုက္ခဆိုတာရှိစမြဲပါ။ ဆိုးလှတဲ့ အကျိုးတရားတွေ မှာလည်း သူရဲ့ အာနိသင်(ဆေးဖက်၀င်မှု)ဆိုတာရှိပါတယ်။ မြစ်ဆိုတာ ကွေ့ကောက်မှလှတယ်ဆိုတဲ့ စကားကြားဖူး ကြမှာပါ။ ဒီလိုပဲ ဘ၀ဆိုတာ အနိမ့်အမြင့် အဆိုးအကောင်း ဒွန်တွဲနေမှ တည်ငြိမ်ရင့်ကျက်ကာ အနှစ်သာရပြည့်၀ပြီး လှပသမယ်ထင်ပါတယ်။ ငတ်ဖူးမှ ထမင်းတစ်လုတ်တန်ဖိုး ကို သိပါလိမ့်မယ်။ မမှောင်ညတွေကို မကြုံဖူးကြပေမယ့် စာရေးသူအပါအ၀င် လူအများစုဟာ အမှောင်ညတွေကို ကြုံခဲ့ပြီးပါပြီ။

"ဒုက္ခရဲ့သင်ခန်းစာကို ယူတတ်တဲ့တစ်နေ့မှာ သင်ဟာ အမှောင်ညရဲ့ တန်ဖိုးကို သိတတ်လာပါလိမ့်မယ်"။

ဒါကြောင့် . . .

"အမှောင်ညတွေနဲ့ကြုံလာချိန်မှာ မမှောင်တဲ့ ညတွေ မှာလည်း ဒုက္ခတွေ၊ ပူလောင်မှုတွေနဲ့ပါလား။ ဒီအမှောင်ည တွေကို တန်ဖိုးရှိအောင် သင်ခန်းစာတွေယူပြီး အကောင်း မြင်သောစိတ် ကံကောင်းသော အကြောင်းတရားသုံးခု (ကြိုးသုံးချောင်း)ကိုရှာနိုင်ခဲ့ရင် ဖြစ်လာတဲ့ ၁၀ သော ကိစ္စ ဟာ ၉၀ သော သင့်ရဲ့ ကိုင်တွယ်ဖြေရှင်းနိုင်မှုအောက် ၅၀ ၅၀ အချိုးအတိုင်းလုပ်ဆောင်ခဲ့ရင် ကောင်းမွန်သော၊ အနှစ်သာရပြည့်၀သော၊ စစ်မှန်သော၊ ပျော်ရွှင်အေးချမ်း သော အောင်မြင်မှုကို ရရှိကြမှာ ဖြစ်ပါတယ်"။

**အားလုံးပဲ ပျော်ရွှင်အေးချမ်းကြပါစေ။** ။

**ကျမ်းကိုး**

- ဆရာမ နိုင်းနိုင်းစနေ-မျောလွင့်သွားတဲ့ ရိုးသား ဖြောင့်မတ်ခြင်းနှင့် အရှုံးကို၀န်ခံတဲ့အရည်အချင်း
- ဆရာလင်းသိုက်ညွန့်(မြန်မာ့မြေ) စာပေဟော ပြောပွဲ အသံဖိုင်
- ဒေါက်တာဖြိုးသီဟ၏ online page

## အိမ်ပြန်ချိန်

မိုးတွေရွာ
ချောင်းရေပြည့်ပါလို့
ချောင်းကူးဖို့ခက်တယ်ခင်။
အိမ်အ၀င်
ချိန်ခါနှောင်းတာကြောင့်
ဗျာပါပွေသောကစိတ်
စိုးထိတ်နဲ့ခင်။
လယ်တောကအပြန်တွင်
ခင်မှာတဲ့ ကြာတစ်စည်း
မောင်ကြီးကွယ် ပါအောင်ချိုးနေလို့
မိုးချုပ်ခရီး။

**နှောင်ရိုး(ကန့်ဘလူ)**

## အဆိပ်လွှင်ပြင်

အခိုးငွေ့ရယ်တဲ့ တလူလူ
မှူးယစ်ရီ၀ေ ချိုမြမြ
သူ့ဂုဏ်သတ္တိဗျ
သောက်လိုက်ရင်ချို
မြိုလိုက်တော့ခါး
မူးယစ်စေတဲ့ ဓာတ်သတ္တိ
သူ့မှာ အပြည့်ရှိ
စွဲမိရင်နော် ရာသက်ပန်
အဆိပ်လွင်ပြင်တွင်း သက်ကာဆင်း
မူးယစ်နွံတွင်း နစ်မှာအမှန်
ဒါ့ကြောင့်သာပဲ အစဉ်အမြဲ
ရှောင်ကာလေ သွေကာဖည်
ဒီမူးယစ်ကိုကွယ်
ထိုမှသာ လှလှပ
ဘ၀များကိုရမည်ပ။

**ထက်နဒီလင်း**

လွှာမြူခြယ်

# လုပ်ငန်းခွင်ထဲကလူ

အောင်မြင်တဲ့လုပ်ငန်းတစ်ခုမှာ ကျွမ်းကျင် ၀န်ထမ်းတွေကို စုဆောင်းတန်ဖိုးထားခြင်း၊ ပူးပေါင်းဆောင်ရွက်မှုကောင်းခြင်းဆိုတဲ့ အချက် တွေက အဓိကအခန်းကဏ္ဍက ပါ၀င်ပါတယ်။ ပူးပေါင်းတယ်ဆိုတာ အပြန်အလှန် ကူညီ ဆောင်ရွက်ပေးခြင်းပါ။ သူလိုတဲ့အချိန်ကိုယ် ကူပေးသလို ကိုယ်လိုတဲ့အချိန်မှာ သူက ပြန်ကူ ညီတာမျိုးပါ။ ကိုယ်ကချည်း လိုက်လုပ်ပေး နေရတာမျိုးကျတော့ ပူးပေါင်းဆောင်ရွက်တာ မဟုတ်တော့ဘဲ မူလတာ၀န်ထက် ပိုလုပ်ပေး ရတာမျိုးဖြစ်နေပါတယ်။ ဘယ်သူမဆို မသိဘူး မတတ်ဘူးပြောလိုက်တာနဲ့ မလုပ်ဘဲနေလို့ရရင် သိအောင်တတ်အောင်ဘယ်သူမှ ကြိုးစားမှာ မဟုတ်ပါဘူး။ သိနေတတ်နေလည်း မသိချင် ဟန်ဆောင် မတတ်ချင်ဟန်ဆောင်နေကြမှာပါပဲ။

ဒီလိုလုပ်ချင်ကိုင်ချင်စိတ်မရှိ၊ နေသာ သလိုနေကြသူတွေကိုပစ်ထားတာက လုပ်ငန်း ဆုံးရှုံးမှုအတွက် အဓိကအန္တရာယ်ပါပဲ။ ဒီလို လူတွေကို လုပ်ချင်လာအောင်၊ ပူးပေါင်းဆောင် ရွက်တတ်လာအောင် လေ့ကျင့်ပေးဖို့လိုပါ တယ်။

လုပ်ဖော်ကိုင်ဖက် အချင်းချင်း အပြန် အလှန်သင်ယူစေပြီး လုပ်တတ်လာအောင်ခိုင်း တတ်ဖို့လိုပါတယ်။ ခိုင်းလို့ရတဲ့လူပဲ ခိုင်းနေရင်၊ ကျွမ်းကျင်တဲ့လူကိုပဲ ခိုင်းနေမယ်ဆိုရင် အလုပ်မလုပ်ချင်တဲ့လူတွေကို ဘာလို့ငွေကုန် ခံပြီး အလုပ်ခန့်မလဲ။ တချို့တာ၀န်ခံများက ကိုယ်နာမည်ကောင်းရဖို့ အလုပ်မြန်မြန်ပြီး ဖို့သာ ဂရုစိုက်တဲ့အတွက် ခိုင်းလို့ရတဲ့လူကိုသာ အသုံးချချင်ကြပါတယ်။ သူနာမည်ကောင်းရဖို့ သာဂရုစိုက်ပြီး ကိုယ်ခိုင်းနေတဲ့လူရဲ့ မူလ လုပ်ငန်းတာ၀န်တွေကဘာတွေရှိမလဲ၊ သူ့ကို ဘာတွေလုပ်ပေးမလဲမစဉ်းစားဘဲ ဘယ်သူ့ အလုပ်မဆို သူ့ကိုသာ ပြီးပြီးရောခိုင်းလိုက်တာ မျိုးလုပ်တတ်ပါတယ်။

ဒါကြောင့်မို့ မူလတာ၀န်ရှိတဲ့လူက ဒီလို လုပ်ပေးလိုက်ရတဲ့ ၀န်ထမ်းအပေါ် မကျေမနပ် ဖြစ်လာမယ်။ သူ့မှာလည်းလုပ်စရာအလုပ် မရှိ တဲ့အတွက် မကျေမနပ်ဖြစ်ရာကနေ အတင်း ပြောမယ်၊ အချင်းချင်း တိုက်ခိုက်ကြမယ်ဆိုရင် မလိုလားအပ်တဲ့ လုပ်ငန်းခွင်ပြဿနာတွေဖြစ် လာနိုင်ပါတယ်။ ဒီလို လတ်တလောအဆင် ပြေမှုကိုပဲကြည့်ပြီး တာ၀န်ခွဲ၀ေမှု၊ စီမံခန့်ခွဲမှုညံ့ ပြီး ကိုယ့်ရဲ့ဆုံးဖြတ်ချက်ကြောင့် ဘာတွေ ထိခိုက်နိုင်လဲမသိတဲ့တာ၀န်ခံတွေကို သတိ ထားဖို့လိုပါတယ်။ ဒီလိုတာ၀န်ခံတွေကြောင့် ကျွမ်းကျင်၀န်ထမ်းတွေ၊ အတွေ့အကြုံရှိပြီး လုပ်တတ်ကိုင်တတ် လုပ်ချင်ကိုင်ချင်တဲ့ ၀န်ထမ်းကောင်းတွေက အလုပ်မနိုင်တာတွေ၊ စိတ်ဖိစီးမှုတွေခံစားရပြီး အလုပ်ထွက်တာမျိုး တွေ၊ ဒါမှမဟုတ် အလုပ်ပျက်တာတွေ၊ လုပ်ချင် ကိုင်ချင်စိတ်မရှိတော့တာတွေဖြစ်လာတတ်ပါ တယ်။ ဒါကြောင့် လုပ်ငန်းရှင် ကိုယ်တိုင်က လည်း တာ၀န်ခံတွေရဲ့ တင်ပြချက်ကိုပဲ ယုံကြည်ပြီး ကိုယ့်လုပ်ငန်းခွင်ကို ပစ်မထားသင့် ပါဘူး။

ကိုယ်ကိုယ်တိုင် ကိုယ့်၀န်ထမ်းတွေနဲ့ ထိတွေ့ဆက်ဆံပြီးမျှတမှု၊ ပူးပေါင်းဆောင်ရွက် မှု၊ လုပ်ချင်ကိုင်ချင်စိတ်တွေ ရှိလာအောင် ထိန်းကျောင်းပေးဖို့လိုပါတယ်။ လုပ်ငန်းရှင် သူဌေးကိုယ်တိုင် ပါ၀င်တယ်ဆိုတဲ့အသိက ကိုယ့်၀န်ထမ်းတွေရဲ့ လုပ်ချင်ကိုင်ချင်စိတ်ကို နှိုးဆွပေးသလိုဖြစ်လို့ လုပ်ငန်းအောင်မြင်မှုကို များစွာအထောက်အကူ ဖြစ်စေပါတယ်။ သိအောင်တတ်အောင် မလုပ်ဘဲ နေလို့ရလို့ နေသာသလိုနေကြမယ်ဆိုတဲ့ လူတွေကရော ကိုယ့်ရဲ့သူဌေး ကိုယ့်ရဲ့အလုပ်ရှင်က မလိုအပ် တဲ့လူတွေ လျှော့ပစ်မယ်ဆိုရင် ကိုယ့်အတွက် အဆင်ပြေနိုင်မလား။ အခွင့်အရေးက မကြာ ခဏရောက်လာတတ်ပါတယ်။ အခွင့်အရေး ရဖို့ အဆင်သင့်ဖြစ်/မဖြစ်ဆိုတာ ကိုယ်ဘယ် လောက် တော်နေတတ်နေလဲဆိုတဲ့အပေါ်မှ တည်တာမဟုတ်ပါဘူး။

ကိုယ့်ရဲ့လိုချင်မှုအပေါ်ပဲ မူတည်တာပါ။ လုပ်ချင်ကိုင်ချင်စိတ်မရှိတဲ့လူက ဘယ်လောက် တော်တော် ဘယ်လောက်တတ်တတ် လုပ်ငန်း ခွင်အတွက်တော့ လူပိုတွေပါပဲ။

လုပ်ချင်ကိုင်ချင်စိတ်ရှိတဲ့လူက မလုပ် တတ်မကိုင်တတ်လည်း သင်ပေးသည်ဖြစ်စေ မသင်ပေးသည်ဖြစ်စေ သူ့အလိုလိုကြိုးစား ယူတတ်ကြပါတယ်။ ကိုယ့်ရဲ့လုပ်ငန်းခွင်မှာ ကိုယ်ကဘယ်လိုလူမျိုးလဲ။

လူပိုတွေအဖြစ်ခံကြမှာလား၊ ကိုယ့်ရပ် တည်မှုခိုင်မာအောင် လုပ်ငန်းခွင်က လိုအပ်တဲ့ လူဖြစ်အောင်နေမှာလားဆိုတာ ကိုယ့်ခံယူ ချက်အပေါ်မှာပဲ မူတည်ပါကြောင်း ရေးသား လိုက်ရပါတယ်။ ။

ဝတ္ထုတို

# ဥယျာဉ်မှူးတစ်ယောက်၊ ပန်းတစ်ပွင့်နှင့် လိမ္မော်သီးတစ်လုံး

■ ဆွေး(မြိတ်)



( ၁ )

စနေ၊ တနင်္ဂနွေ မြို့ကိုပြန်သည့်အခါ ကျောင်းအတွက် မင်ရည်ဘူးများဝယ်ခဲ့ပေးပါဟုဆိုကာ ကျောင်းအုပ်ကြီးက ပိုက်ဆံတစ်သောင်းတန်သုံးရွက်ကို ကျွန်တော့်အားပေးလိုက်၏။ ဆရာကြီးပေးလိုက်သော ပိုက်ဆံများကိုယူ၍ စာသင်ခန်းထဲသို့ ကျွန်တော်ဝင်လာလိုက်သည်။ ထို့နောက် ပိုက်ဆံများကို စားပွဲပေါ်ရှိ ပိုက်ဆံအိတ်ပေါ်တင်ထားလိုက်ပြီး ကလေးများကို သချာင်္ပုစ္ဆာများ ရှင်းပြလိုက်၏။ ထို့နောက် ကလေးများကို ကျွန်တော်ရှင်းပြထားသည့်ပုစ္ဆာများနှင့် ပုံစံခြင်းတူသည့် စာအုပ်ထဲမှ ပုစ္ဆာနှစ်ပုဒ်ကို တွက်ရန်ပြောလိုက်၏။ ပြောနေရင်းကပင် ကျွန်တော့်ဗိုက်ထဲမှ မအီမသာဖြစ်လာ၏။ မနေ့ညက ရွာထဲမှ တက္ကသိုလ်ဝင်တန်းအောင်သည့်ကလေးများ လာကျွေးကြသည်များကိုစားရင်း ကျွန်တော် အစားစုံစားထားမိသည်။ ကလေးများ ပုစ္ဆာတွက်နေသည်ကို လိုက်ကြည့်နေရင်းကပင် ဗိုက်ကထိုး၍အောင့်လာနေ၏။

"ကိုယ့်ဘာသာကိုယ် ရအောင်တွက်ကြနော်။ မှားလည်း ဘာမှမဖြစ်ဘူး။ မှားတာတွေကို ဆရာပြန်သင်ပြမယ်။ နှစ်ပုဒ်စလုံး တွက်ပြီးတဲ့ သူတွေက စားပွဲပေါ်မှာ စာအုပ်ထပ်ထားလိုက်"

ကလေးများကို ပြောပြီးသည်နှင့် အိမ်သာဘက်သို့ ကျွန်တော်ထွက်လာလိုက်သည်။

( ၂ )

ကျွန်တော်ပြန်လာသည်နှင့် ကလေးများသည် စားပွဲအနီးတွင်တိုးဝှေ့၍ စာအုပ်ထပ်နေကြသည်။

"ဟာ. . . စားပွဲက မင်းတို့အခန်းထဲမှာပဲ ရှိနေတာလေ။ ဘာလို့ စာအုပ်ကို တိုးဝှေ့ပြီး ထပ်နေရတာလဲ။ တစ်ယောက်ပြီးမှ တစ်ယောက်ထပ်ပေါ့"

ကျွန်တော့်အသံ ကြားသည်နှင့် တစ်ယောက် စာအုပ်များကို တစ်ယောက်ပြီးမှ တစ်ယောက် ထပ်ခဲ့ကြပြီး နေရာသို့ပြန်ဝင်သွားကြ၏။

နံရံပေါ်ရှိ တိုင်ကပ်နာရီဆီ ကျွန်တော့်မျက်လုံးများရောက်သွားမှသာ ကလေးများ အဘယ်ကြောင့် စာအုပ်ကို အလုအယက် တိုးဝှေ့ပုံနေကြသည်ကို သဘောပေါက်သည်။ နေ့လယ်ကျောင်းဆင်းချိန်ရောက်ရန် မိနစ်အနည်းငယ်သာ ကျန်ပေတော့သည်။

"ဆရာ ဒီအဆင့်မှာ ကျွန်တော်တွက်မရဖြစ်နေတယ်ဗျ။ နည်းနည်းရှင်းပေးပါ ဆရာ"

"ဘယ်အဆင့်လဲ။ ယူလာခဲ့လေ။ ဆရာရှင်းပြပေးမယ်"

"ဒေါင်. . . ဒေါင်. . . ဒေါင်. . . "

မောင်စိုင်းမြင့်မိုရ်က ထိုင်ရမှထမည်သာ ပြုဟန်ရှိသေး၏၊ ကျောင်းဆင်းခေါင်းလောင်း ထိုးလေတော့သည်။ မောင်စိုင်းမြင့်မိုရ်ခမျာမှာ ထိုင်ရမလိုလို၊ ထရမလိုလိုနှင့် ကျွန်တော့်ကို ရယ်၍ကြည့်နေ၏။

"တွက်မရဖြစ်နေတဲ့သူတွေကို ကျောင်းပြန်တက်ရင် ဆရာပြန်ရှင်းပြပေးမယ်။ ကျောင်းတက်တက်ချင်း စာရိတ္တအချိန်မဟုတ်လား။ ဆယ်မိနစ်လောက် နားမလည်တာတွေ ပြန်ပြောပြမယ်။ ကဲ နှုတ်ဆက်ကြတော့"

ကလေးများအားလုံးပြန်သွားသည်နှင့် ကျွန်တော်လည်း ကျောင်းဆင်း၍ အဆောင်သို့ ပြန်လာခဲ့လိုက်သည်။ ဆရာများအဆောင်ရှေ့သို့ ရောက်သည့်အခါမှ ပိုက်ဆံအိတ်မေ့ကျန်ခဲ့သည်ကိုသိ၍ စာသင်ခန်းသို့ တစ်ခါပြန်သွားရပြန်သည်။ စာသင်ခန်းအတွင်း စားပွဲရှေ့သို့ ရောက်သည်နှင့် ကျွန်တော့်ခြေလှမ်းများက တုံ့ဆိုင်းသွားလေသည်။ ဘယ်ရောက်သွားပါလိမ့် ဟူသော အတွေးဖြင့် စားပွဲ အောက်သို့ ကျွန်တော် ငုံ့ကြည့်မိသည်။ သို့သော် မတွေ့။ ကလေးများထပ်ခဲ့သည့် စာအုပ်များအောက်တွင် ဖုံးနေသည်ဖြစ်မည်ဟု တွေးရင်း စာအုပ်များကိုမ၍ ကျွန်တော် ရှာကြည့်သည်။ သို့သော် အခြေအနေကား ထူးခြားခြင်းမရှိ။ အပြင်တွင် ဇူလိုင်မိုးများ တဖွဲဖွဲကျနေလျက်ကပင် ကျွန်တော့်နဖူးတွင် ချွေးများက စို့တက်လာ၏။ အခန်းထဲတွင်လည်း ကလေးများက တစ်ယောက်မှပင်မရှိတော့ပါ။

"ဟာ. . . ဒုက္ခပါပဲကွာ"

တစ်ယောက်တည်း အသံထွက်အောင် ညည်းတွားလိုက်ရင်း စားပွဲပေါ်မှ တစ်သောင်းတန်သုံးရွက်ကို ဆတ်ခနဲကောက်ယူကာ လက်ထဲကျစ်ကျစ်ပါအောင် ဆုပ်ထားလိုက်သည်။ တစ်သောင်းတန်သုံးရွက်ကရှိနေပါလျက်နှင့် အဘယ်ကြောင့် ကျွန်တော့်ပိုက်ဆံအိတ်က မရှိတော့ပါသနည်း။ တွေးနေလျက်ကပင် ဒေါသကထွက်လာ၏။ ပိုက်ဆံအိတ်ထဲ၌ မနေ့ကမှ လစာထုတ်ထားသည့်ပိုက်ဆံ တစ်သိန်းခွဲရှိသည်။ မနက်က ကလေးများရှေ့၌ပင် အမေ့ဆီပို့မယ့် ပိုက်ဆံခုနစ်သောင်းခွဲကို သီးသန့်ခွဲ၍ ပိုက်ဆံအိတ်၏ ဇက်ပါသောအခန်းထဲတွင် ကျွန်တော်ထည့်ထားလိုက်သည်။ မည်သူ၏လက်ချက်ဖြစ်မည်နည်းဟုတွေးရင်း အဆောင်သို့ပြန်လာလိုက်သည်။ ကျွန်တော့်လက်ထဲ၌ကား တစ်သောင်းတန်သုံးရွက်ကို ကျစ်ကျစ်ပါအောင် ဆုပ်ထားဆဲပင်။

အဆောင်အတွင်းသို့ ရောက်သည်နှင့် ပိုက်ဆံများကို စားပွဲပေါ်တင်လိုက်သည်။ ထို့နောက် ကုလားထိုင်တစ်လုံးကို ဆွဲယူကာ စိတ်ပျက်လက်ပျက်ထိုင်ချလိုက်ရင်းလေပူများကို မှုတ်ထုတ်လိုက်၏။ ထမင်းလည်း မစားချင်တော့ပါ။ ထိုကိစ္စကို မည်ကဲ့သို့ဖြေရှင်းရမည်ကိုတွေးရင်း စားပွဲပေါ်ရှိ မနေ့က ဆယ်တန်းအောင်ကလေးများ လာပေးထားသည့် လိမ္မော်သီးထုပ်ထဲမှ တစ်လုံးကို လှမ်းယူရင်း အခွံနွှာကာ စားနေလိုက်သည်။ လိမ္မော်သီး ချိုသည်၊ ချဉ်သည် ကျွန်တော်မသိ။ ဒေါသထွက်ထွက်နှင့် နောက်ထပ်တစ်လုံး ထပ်ယူကာ အခွံနွှာပြီး ဆက်စားနေလိုက်သည်။ စားနေလျက်ကပင် ကျွန်တော့်မျက်လုံးများက စားပွဲပေါ်ရှိလိမ္မော်သီးထုပ် နံဘေးတွင် အသင့်ရှိနေသည့် ACADEMIC WEEKLY Education Journal ဆီသို့ ရောက်သွားလေသည်။ ဒေါသပြေစေရန်အလို့ငှာ ထိုစာအုပ်ကိုပင်ယူ၍ ထိုင်ဖတ်နေလိုက်သည်။ အမှန်ဆိုလျှင် ထိုစာအုပ်အတွင်း၌ပါသော လွယ်ကူသည့် ပုံဆွဲနည်းလေးများကို ကလေးများအား သင်ပေးလို၍ တစ်နေ့က စာကြည့်တိုက်မှ ယူလာခြင်းဖြစ်သည်။ ယခုမူကား ကျွန်တော့် ဒေါသများကို ဖြေလျှော့ရန်အလို့ငှာ စာအုပ်ကို ဆတ်ခနဲဖွင့်၍ ရောက်သည့်နေရာမှပင် ကျွန်တော် စဖတ်နေလိုက်သည်။

ဖတ်နေရင်းကပင် ကျွန်တော့်ဒေါသများ အတော်အသင့်ဖြေလျှော့ကျလာသည်။ "ဟုတ်ပြီ ဒီအတိုင်းလုပ်မယ်"ဟု စိတ်ထဲက ရေရွတ်လိုက်သည်။ ထို့နောက် စားပွဲပေါ်ရှိ လိမ္မော်သီးထုပ်ကိုယူရင်း အနောက်ဘက်သို့ဝင်၍ ကျွန်တော်အရင် လက်တွေ့စမ်းသပ်လိုက်သည်။ စမ်းသပ်မှုက အောင်မြင်သည်နှင့် လိုအပ်သည်များကို ကျွန်တော်အသင့်ပြင်ထားလိုက်သည်။

"ဒေါင်. . . ဒေါင်. . . ဒေါင်. . . "

နေ့လယ် ကျောင်းတက်ခေါင်းလောင်း ထိုးသည်နှင့် ခွက်များ၊ ရေနှင့် လိမ္မော်သီးတစ်ထုပ်ကိုယူ၍ စာသင်ခန်းထဲသို့ ဝင်သွားလိုက်သည်။

ကလေးများက ယခင်နေ့များလိုပင် ပုံမှန်အတိုင်း နှုတ်ဆက်ကြသည်။ကျွန်တော်လည်း ယူလာသည့်ပစ္စည်းများကို စားပွဲပေါ်တင်ရင်း ကလေးများကို ပြန်နှုတ်ဆက်လိုက်သည်။ မောင်စိုင်းမြင့်မိုရ်က သချာင်္စာအုပ်ကို စားပွဲပေါ်လှမ်းတင်လိုက်သဖြင့် ကျွန်တော်က လက်ကာပြရင်း စာရိတ္တပဲသင်မည်ဟု ပြောလိုက်သဖြင့် စိုင်းမြင့်မိုရ်စာအုပ်ကို ပြန်သိမ်းလိုက်သည်။ ထို့နောက် ကလေးများကို ငါးယောက်တစ်အုပ်စုစီစု၍ အုပ်စုခြောက်စုခွဲ၍ ထိုင်စေလိုက်သည်။ အုပ်စုတိုင်းကို ရေအနည်းငယ်၊ ခွက်တစ်လုံးကျစီနှင့် လိမ္မော်သီးတစ်လုံးစီ ဝေပေးလိုက်သည်။ ထို့နောက် ကျွန်တော်လည်း လုပ်စရာရှိသည်များကို ပြင်ဆင်လိုက်သည်။ ပထမဆုံး စားပွဲပေါ်သို့ ခွက်အလွတ်တစ်ခုကို တင်လိုက်သည်။ ထို့နောက် ခွက်ထဲသို့ ရေဖြည့်ထည့်လိုက်သည်။ ကလေးများကိုလည်း ကျွန်တော်လုပ်သကဲ့သို့ပင် လိုက်လုပ်ထားစေသည်။ လက်တွေ့လုပ်နေရသည်မို့ ကလေးများ ပျော်နေကြဟန်ရှိသည်။ ကျွန်တော်ရှေ့က လုပ်ပြနေသကဲ့သို့ပင် အုပ်စုလိုက်လုပ်နေကြသည်။

လိမ္မော်သီးထုပ်ထဲမှ လိမ္မော်သီးတစ်လုံးကို ကျွန်တော်ယူထုတ်လိုက်သည်။

"ကဲ လိမ္မော်သီးကို ကြည့်ထား"

ပြောပြောဆိုဆိုနှင့် လက်ထဲမှ လိမ္မော်သီးကို ရေထည့်ထားသောခွက်ထဲသို့ ကျွန်တော်ထည့်ချလိုက်သည်။ လိမ္မော်သီးက ရေထဲမြုပ်ကျမသွားဘဲ ရေပေါ်၌သာပေါ်နေ၏။ ကလေးများတွင်လည်း ထို့အတူပင်။ ထို့ကြောင့် ကျွန်တော်က မြုပ်ကျသွားစေရန် လက်ညှိုးဖြင့် အသာထိုးချခိုင်းလိုက်သည်။ သို့သော် လိမ္မော်သီးက ပြန်ပေါ်လာ၏။

"ဒီလိမ္မော်သီးက ရေထဲမြုပ်သလား ကလေးတို့"

"မမြုပ်ပါဘူးဆရာ"

ကျွန်တော့်မေးခွန်းဆုံးသည်နှင့် ကလေးများက သံပြိုင်ပြန်ဖြေကြသည်။

"ဟုတ်ပြီ။ အခု မင်းတို့ဖြေထားတဲ့ အဖြေကို သေသေချာချာမှတ်ထားကြနော်။နောက်တစ်မျိုး ထပ်လုပ်ကြည့်ရအောင်"

နောက်တစ်မျိုး လုပ်ကြမည်ဆိုသဖြင့် ကလေးများ အတော်စိတ်ဝင်စားလာကြသည်။ ခွက်ထဲမှလိမ္မော်သီးကို အပြင်သို့ ပြန်ယူထုတ်စေလိုက်သည်။ ထို့နောက် အခွံများကိုနွှာပစ်စေပြီး ခွက်ထဲသို့ ပြန်ထည့်စေလိုက်သည်။ ထိုအခါ၌မူ အခွံမပါသော လိမ္မော်သီးသည် ရေအောက်သို့ မြုပ်ကျသွားလေသည်။ "ဟာ" "ဟင်" "မိုက်တယ်ကွ" "တယ်ဟုတ်ပါလား" စသည့် စကားသံများကလည်း အုပ်စုတိုင်းလိုလိုကပင် ထွက်ပေါ်လာလေသည်။ကလေးများ အတော်အံ့ဩသွားကြဟန်တူ၏။အမှန်၌လည်း အံ့ဩစရာကောင်းလှသည်။လိမ္မော်သီးကို နှစ်ခြိုက်စွာစားတတ်သော ကျွန်တော်သည်ပင် နေ့လယ်က ACADEMIC WEEKLY Educational Journal ပါ တီချယ်ခင်၏ "ကစားရင်းနဲ့ သင်ကြမယ်" ဆောင်းပါးကို ဖတ်မိမှသာ သိရ၏။

"ကဲ ကလေးတို့ လိမ္မော်သီး ရေထဲမြုပ်လား။ မမြုပ်ဘူးလား"

"မြုပ်ပါတယ် ဆရာ"

"ဘာကြောင့်လို့ထင်လဲ"

"အခွံမရှိတော့လို့ပါ"

ကလေးများ၏ အဖြေစကားကြောင့် ကျွန်တော် ပြုံးလိုက်မိသည်။ ထို့နောက်

"ဟုတ်ပြီ။ အခုလုပ်လိုက်တဲ့ လိမ္မော်သီး စမ်းသပ်ချက်လေးကို ဆရာတို့ လက်တွေ့ဘဝနဲ့ ယှဉ်ကြည့်ရအောင်။ လူတစ်ယောက်ရဲ့ဘဝမှာ ဘယ်အရာက အရေးကြီးဆုံးလို့ မင်းတို့ထင်သလဲ"

အတွေးစုံသောကလေးများထံမှ ထွက်လာကြသော အဖြေများကလည်း စုံလင်လှပါသည်။ ထိုအထဲမှ ကလေးအများစု၏ အဖြေသည် အကျင့်စာရိတ္တဖြစ်၏။

"ဟုတ်တယ်ကွ။ လူတစ်ယောက်ရဲ့ဘဝမှာ အဓိကအရေးကြီးဆုံးက အကျင့်စာရိတ္တပဲ"

ကလေးများကိုပြောနေရင်းကပင် ရေထဲမှ လိမ္မော်သီးကို ကျွန်တော်ပြန်ယူတင်လိုက်သည်။

"အကျင့်စာရိတ္တမကောင်းတဲ့သူတွေဟာ လူ့လောကမှာ အသက်ရှင်နေလျက်နဲ့ သေနေရတတ်တယ်။ အဲဒီလူကို လူတွေက အပေါင်းအသင်း မလုပ်ချင်ကြတော့ဘူး။ပစ်ပယ်လိုက်ကြတယ်။ လူတစ်ယောက်ဟာ ဟောဒီက လိမ္မော်သီးတစ်လုံးသာဆိုရင် ဒီအခွံတွေက လူ့အသက်၊ လူ့ဘဝ၊ လူ့စာရိတ္တပဲ။ လိမ္မော်သီးဟာ အခွံမရှိတော့ရင် ရေထဲမြုပ်ကျသွားသလိုပဲ လူတစ်ယောက်ဟာ အကျင့်စာရိတ္တမကောင်းတော့ရင့် လောကအလယ်မှာ သေလူပဲ။ဘဝပျက်သွားတတ်တယ်"

လက်တစ်ဖက်တွင် လိမ္မော်သီးတစ်လုံး အခြားတစ်ဖက်ဖြင့်အခွံများကို ကိုင်ပြီး နှိုင်းယှဉ်ပြောပြရင်း ကလေးများ၏ အခြေအနေကို ကျွန်တော် အကဲခတ်ကြည့်လိုက်သည်။ တစ်အုပ်စုပြီး တစ်အုပ်စု၊ တစ်ယောက်ပြီး တစ်ယောက် ကလေးများက ကျွန်တော့်နှုတ်က နောက်ထွက်လာမည့်စကားလုံးများကို စိတ်ဝင်တစား ရှိနေကြသည်။

"ဒီမှာ ကလေးတို့ မင်းတို့ကျောင်းသားတွေဟာ တစ်ချိန်ချိန်မှာ လူကြီးဖြစ်လာမယ့်သူတွေ။ ခေါင်းဆောင်ဖြစ်လာမယ့်သူတွေပဲ။ ဒါကြောင့် ခုကတည်းက ကိုယ့်စာရိတ္တကို ကောင်းအောင်ထိန်းထားကြ။ ဒီလိုသာမဟုတ်ရင် ဟောဒီလိုပဲ အောက်ကိုရောက်ကြမယ်"

ပြောပြောဆိုဆိုနှင့် ကျွန်တော်က လက်ထဲ၌ ကိုင်ထားသည့် အခွံလွတ်လိမ္မော်သီးတစ်လုံးကို အုပ်စုတစ်ခု၏ ရေခွက်ထဲ ထည့်ချပြလိုက်သည်။ ကလေးများ၏ အကြည့်များကလည်း ရေအောက်သို့ မြုပ်ကျနေသည့် လိမ္မော်သီးဆီသို့ ရောက်သွားကြပြန်သည်။

"အေး ဟောဒီလိုဘဝမျိုးမရောက်ချင်ရင် ခုကတည်းက ကိုယ့်အခွံလေးတွေကိုကိုယ် သန့်စင်အောင်ထားကြပါ။ အရောင်အစွန်း မခံနဲ့။ လူဆိုတာ ကိုယ်လုပ်တဲ့အလုပ်တိုင်းအတွက် လိပ်ပြာသန့်နေရမယ်။ စာရိတ္တမကောင်းတဲ့သူဟာ ဘယ်တော့မှ လူဖြစ်ရကျိုးမနပ်ဘူး"

ကျွန်တော် လိုအပ်သည့်နေရာအထိ ကလေးများကို ဆွဲခေါ်သွားပြီးနောက်တွင် မနက်က ကျွန်တော့်ပိုက်ဆံအိတ်ပျောက်သွားကြောင်းနှင့် အကယ်၍ ယူမိခဲ့လျှင်လည်း ပြန်လာပေးဖို့ ကျွန်တော်ပြောလိုက်သည်။ ထို့နောက်တွင် နောက်တစ်ချိန်ကူးပြီမို့ နောက်ထပ် ဘာသာရပ်တစ်ခုကို ကျွန်တော် ပြောင်း၍ စာဆက်သင်နေလိုက်သည်။

စာသင်နေရင်းကပင် ကလေးများ၏ မျက်နှာကို မကြာမကြာ ကျွန်တော် အကဲခတ်ကြည့်မိသည်။ သို့သော် ကျွန်တော် မခန့်မှန်းတတ်။ ကျွန်တော့်တပည့်များအားလုံးသည် ကျွန်တော်မျက်လုံးထဲတွင် အပြစ်ကင်းစင်နေ၏။ အဖြူထည်သက်သက်ဖြစ်နေ၏။အစွန်းအထင်း တစ်ကွက်မှပင် ကျွန်တော်မမြင်ပေ။

( ၃ )

အခြားဆရာမတစ်ဦးဆီမှ ငွေခဏချေး၍ ကျွန်တော်မြို့ကို သွားလိုက်သည်။ လုပ်စရာရှိသည်များ၊ ဝယ်စရာရှိသည်များကို ဝယ်ရင်း မြို့ကအသိတစ်ယောက်အိမ်တွင် တစ်ညတည်း၍ တနင်္ဂနွေနေ့ညနေမှ ရွာသို့ပြန်လာလိုက်သည်။ မနက်ဖြန်ပင် ကျောင်းပြန်ဖွင့်ပေတော့မည်။ ယခုအထိ ကျွန်တော့်ပိုက်ဆံအိတ်က ပြန်မရသေးပေ။ ထို့ကြောင့် မနက်ဖြန်ကျောင်းတက်လျှင် "ဆရာ့ ပိုက်ဆံအိတ် ပြန်ရပြီ။ အဆောင်မှာကျန်ခဲ့တာ"ဟု ညာပြောရတော့မည်။ ထိုသို့မဟုတ်လျှင် ယုန်ထင်ကြောင်ထင်ဖြစ်ကာ ကျွန်တော့်ကလေးများ စိတ်ဝမ်းကွဲသွားနိုင်သည်။ ထိုသို့ ကျွန်တော်လုံးဝအဖြစ်မခံနိုင်ပါ။

ညနေစာကို ကျွန်တော် ဖြစ်သလိုပင် ချက်ပြုတ်စားလိုက်သည်။ သို့သော် ထမင်းသာ စားလိုက်ရသည်။ ကျွန်တော့်စိတ်က ပိုက်ဆံအိတ်ထံသို့သာ ပြေးပြေးသွားနေ၏။ ထိုအထဲတွင် ပိုက်ဆံအပြင် ဝန်ထမ်းကတ်နှင့် မှတ်ပုံတင်ကတ်လည်း ပါသွားသေး၏။

"ဆရာ. . . ဆရာ. . . "

အပြင်မှခေါ်သံကြောင့် ကျွန်တော် ထွက်ကြည့်တော့ ကျောင်းစောင့်ကြီး ဦးသာမောင်ဖြစ်နေ၏။ သူ၏လက်ထဲတွင်ကား ကျွန်တော့်ပိုက်ဆံအိတ်။ သူ၏နောက်တွင်ကား သူ၏သား ကျွန်တော်၏တပည့် မောင်လှမြင့်ပါလာ၏။

ဦးသာမောင်၏စကားများကို နားထောင်ရင်း ကျွန်တော့်မျက်ဝန်းတွင်း၌ ရေကြည်ကလေးများ စို့တက်လာကြသည်။ အဖေနှင့် ညီမလေးနေမကောင်းသည့်အတွက် စာအုပ်ထပ်ရင်း စားပွဲပေါ်မှယူသွားသည်တဲ့။ ကျွန်တော် စိတ်မဆိုး၊ ဒေါသမဖြစ်တော့ပါ။ ဒေါသမဖြစ်တော့ပါဟုဆိုသည်ထက် ဒေါသမဖြစ်ဝံ့ပါဟု ကျွန်တော်ဆိုချင်၏။ မိဘအပေါ် သိတတ်လိုက်သည့်ကလေး။ မိသားစုစိတ်နှင့် ဖြူစင်စွာမိုက်မိတဲ့အမှားပေမို့ အဖြူရောင်ဟုသာ ကျွန်တော်မြင်၏။ ကလေးကို ကျွန်တော်မဆူမရိုက်။ သို့သော် ထိုသို့ နောက်တစ်ခါမလုပ်မိစေရန်နှင့် ထိုသို့သာဆက်လုပ်ပါက အခွံကျွတ်နေသော လိမ္မော်သီးလိုပင်ဖြစ်လိမ့်မည်ဟု ကျွန်တော် ပြောလိုက်တော့ အဖေရောသားပါ မျက်ရည်ဖြိုင်ဖြိုင်ကျလာကြ၏။

အဆောင်ရှေ့မှ လှည့်ပြန်သွားသော ကျောပြင်နှစ်ခုကို ငေးကြည့်နေရင်း ကျွန်တော် ပြုံးလိုက်မိသည်။ ယခု ကျွန်တော့်လက်ထဲတွင် ပိုက်ဆံအိတ်ကလေးရှိနေလေပြီ။ ကျွန်တော့်ဥယျာဉ်တွင်လည်း အမှားကိုဝန်ခံရဲသော၊ ပြုပြင်ရဲသော၊ မိဘကိုသိတတ်သော ပန်းတစ်ပွင့်ရှိနေလေပြီ။

■■■

ဆောင်းပါး

# ကျေးဇူးတင်တတ်ပါစေ

နီဗာ(ကူကူး)

ဒီနေ့ Product သစ်မိတ်ဆက်ပွဲကပြန်လာတဲ့ ကျွန်တော့်အာရုံထဲ မိတ်ဆက်ပွဲမှာ နားထောင်ခဲ့ရတဲ့ ကျွန်တော်တို့ CEO ရဲ့ မိန့်ခွန်းစကားတွေက တသဲ့သဲ့ ပဲ့တင်ထပ်နေခဲ့တယ်။ အဲဒီမိတ်ဆက်ပွဲမှာ CEO ကပြောတယ် "ကျွန်တော် ဒီနေ့ ဒီနေရာကို ရောက်နေတယ်ဆိုတာ ကျွန်တော့်ဝန်ထမ်းအားလုံးရဲ့ ကြိုးစားအားထုတ်မှုမပါဘဲ မဖြစ်နိုင်ပါဘူး။ ပြီးတော့ နောက်ထပ်ကျေးဇူးတင်ရမှာကတော့ ကျွန်တော့်အမျိုးသမီးကိုပါ။ သူသာ ကျွန်တော်အိမ်မှာ မရှိတဲ့အချိန် အိမ်ထောင့်ရေးရာတွေကို မစီမံမကိုင်တွယ်ပေးခဲ့ရင် ကျွန်တော် ဒီအခြေအနေထိ ကြိုးစားနိုင်စရာမရှိပါဘူး။ နောက်ထပ် ကျေးဇူးတင်ရဦးမှာက ကျွန်တော့်သားသမီးတွေပါ။ သူတို့ကလည်း သူတို့ပညာရေး သူတို့လမ်းကြောင်းတွေကို သားသမီးပီပီသသ ကိုယ်စီတာဝန်ယူခဲ့ကြလို့ ကျွန်တော် နောက်ကြောင်းအေးအေးနဲ့ စီးပွားရေးကို တွန်းလုပ်နိုင်ခဲ့တာပါ။ ဒီလိုပဲ ကျွန်တော့်ဝန်ထမ်းတွေဖြစ်တဲ့ ခင်ဗျားတို့အားလုံးလည်း ခင်ဗျားတို့ မိသားစုတွေကို ကျေးဇူးတင်ကြပါ။ သူတို့သာ ခင်ဗျားတို့နောက်ကွယ်မှာ ကောင်းကောင်းမကိုင်တွယ်ပေးနိုင်ဘူးဆိုရင် ခင်ဗျားတို့ရဲ့အလုပ်အကိုင် အောင်မြင်ဖို့ရာတွေမှာလည်း ခင်ဗျားတို့ စိတ်ဖြောင့်နိုင်မှာ မဟုတ်ပါဘူး"တဲ့

CEO ရဲ့ မိန့်ခွန်းမှာ အခြားအကြောင်းအရာ ကိစ္စတွေလည်းပါပေမယ့် ကိုဟိန်းဆိုတဲ့ ကျွန်တော့်ရင်ထဲမှာတော့ အထက်က စကားစုလေးရဲ့ အနှစ်သာရတွေကိုပဲ တစိမ့်စိမ့်ပြန်လည်ခံစားနေမိတယ်။ ဘာကြောင့်ဆို ကျွန်တော့်ရဲ့ ဘဝမှာလည်း ဒီအနှစ်သာရကို ရရှိကြုံတွေ့နေရလို့ပါ။

"အဲဒီ CEO ပြောသွားတာတွေ ကျွန်တော် တအားသဘောကျတယ်ဗျာ"

ဘေးနားက အတူတူပါလာတဲ့ လုပ်ဖော်ကိုင်ဖက် လူငယ်လေးကပြောတော့ ကျွန်တော်နားထောင်ဖို့ အသင့်အနေအထားနဲ့ ကြည့်လိုက်တယ်။

သူကဆက်ပြောတယ်

"ကျွန်တော်တို့ မိသားစုတွေလည်း ဒီလိုပဲဗျ။ အဖေက အမေ့ကို အမြဲကျေးဇူးတင်စကားပြောတယ်။ အိမ်ကိစ္စတွေမလစ်ဟင်းအောင် စီမံပေးလို့တဲ့ အဖေက ကျွန်တော်တို့ကိုလည်း ကျေးဇူးတင်စကားပြောတာပဲ။ ငယ်ငယ်က လစဉ်ရီပို့ကတ်(ပညာရေးမှတ်တမ်းကတ်ပြား)တွေမှာ လက်မှတ်ထိုးရင် စာကြိုးစားပေးလို့ ကျေးဇူးတင်တယ်ဆိုတာချည်းပဲ။ တစ်ခုခုကို အောင်မြင်စေချင်တာမျိုးဆိုလည်းအောင်မြင်ရမယ်လို့ အမိန့်မပေးဘူး။ ဒါလေးတော့လုပ်ပေးကွာ အဖေတောင်းဆိုတယ်ဆိုတာမျိုးပဲပြောတာ။ အဲဒီတော့ ကျွန်တော် ဘဝမှာ အမိန့်နာခံရတယ်ဆိုတာ မရှိဘူး။ ဖိနှိပ်ခံရတယ်ဆိုတာမရှိဘူး စိတ်လွတ်လပ်ခဲ့တယ်။ အဲဒီလိုလွတ်လပ်တော့ပျော်တယ်။ ပျော်တော့ ပိုကြိုးစားဖြစ်တယ်။ ကိုယ့်သဘောနဲ့ကို အဖေအမေကို စိတ်ချမ်းသာစေချင်တယ်။ သူတို့တောင်းဆိုတာလေးကို ဖြည့်ဆည်းပေးချင်တယ်။ အဲဒီစိတ်နဲ့ ကြိုးစားခဲ့တာ။ ဒီအရွယ်မှာ အဖေက ဘာလုပ်ပါလို့ ချပြစရာမလိုတော့ဘူး။ ကျွန်တော့်လမ်းကြောင်းကို ကျွန်တော်ရွေးချယ်နိုင်နေပြီလေ။ အဲဒီအတွက် မိဘတွေကို ကျွန်တော် ကျေးဇူးတင်လိုက်တာဗျာ"တဲ့

သူ့စကားတစ်ခုလုံးက ကျွန်တော့်ရဲ့ အပြုံးတွေကို ခြွေယူသွားခဲ့သလိုပဲ။ ကျွန်တော် ပြုံးနေခဲ့တယ်။ ရင်ဘတ်ကြီးတစ်ခုလုံးနဲ့ လှိုက်လှိုက်လှဲလှဲကို ပြုံးနေခဲ့တာပါ။

တကယ်ဆို ကျွန်တော်ဟာ အိမ်ထောင်သည် တစ်ယောက်ပါ။ ကိုယ်တိုင်လည်း အဲဒီလို ဇနီးမယားမျိုးရထားတယ်ဆိုတာကို ကျွန်တော်ပြန်တွေးကြည့်နေမိတယ်။

**"အိမ်ထောင်ဦးစီးနဲ့ မိသားစုပဲဖြစ်ဖြစ်၊ မိဘနဲ့ သားသမီးပဲဖြစ်ဖြစ်၊ အိမ်ရှင်နဲ့ အိမ်အကူပဲဖြစ်ဖြစ်၊ သူဌေးနဲ့ ဝန်ထမ်းပဲဖြစ်ဖြစ် တကယ်တော့ တစ်ဦးကိုတစ်ဦးက ကျေးဇူးတင်တယ်ဆိုတာမှာ မေတ္တာစေတနာတွေပါတယ်၊ ကျေနပ်ကြည်နူးခြင်းတွေပါတယ်၊ နားလည်သိတတ်ခြင်းတွေလည်း ပါပါတယ်"**

ဇနီးဖြစ်သူနဲ့ မတွေ့ခင်အထိ ကျွန်တော်ဆိုတာ အမိန့်တွေနဲ့ ဖခင်ရဲ့ စနစ်ဘောင်ထဲ ကြီးပြင်းလာရသူတစ်ယောက် ဖြစ်ခဲ့တယ်။ အိမ်ထောင်ကျပြီးနောက်ပိုင်း-

ဇနီးဖြစ်သူကို သတိထားမိလာတယ်။

ဇနီးဖြစ်သူက သူ့အဖေ အမေတွေကိုလည်း ကျေးဇူးတင်တဲ့အကြောင်း တဖွဖွပြောလေ့ရှိတယ်။ ဖြစ်သလိုပြောတာ မဟုတ်ဘူးနော်။ စိတ်ထဲက နှစ်နှစ်ကာကာကို ပြောတာ။ နောက်ပြီး ကျွန်တော့်ကိုလည်း ပြောတယ်။ ကျွန်တော့်ကြောင့်မို့လို့ သူအိမ်မှာ အေးအေးဆေးဆေးနေပြီး ပိုက်ဆံရှာနိုင်တာဆိုတဲ့အကြောင်း၊ အိမ်မှာနေပြီး ဝါသနာပါရာကို လုပ်နိုင်တာဆိုတဲ့ကြောင်း ဇနီးက ပြောလေ့ရှိတယ်။

နောက် ဇနီးကိုဝိုင်းကူပေးတဲ့ အစ်မဖြစ်သူကို အစ်မရှိလို့ သူ သက်သက်သာသာနဲ့ ချက်ပြုတ်စီမံနိုင်တာ ဆိုတဲ့အကြောင်း သူပြောတယ်။ ဒါတင်မကသေး။ အစ်မရဲ့ မိဘတွေအထိ သူကကျေးဇူးတင်စကားပြောသေးတာ။ အစ်မရဲ့ မိဘတွေက အစ်မကို ကြည်ကြည်ဖြူဖြူ ခွင့်ပြုပေးလို့ဆိုပြီးတော့လေ။ အဲဒါ တင်လားဆိုတော့ မဟုတ်သေးပြန်ဘူး။

အိမ်မှာကူညီပေးဖို့ မွေးစားထားတဲ့ ညီမလေး။

အဲဒီကလေးမလေးကအစ ဇနီးဖြစ်သူက ကျေးဇူးတင်စကားဆိုတတ်သေးတာ။ ကလေးမလေးရှိလို့ သူဘယ်လောက်သက်သာကြောင်း၊ ဘယ်လောက် အဆင်ပြေကြောင်း ဇနီးက သတိရရင်ရသလို လူကိုယ်တိုင်လည်း နှုတ်မှထုတ်ပြီး ကျေးဇူးတင်တတ်တယ်။ လက်ကလည်း ကျေးဇူးတင်တဲ့အကြောင်း သက်သေပြတတ်တယ်။

သူ့ရဲ့ အဲဒီစကားကြောင့်ပဲထင်တယ်။ သူ့မိသားစု၊ သူ့ရဲ့ ကူဖော်လောင်ဖက်တွေက သူ့ကိုချစ်ခင်ကြတယ်။ သူ့အပေါ် စေတနာထားကြတယ်။

အမှန်ဆို များသောအားဖြင့်တော့ ကျေးဇူးတင်စကားဆိုတာ ကျွန်တော်တို့ ပြောဆိုနေကျ စကားပါ။ ဒါပေမဲ့ ပြန်စဉ်းစားကြည့်ပါ။

"ကျေးဇူးပါပဲ"လို့ပြောတဲ့အခါတိုင်း သင့်ရင်ထဲက တကယ်ပါရဲ့လား။

သင့်ရင်ထဲက ကျေးဇူးတင်မှုကို တစ်ဖက်သားက တကယ်ခံစားမိသွားရဲ့လား။

ဥပမာဆိုရရင် အိမ်ထောင်ဦးစီးအများစုက မိသားစုကို ကျေးဇူးတင်စရာမလိုဘူးလို့ ထင်လေ့ရှိတယ်။

မိဘတော်တော်များများကလည်း သားသမီးကို ကျေးဇူးတင်စရာမလိုဘူးလို့ ထင်လေ့ရှိတယ်။

အိမ်ရှင်တော်တော်များများကလည်း အိမ်အကူတွေကို ကျေးဇူးတင်စရာမလိုဘူးလို့ ထင်လေ့ရှိတယ်။

အဲဒီအယူအဆဟာ မှားပါတယ်။

တစ်ဦးရဲ့ အကူအညီကြောင့်ပဲဖြစ်ဖြစ်၊ တစ်ဦးရဲ့ လုပ်အားကြောင့်ပဲဖြစ်ဖြစ်၊ တစ်ဦးက အဆင်ပြေသွားတဲ့ကိစ္စမှာ သေးသည်ဖြစ်စေ၊ ကြီးသည်ဖြစ်စေ တစ်ဦးကိုတစ်ဦး ကျေးဇူးတင်ဖို့ ဝန်လေးနေရမှာ မဟုတ်ပါဘူး။

ငါ့အဖေပဲ ငါ့မိဘပဲ။

သူတို့က မိဘပဲလုပ်ပေးရမှာပေါ့ဆိုပြီး ဒီလိုတွေ မာနခံနေရမှာ မဟုတ်ပါဘူး။

အိမ်ထောင်ဦးစီးနဲ့ မိသားစုပဲဖြစ်ဖြစ်၊ မိဘနဲ့ သားသမီးပဲဖြစ်ဖြစ်၊ အိမ်ရှင်နဲ့ အိမ်အကူပဲဖြစ်ဖြစ်၊ သူဌေးနဲ့ ဝန်ထမ်းပဲဖြစ်ဖြစ် တကယ်တော့ တစ်ဦးကိုတစ်ဦးက ကျေးဇူးတင်တယ်ဆိုတာမှာ မေတ္တာစေတနာတွေပါတယ်၊ ကျေနပ်ကြည်နူးခြင်းတွေပါတယ်၊ နားလည်သိတတ်ခြင်းတွေလည်း ပါပါတယ်။

ဟုတ်ကဲ့

ကျွန်တော်တော့ အဲဒီလို ဇနီးအနားနေရင်းနဲ့ ကျွန်တော်လည်း တဖြည်းဖြည်း သင်ယူလာခဲ့တယ်။ အရှေ့မှာ ကိုယ်အဆင်ပြေစေဖို့ အနီးအနားမှာ၊ အနောက်မှာ ကူညီလုပ်ကိုင် ထောက်မပေးနေတဲ့သူတွေဟာ ဘယ်လောက်အရေးကြီးကြောင်း ကျွန်တော်နားလည်လာခဲ့တယ်။

ဒီလိုနဲ့ ကျွန်တော်လည်း ကျွန်တော့်အနားက လူတွေကို ပြောတတ်လာတယ်။

"ဒီနေရာမှာ ကျွန်တော်နဲ့အတူရှိနေပေးလို့ တကယ်ကျေးဇူးတင်တယ်" ဆိုတာကိုပါ။

လှိုက်လှိုက်လှဲလှဲ

ပြီးတော့

နှစ်နှစ်ကာကာနဲ့ပေါ့. . . ။

## ညီညွတ်ရေး

☆ သင်ပါခဲ့လျှင်၊ အလုပ်ခွင်မှာ
ပျော်ရွှင်ပြီးမြောက်၊ ခရီးပေါက်လည်း
တစ်ယောက်အစွမ်း၊ မမှတ်စမ်းနဲ့
သူထမ်းကိုယ်ထမ်း၊ သင်ဝင်ထမ်းကာ
အထမ်းညီညာ၊ လက်တွဲပါမှ
မှန်စွာအောင်ဆု၊ ရသည်ဟုသာ
တွေးရှုမှတ်ယူ သတိမူ။
☆ အလုပ်ကိုခင်၊ တိုးတက်ချင်က
သူပင်ငါပင်၊ ပြစ်မမြင်ဘဲ
တူယှဉ်လက်ကမ်း၊ တစ်စိတ်ဝမ်းဖြင့်
ခြေလှမ်းသုတ်သုတ်၊ ညီစွာလုပ်ဖို့
ကျွန်ုပ်နှင့်သင်၊ သူလည်းဝင်၍
အရင်စည်းလုံး၊ ဘယ်မမုန်းက
အရှုံးဘယ်မှာ မရှိရာ။
အရှုံးဖယ်ခွာ အောင်ဆုသာ။ ။

အောင်မြင့်(ချင်းတွင်း)

## မျိုးဆက်သစ်တို့ဝန်တာ

မျိုးဆက်သစ်မှာ
အားမာန်ပါ၏။
မျိုးဆက်သစ်မှာ
ဇွဲမာန်ပါ၏။
မျိုးဆက်သစ်မှာ
အနာဂတ်ပါ၏။
မျိုးဆက်သစ်မှာ
လုံ့လပါ၏။
မျိုးဆက်သစ်ဆောင်
လူ့ဘောင်တစ်ခွင်၊ ယှဉ်တွဲတည်သည်
ပီသရောင်နီ၊ ထွန်းပစည်၏။
ခေါင်းတညိတ်ညိတ်၊ တစိမ့်စိမ့်စမ်း
ဘယ်ကမ်းဘယ်ဝယ်၊ မသိပါဘဲ
ကံကိုလျှင်သာ၊ ရမယ်ရှာက
မျှော်မှန်းအိပ်မက်၊ ရရန်ခက်စွ
အနာဂတ်ကမ္ဘာ၊ အေးငြိမ်းသာကို
ကြုံလာခက်ခဲ၊ ရအောင်နွဲ၍
မခွဲမျိုးဆက်၊ ကမ္ဘည်းတည်
တို့များ ရေးထိုးရဦးမည်။ ။

ပိုင်(ဆေး-၁)

## ယုံကြည်ရာ

မလိမ္မာ တစ်ခါမိုက်ဆိုပဲ
မိုက်တွင်းနက်ဖို့ ငါကြိုးစားတိုင်း
တစ်သက်လုံးရိုးသားလာတဲ့
ငါ့ကိုယ်ကျင့်တရားက
လက်လာကုပ်တယ်။
မှားဖူးကြတာပဲ
ငါလဲမှားကြည့်ဦးမယ်လို့
မိုးခါးရေသောက်မလားလုပ်တော့
တစ်သက်လုံးဖြူစင်လာတဲ့နှလုံးသားက
တဒိန်းဒိန်းနဲ့ ငါ့ကိုအချက်ပြတယ်။
တော်ပါပြီကွာ
မိုက်လို့မှားလို့ ပျော်ရမယ့်အပျော်
ငါမခေါ်တော့ပါဘူး
သည်ဘဝသည်မျှ ဖြေကာထားလို့
သံသရာကောင်းဖို့ပဲ
ငါအားထုတ်တော့မယ်။ ။

ရဲရင့်သုတ

## ကောက်စိုက်တဲ့ပျို

မုတ်သုံမှန် တောင်လေညင်းတော့
လယ်ကွင်းထဲ ထဘီတိုတို
ကောက်စိုက်တဲ့ပျို။
လယ်ကြီးရှင် တေးကိုဆို
ရင်ဖိုလို့ အသည်းလှိုက်။
ပါးနှစ်ဖက်
ရွှံ့တစ်စက် ရောကာကူလို့
တို့တောသူ မိုးအသည်းမှာ
စို့ရွဲတုန်ခိုက်။ ။

ခက်ဆစ်ချို(ရန်ကုန်)

